**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

တစ်ခဲနက်ဖြစ်သော ကျောက်တောင်သည် အရပ်လေးမျက်နှာမှလာသောလေကြောင့် မတုန်မလှုပ်သကဲ့သို့ ပညာရှိတို့သည် ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းတို့ကြောင့် မတုန်လှုပ်ကုန်။

**ဓမ္မပဒ**

# မြဝတီ နေ့စဉ်

သတင်းထူး သတင်းဦး နေ့စဉ်ဖြန့်ချိ မြဝတီ

**ဒို့တာဝန်အရေးသုံးပါး**

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**ဒီမိုကရေစီဖော်ဆောင်ဖို့ နိုင်ငံသားတိုင်း မဲပေးစို့**

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၂၀၇)

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်
၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ ၁၁ ရက်၊ အင်္ဂါနေ့

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့ မဲ့ထော်သလေး KK Park နယ်မြေများတွင် online လိမ်လည်မှုများ၊ online လောင်းကစားမှုများနှင့် ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးအပ်လျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၁၀

မြန်မာနိုင်ငံအတွင်းသို့ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့ မဲ့ထော်သလေး KK Park နယ်မြေများတွင် online လိမ်လည်မှုများ၊ online လောင်းကစားမှုများနှင့် ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စစ်ဆေးဖော်ထုတ်ကာ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးအပ်လျက်ရှိသည်။

ယခုအခါ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အဟန့်အတားအနှောင့်အယှက်ဖြစ်စေသည့် တရားမဝင်လောင်းကစားမှုအပါအဝင် ဒုစရိုက်မှုမျိုးစုံပြုလုပ်နေကြသော ပြည်တွင်း၊ ပြည်ပ ဒုစရိုက်သမားများကို နိုင်ငံတော်အစိုးရနှင့်တပ်မတော်က စဉ်ဆက်မပြတ် ချေမှုန်းရှင်းလင်းလျက်ရှိသည့်အပြင် ယင်းတို့စုဖွဲ့နေထိုင်ခဲ့ကြသည့် KK Park အတွင်းရှိ အဆောက်အအုံများကို ဖျက်ဆီးရှင်းလင်းခြင်း **စာမျက်နှာ ၆ ကော်လံ ၁** ■



ထိန်းသိမ်းရေးစခန်းရှိ ပြည်ပနိုင်ငံသားများအား တာဝန်ရှိသူများက စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

## ရုရှားရေတပ် Pacific Fleet မှ စစ်ရေယာဉ် သုံးစင်း တတိယအကြိမ် မြန်မာ-ရုရှား နှစ်နိုင်ငံ ရေကြောင်းလုံခြုံရေးဆိုင်ရာလေ့ကျင့်ခန်း ဆောင်ရွက်ရန်နှင့် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရန်ကုန်မြို့သို့ရောက်ရှိ

စာ - ၁၅ သို့

## ပထမနှစ် နေ့သင်တန်းဝင်ခွင့်ရစာရင်းများ ထုတ်ပြန်မည်

**ပညာရေးဝန်ကြီးဌာန**

**အဆင့်မြင့်ပညာဦးစီးဌာန**

**ပထမနှစ် နေ့သင်တန်းဝင်ခွင့်ရစာရင်းများ ထုတ်ပြန်မည်**

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများအတွက် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပထမနှစ် နေ့သင်တန်းဝင်ခွင့်ရသူများစာရင်းကို (၁၃-၁၁-၂၀၂၅)ရက်တွင် သက်ဆိုင်ရာတက္ကသိုလ်နှင့်ဒီဂရီကောလိပ်အသီးသီးတွင် ကြေညာထားမည်ဖြစ်ပြီး ပညာရေးဝန်ကြီးဌာန website http://www.moe.gov.mm နှင့် အဆင့်မြင့်ပညာဦးစီးဌာန website http://www.dhe.gov.mm တို့တွင်လည်း ကြေညာထားမည်ဖြစ်ပါသည်။ **အဆင့်မြင့်ပညာဦးစီးဌာန**

**ဆောင်ပါး**

## နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့

စာ - ၃ သို့



## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ ၁၁ ရက်)

# လွတ်လပ်မျှတ၍ ဂုဏ်သိက္ခာရှိသောရွေးကောက်ပွဲ

မြန်မာနိုင်ငံသည် ပြည်သူများ၏လိုလားတောင့်တချက်အရ စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကိုကျင့်သုံးလျက်ရှိသည်။ ဒီမိုကရေစီစနစ်တွင် ရွေးကောက်ပွဲသည် သစ်ပင်တစ်ပင်၏ ရေသောက်မြစ်နှင့်ပမာတူသည်။ သစ်ပင်တစ်ပင်သည် ရေသောက်မြစ်ခိုင်မာမှသာ အပင်ကြီးထွားရှင်သန်မည်ဖြစ်သည်။ ရေသောက်မြစ်မခိုင်မာပါက အချိန်တိုအတွင်းယိုင်လဲပျက်စီးသွားမည်ဖြစ်သည်။ ထို့အတူပင် ကျင်းပသည့်ရွေးကောက်ပွဲသည်အခြေခံအုတ်မြစ်ခိုင်မာရမည်ဖြစ်သည်။ လွတ်လပ်၍တရားမျှတသော ဂုဏ်သိက္ခာရှိသည့် ရွေးကောက်ပွဲဖြစ်ရပေမည်။

လွတ်လပ်ပြီးတရားမျှတ၍ ဂုဏ်သိက္ခာရှိသော ရွေးကောက်ပွဲကျင်းပနိုင်ရေးဆိုသည်မှာ ရွေးကောက်ပွဲများကိုဥပဒေ၊ နည်းဥပဒေများနှင့်အညီ မှန်ကန်စွာဆောင်ရွက်ခြင်းနှင့်လွတ်လပ်၍တရားမျှတပြီးပွင့်လင်းမြင်သာသောရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များဖြစ်သည့် နိုင်ငံသားတိုင်းဥပဒေနှင့်အညီမဲပေးပိုင်ခွင့်ရှိစေရေး၊ မဲဆန္ဒရှင်စာရင်းမှန်ကန်ရေး၊ ပွင့်လင်းမြင်သာစွာမဲပေးရေး၊ မဲရေတွက်ခြင်းနှင့် ရလဒ်များထုတ်ပြန်နိုင်ရေး၊ လွတ်လပ်၍တရားမျှတသောမဲဆွယ်စည်းရုံးရေးနှင့် သာတူညီမျှအခွင့်အရေးများဆောင်ရွက်ခွင့်ရရှိရေး၊ လုံခြုံရေး၊ အကြမ်းဖက်မှုနှင့် ခြိမ်းခြောက်မှုများမရှိစေရေး၊ အငြင်းပွားမှုကိုဖြေရှင်းရေး၊ ရွေးကောက်ပွဲကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တို့က သမာသမတ်ကျအောင်ဆောင်ရွက်ရေးတို့ဖြစ်သည်။

၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင်စတင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက်မဲစာရင်းများပြုစုပြီး သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးများနှင့် ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများတွင် စက်တင်ဘာလ ၃၀ ရက်မှအောက်တိုဘာလ ၂၀ ရက်အထိ မဲစာရင်းများကပ်ထားပေးသည်။ မဲစာရင်းများကပ်ထားကြေညာစဉ် မဲဆန္ဒရှင်များက မဲစာရင်းလာရောက်ကြည့်ရှုမှသာ ပြည့်စုံမှန်ကန်သောမဲစာရင်းရရှိနိုင်မည်ဖြစ်သည်။ "နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီရွေးကောက်တင်မြှောက်ခွင့်နှင့်ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်"ဟု နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈(က)တွင်ပြဋ္ဌာန်းထားသည်။ ထို့ပြင် "ရွေးကောက်ပွဲစတင်ကျင်းပသည့်နေ့ရက်၌ အသက် ၁၈ နှစ်ပြည့်၍ ဥပဒေအရအရည်အချင်းပျက်ယွင်းသူမဟုတ်သည့်အပြင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသောနိုင်ငံသားနှင့် ဥပဒေအရဆန္ဒမဲပေးခွင့်ရှိသူတိုင်းသည် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်"ဟု နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၁(က) တွင် ပြဋ္ဌာန်းထားသည်။

ထို့ကြောင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၆ ပါ အရည်အချင်းများနှင့်ပြည့်စုံသူများကို အမျိုးသား၊ အမျိုးသမီးမရွေး၊ ဘာသာမရွေး၊ ရွေးကောက်ပွဲတွင် မဲပေးနိုင်ရန်ပြုစုထားရှိကာ ထုတ်ပြန်ကြေညာပေးခြင်းဖြစ်သည်။ မဲဆန္ဒရှင်များအနေဖြင့် မဲစာရင်းကိုလာရောက်ကြည့်ရှုပြီး မိမိအမည်မဲစာရင်းတွင်မပါဝင်ပါက ပုံစံ(၃)ဖြင့် မဲစာရင်းတွင်အမည်ထည့်ပေးရန်တောင်းဆိုခြင်း၊ မပါဝင်သင့်သူများပါဝင်နေပါက ပုံစံ(၄)ဖြင့်ကန့်ကွက်ခြင်း၊ မဲစာရင်းပါအချက်အလက်များမှားယွင်းနေပါက ပုံစံ(၄-က) ဖြင့်ပြင်ဆင်လွှာတင်သွင်းခြင်းတို့ကိုဆောင်ရွက်ကြရမည်ဖြစ်သည်။ ပြည့်စုံမှန်ကန်သောမဲစာရင်းရရှိရန်မှာ ပြည်သူများအနေဖြင့်အိမ်ထောင်စုတစ်စုလျှင် အနည်းဆုံးတစ်ဦး မပျက်မကွက်လာရောက်ကြည့်ရှုခြင်းဖြင့် ရွေးကောက်ပွဲအောင်မြင်ရေးကို ပူးပေါင်းကူညီဆောင်ရွက်ကြရမည်ဖြစ်သည်။

ပြည်သူများအနေဖြင့်ဆန္ဒမဲပေးရာတွင် တိုင်းရင်းသားမဲဆန္ဒနယ်များအပါအဝင် လွှတ်တော်အားလုံးတစ်နိုင်ငံလုံး၌ Myanmar Electronic Voting Machine (MEVM)မဲပေးစက်ဖြင့်မဲပေးနိုင်ရေးကိုစီစဉ်ဆောင်ရွက်ထားပြီးဖြစ်သည်။ မဲပေးစက်ကိုအသုံးပြု၍မဲပေးဆောင်ရွက်ခြင်းဖြင့် မဲဆန္ဒရှင်ပြည်သူများမဲပေးရာတွင် အခက်အခဲမရှိ လွယ်ကူလျင်မြန်ခြင်း၊ မဲရလဒ်များတိတိကျကျရရှိခြင်းနှင့် ပယ်မဲလုံးဝမရှိခြင်းတို့ကြောင့် မဲလက်မှတ်များရေတွက်ရာတွင်ဖြစ်ပွားခဲ့သည့် အငြင်းပွားမှုများမရှိတော့ခြင်း၊ မဲပေးရာတွင်မဲရုံဝန်ထမ်း၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၊ မဲရုံကိုယ်စားလှယ်များ၊ ရပ်မိရပ်ဖများရှေ့မှောက်တွင် ပွင့်လင်းမြင်သာဆန္ဒမဲပေးဆောင်ရွက်နိုင်ခြင်း အကျိုးကျေးဇူးများရှိမည်ဖြစ်သည်။

ထို့ပြင်မဲပေးစက်၏တိကျမှန်ကန်မှုနှင့် နည်းပညာအရ အာမခံမှုများရရှိနိုင်ရန် မဲဆန္ဒရှင်ပြည်သူများကို နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ မြို့နယ်များ၏ရပ်ကွက်၊ ကျေးရွာများသို့ လိုက်လံပြသစမ်းသပ်မဲပေးခြင်းများဆောင်ရွက်ခဲ့ပြီးဖြစ်သည်။ မဲပေးစက်မှာမြန်မာအင်ဂျင်နီယာပညာရှင်များက အစိုးရဝန်ကြီးဌာန၏စက်ရုံများ၌ထုတ်လုပ်ထားသဖြင့် နည်းပညာလုံခြုံစိတ်ချမှုအပြည့်အဝရှိသည်။ မည်သည့်ဆက်သွယ်ရေးကွန်ရက်များကိုမျှ ချိတ်ဆက်နိုင်ခြင်းမရှိသည့်အပြင် ဝိုင်ယာကြိုးများနှင့်ဆက်သွယ်ထားခြင်းမရှိသဖြင့် မဲရလဒ်များအပေါ် ပြင်ပမှနှောင့်ယှက်ဖျက်ဆီးခြင်း၊ ပြင်ဆင်ခြင်းမပြုနိုင်ဘဲ ဓာတ်ပုံကင်မရာ၊ Scanner များပါရှိခြင်းမရှိသဖြင့် မဲဆန္ဒရှင်များ၏ လျှို့ဝှက်မဲပေးခြင်းကိုအာမခံချက်အပြည့်ရှိသည်။

ထို့ပြင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပွင့်လင်းမြင်သာမှုနှင့်လွတ်လပ်၍တရားမျှတမှုရှိကြောင်းကို နိုင်ငံတကာနှင့်ပြည်တွင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့များမှလေ့လာစောင့်ကြည့်ကြမည်ဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲသည် လွတ်လပ်မျှတ၍ ဂုဏ်သိက္ခာရှိသောရွေးကောက်ပွဲဖြစ်ပေရာ ပြည်သူများအနေဖြင့် မိမိတို့နှစ်သက်ရာကိုယ်စားလှယ်ကို ရွေးချယ်မဲပေးကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

## ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

ရွေးကောက်ပွဲကျင်းပရန်

၄၇

ရက်

သာ လိုတော့သည်။

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

# မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ကော့ကရိတ် နိုဝင်ဘာ ၁၀

ကရင်ပြည်နယ် ကော့ကရိတ်မြို့ အမှတ်(၃)ရပ်ကွက် ပန်းခြံလမ်းရှိ မိုးလုံလေလုံအားကစားရုံ၌ ယာယီဖွင့်လှစ်ထားသည့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာလ ၉ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဦးကျော်ကျော်ဦးက ဒုတိယအကြိမ်မဲစာရင်းများကြေညာနိုင်ရေးအတွက်မြို့ပေါ်ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်/ကျေးရွာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများက မဲစာရင်းများစနစ်တကျတိုက်ဆိုင်စစ်ဆေးနိုင်ရေး ညှိနှိုင်းပေါင်းစပ်သွားရန် ပြောကြားသည်။

ဆက်လက်၍ မြို့နယ်ရွေးကောက်ပွဲအရာရှိ ဒေါ်ခိုင်မာဦးက မဲစာရင်းများပြည့်စုံမှန်ကန်စေရေး၊ မဲဆန္ဒရှင်ပြည်သူများ၏ အမည်စာရင်းများကျန်ရှိမှုမဖြစ်ပေါ်စေရေးအတွက် အလေးထားဆောင်ရွက်သွားရန်လိုကြောင်း ရှင်းလင်းပြောကြားရာ အစည်းအဝေးသို့ တက်ရောက်လာသည့် တာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဆွေးနွေးပြောကြားသည်။

အစည်းအဝေးသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ၊ မြို့နယ်ရွေးကောက်ပွဲအရာရှိ၊ ကော့ကရိတ်မြို့နှင့် ကျုံဒိုးမြို့မှ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်/ကျေးရွာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ တက်ရောက်ကြကြောင်း သိရသည်။ (၄၀၆)

## MWD Education, Knowledge & Sports Channel

၁၁-၁၁-၂၀၂၅(အင်္ဂါနေ့)

| | | | |
|---|---|---|---|
| ၁။ | ၀၇:၀၀ - ၀၈:၄၀ | Grade - 4 | မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ |
| ၂။ | ၀၈:၄၀ - ၁၆:၅၀ | Grade - 4 | သင်္ချာ၊ လူမှုရေး၊ သိပ္ပံ |
| ၃။ | ၁၆:၅၀ - ၁၇:၅၀ | Grade - 5 | မြန်မာစာ၊ အင်္ဂလိပ်စာ၊ |
| ၄။ | ၁၇:၅၀ - ၁၉:၁၅ | Grade - 5 | သင်္ချာ၊ လူမှုရေး၊ သိပ္ပံ |

## သဇင်(FM)အသံလွှင့်အစီအစဉ်

၁၁-၁၁-၂၀၂၅(အင်္ဂါနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၈:၀၀ | နှလုံးသားဝယ် ဘုရားတည် | ၄။ | ၁၆:၀၀ | တပ်မတော်စာတိုက်ခန်း |
| ၂။ | ၁၁:၅၀ | လှပကျန်းမာ | ၅။ | ၁၇:၀၀ | ထင်ရှားကျော်ကြားပုဂ္ဂိုလ်များ |
| ၃။ | ၁၄:၅၀ | Speech On Air | ၆။ | ၂၁:၂၀ | Memory Box |

မြဝတီ နေ့စဉ် The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့

အာကာမောင်မောင်

**❖ မည်သည့်နိုင်ငံတွင်မဆို တိုင်းပြည်ကိုအမှန်တကယ်ချစ်မြတ်နိုးသူတိုင်းသည် လူငယ်များပညာသင်ကြားနိုင်ရေးအတွက် ဘက်ပေါင်းစုံမှ အခွင့်အလမ်းရရန် ကြိုးစားလုပ်ဆောင်ကြ . . .**

**❖ ယနေ့ဖွံ့ဖြိုးတိုးတက်လျက်ရှိသောနိုင်ငံများသည် ပညာရေးဖွံ့ဖြိုးမှုမှပြောင်းလဲလာခြင်းဖြစ် . . .**

နိုင်ငံတော်အစိုးရအနေဖြင့် ပညာရေးကဏ္ဍမြင့်မားရေးကို အထူးအလေးအနက်ထားဆောင်ရွက်ပေးလျက်ရှိသည်။ စာသင်ကျောင်းများ ဥပဓိရုပ်ကောင်းမွန်ရေး၊ ဆရာ၊ ဆရာမများ အရည်အသွေးမြင့်မားရေးနှင့်အတူ သင်ကြားရေးနှင့်သင်ထောက်ကူပစ္စည်းများကိုလည်း ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိသည်။ ပညာရေးဝန်ကြီးဌာနအနေဖြင့် မူဝါဒများချမှတ်ပေးလျက်ရှိပြီး မူဝါဒများပေါက်မြောက်အောင်မြင်စေရန် ဆရာ၊ ဆရာမများက ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ မိဘများအနေဖြင့် မိမိတို့၏သားသမီးများ စာကြိုးစားကြရန် ဂရုစိုက်ကြပ်မတ်ဆောင်ရွက်ပေးကြရမည်ဖြစ်သည်။ မိဘဆရာနှင့် ကျောင်းသား၊ ကျောင်းသူများအားလုံး ပူးပေါင်းဆောင်ရွက်မှုရှိမှသာ ပညာတတ်လူသားအရင်းအမြစ်များ ပေါ်ကြွယ်လာမည်ဖြစ်သည်။

တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက်မြင့်မားရေးအတွက် သင်ကြားရေးပိုင်းနှင့်ပတ်သက်၍ ဆရာ၊ ဆရာမများတွင် တာဝန်ရှိသကဲ့သို့ ကျောင်းပြင်ပရောက်ရှိချိန်တွင် မိဘအုပ်ထိန်းသူများက ထိန်းကျောင်းပေးကြရမည်ဖြစ်သည်။ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် GRADE–9 အောင်မြင်ပြီးသည့်အခါတွင် GRADE– 12 သို့ ဆက်လက်မတက်ရောက်လိုပါက စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း ၈၉ ကျောင်းဖွင့်လှစ်ထားရှိပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုအင်ဂျင်နီယာပညာရပ်များသင်ကြားပေးလျက်ရှိသည်။ အဆိုပါကျောင်းများမှ အောင်မြင်ပြီးပါက အဆင့်မြင့်ဘာသာရပ်များ ဆက်လက်ဆည်းပူးသင်ကြားနိုင်ပေသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပညာရေးကိုအားပေးနေသည်မှာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ရည်မှန်းဆောင်ရွက်နေခြင်းဖြစ်သည်။ ထို့ကြောင့် "နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့" ဟူသောမူဝါဒကို ချမှတ်အကောင်အထည်ဖော်နေခြင်းဖြစ်သည်။ ပညာရေးကဏ္ဍကိုမြှင့်တင်ရန် KG မှ GRADE–12 အထိ အခမဲ့ပညာရေးစနစ်ဖြင့် ဆောင်ရွက်လျက်ရှိသည်။ ကျောင်းသား၊ ကျောင်းသူများ မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့်ဆင့်ပြီးမြောက်ပြီး တက္ကသိုလ်အဆင့်ပြီးမြောက်သည်အထိ တက်ရောက်ရေးသည် နိုင်ငံတော်၏မူဝါဒပင်ဖြစ်သည်။ မူဝါဒအောင်မြင်ရေးပြည်သူများက ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်သည်။

ပညာရေးသည် ဖွံ့ဖြိုးတိုးတက်မှုမှန်သမျှ၏ အဓိကအုတ်မြစ်ဖြစ်သည်။ အုတ်မြစ်ခိုင်မာတောင့်တင်းမှုရှိမှ ခိုင်ခံ့လှပသောအဆောက်အအုံတစ်ခုဖြစ်လာနိုင်သကဲ့သို့ ပညာရေးကောင်းမွန်မှသာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ပေမည်။ နိုင်ငံတော်အစိုးရအနေဖြင့် ကွန်ပျူတာနှင့်နည်းပညာများကို ပေါင်းစပ်သင်ကြားပေးသည့် Polytechnic University ရှစ်ခုကို ဖွင့်လှစ်ထားပြီးဖြစ်သည်။ ထို့အတူ ၂၀၂၅–၂၀၂၆ ပညာသင်နှစ်တွင် အခြေခံပညာနှင့်စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများကို ခရိုင် ၈၈ ခုတွင် ၈၉ ကျောင်းဖွင့်လှစ်ပေးပြီးဖြစ်သည်။

ပညာရေးကဏ္ဍတွင် ဆရာ၊ ဆရာမများ၏အခန်းကဏ္ဍသည် ရှေ့ဆောင်လမ်းပြဖြစ်သည်။ ဆရာ၊ ဆရာမ ဆိုသည်မှာ ပညာပေးဝေနေသူဖြစ်သလို ပညာရှာမှီးနေသူလည်းဖြစ်သည်။ တပည့်များ၏ အကျိုးကို အစဉ်ရှေးရှုပြီး ကောင်းမွန်ရာလမ်းညွှန်သွန်သင်ပြသပေးနိုင်သည့် ဆရာကောင်းများဖြစ်ရပေမည်။ အရည်အချင်းပြည့်ဝသည့် ဆရာ၊ ဆရာမများကသာ အရည်အသွေး၊ အရည်အချင်းပြည့်ဝသည့် လူသားအရင်းအမြစ်များကို မွေးထုတ်ပေးနိုင်မည်ဖြစ်သည်။ ကျောင်းသား၊ ကျောင်းသူဆိုသည်မှာ နောင်တစ်ခေတ်တွင် နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ကြမည့်သူများဖြစ်သည်။ ထိုကျောင်းသား၊ ကျောင်းသူများငယ်ရွယ်စဉ်ကတည်းကပင် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် ရှိနေကြရပေမည်။ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်လျက် ပြည်ထောင်စုစိတ်ဓာတ်ထာဝစဉ်ကိန်းအောင်းရှင်သန်နေစေရေး၊ ဗဟုသုတ၊ အတွေးအခေါ်၊ အမြော်အမြင်များ မှန်ကန်မြင့်မားစေရေး၊ အမှားနှင့်အမှန်ကို ဝေဖန်ပိုင်းခြားမှုရှိစေရေး၊ စိတ်ဓာတ်ကြံ့ခိုင်ကောင်းမွန်စေရေး၊ ဗလငါးတန်နှင့်ပြည့်စုံသည့် ထူးချွန်ထက်မြက်သူများဖြစ်အောင် လေ့ကျင့်ပြုစုပျိုးထောင်ကြရမည်ဖြစ်သည်။

ပညာရေးသည်မြန်မာ့လူ့စွမ်းအားအရင်းအမြစ်၏ အခြေခံအုတ်မြစ်ဖြစ်သည်။ ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းတွင် နိုင်ငံသားတို့၏ စာတတ်မြောက်မှု၊ ကျောင်းတက်ရောက်နိုင်မှုတို့တွင်သိသာထင်ရှားသော တိုးတက်မှုကိုတွေ့မြင်ရပြီး **ဒေသအလိုက်၊ မြို့ပြ/ကျေးလက်အလိုက်၊ ကျား/မအလိုက် ကွာခြားချက်**များကိုလည်း ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အသက် ၁၅ နှစ်နှင့်အထက် လူဦးရေ၏စာတတ်မြောက်မှုနှင့်တွက်ချက်နိုင်မှုအနေဖြင့် ပြည်ထောင်စုအဆင့် **စာတတ်မြောက်မှုနှုန်း ၉၂ ဒသမ ၁ ရာခိုင်နှုန်း**ရှိ၍ **တွက်ချက်နိုင်မှုနှုန်း ၉၂ ဒသမ ၃ ရာခိုင်နှုန်း**ရှိပြီး မြို့ပြစာတတ်မြောက်မှုနှုန်းမှာ ၉၅ ဒသမ ဝ ရာခိုင်နှုန်းရှိ၍ ကျေးလက်စာတတ်မြောက်မှုနှုန်း ၉၀ ဒသမ ၁ ရာခိုင်နှုန်းရှိကာ **စာတတ်မြောက်မှုနှုန်း အမြင့်ဆုံးဒေသများ**မှာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့်ဧရာဝတီတိုင်းဒေသကြီးတို့ဖြစ်ပြီး ၉၄ ရာခိုင်နှုန်းအထက်ရှိသည်။ **စာတတ်မြောက်မှုနှုန်း အနိမ့်ဆုံးဒေသများ**မှာ ရခိုင်ပြည်နယ် ၇၁ ဒသမ ဝ ရာခိုင်နှုန်း၊ ရှမ်းပြည်နယ် ၇၃ ဒသမ ၂ ရာခိုင်နှုန်းနှင့် ကရင်ပြည်နယ် ၇၈ ဒသမ ၁ ရာခိုင်နှုန်းတို့ဖြစ်သည်။ အမျိုးသားများ၏ စာတတ်မြောက်မှုနှုန်းသည် ၉၃ ဒသမ ၅ ရာခိုင်နှုန်းရှိပြီး အမျိုးသမီးသည် ၉၀ ဒသမ ၉ ရာခိုင်နှုန်းဖြစ်၍ **အမျိုးသားများ၏စာတတ်မြောက်နှုန်းက အနည်းငယ်ပို၍ မြင့်မား**နေသည်ကိုတွေ့ရှိရသည်။

မြန်မာနိုင်ငံ၏ ပညာရေးဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံတော်ကပံ့ပိုးမှုများ၊ ပြောင်းလဲမှုများဆောင်ရွက်ပေးနေသကဲ့သို့ ပြည်သူလူထုကလည်း ဝိုင်းဝန်းဆောင်ရွက်ရန်လိုအပ်သည်။ ယနေ့နိုင်ငံတော်အကြီးအကဲသည် နိုင်ငံတော်ကို ဘက်စုံထောင့်စုံကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်ရေးအလေးထားလုပ်ဆောင်လျက်ရှိရာတွင် ပညာရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍကို အထူးအလေးထားလမ်းညွှန်ဆောင်ရွက်ပေးလျက်ရှိသည်။ လွန်ခဲ့သည့်နှစ်အနည်းငယ်က မြန်မာနိုင်ငံတွင် ကိုဗစ်–၁၉ ရောဂါဖြစ်ပွားနေချိန်တွင်ပင် ကျောင်းများကိုတစ်ဆင့်ပြီးတစ်ဆင့် ဖွင့်လှစ်ပေးပြီး ကျောင်းသား၊ ကျောင်းသူများ၏ပညာရေး မနှောင့်နှေးအောင် ဆောင်ရွက်ပေးခဲ့သည်။ ထို့ကြောင့်လည်း ကျောင်းသား၊ ကျောင်းသူများပျော်ရွှင်စွာ ကျောင်းတက်နိုင်ခဲ့ကြသည်။ မိဘများလည်း စိတ်ချမ်းသာပျော်ရွှင်သွားကြသည်။

မြန်မာနိုင်ငံတွင် အဲ့ဩဖွယ်ကောင်းသည်မှာ နိုင်ငံတော်ပျက်ပြားအောင်သွေးထိုးလှုံ့ဆော်သည့် အဖျက်သမားတို့သည် ကျောင်းသား၊ ကျောင်းသူများ ကျောင်းမတက်ရေး၊ တက္ကသိုလ်ဝင်ခွင့်စာမေးပွဲဝင်ရောက်မဖြေဆိုရေးအတွက် လှုံ့ဆော်ခဲ့သည်မှာ ဝမ်းနည်းဖွယ်ကောင်းလှသည်။ နိုင်ငံနှင့်လူမျိုးတိုးတက်ရေးကိုနှောင့်ယှက်နေသူတို့မှာ နောက်ဆုံးတွင် ကျဆုံးသည့်လမ်းသို့ရောက်သွားမြဲဖြစ်သည်။ အမှန်တကယ်ဆိုရသော် ပညာရေးနှင့်ကျန်းမာရေးကို နိုင်ငံရေးနှင့်ရောယှက်မပြုသင့်ပါ။ မည်သည့်အစိုးရအုပ်ချုပ်သည်ဖြစ်စေ လူငယ်များပညာသင်ကြားနေကြရမည်။ မည်သည့်နိုင်ငံတွင်မဆို တိုင်းပြည်ကိုအမှန်တကယ်ချစ်မြတ်နိုးသူတိုင်းသည် လူငယ်များပညာသင်ကြားနိုင်ရေးအတွက် ဘက်ပေါင်းစုံမှ အခွင့်အလမ်းရရန်ကြိုးစားလုပ်ဆောင်ကြသည်။

ယနေ့ဖွံ့ဖြိုးတိုးတက်လျက်ရှိသောနိုင်ငံများသည် ပညာရေးဖွံ့ဖြိုးမှုမှ ပြောင်းလဲလာခြင်းဖြစ်သည်။ ပညာရေးဖွံ့ဖြိုးတိုးတက်မှုမရှိဘဲ ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံဟူ၍မရှိနိုင်ပေ။ ပညာရေးသည် အသိဉာဏ်ရှိသော လူသားအားလုံးအတွက် အလွန်အရေးကြီးသောအခန်းကဏ္ဍဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့ဟူသည့် မူဝါဒနှင့်အညီ ချမှတ်ကျင့်သုံးလျက်ရှိသည်။ တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရပ်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

လူငယ်များအနေဖြင့် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ အဓိကစွမ်းအားစုအဖြစ်ပါဝင်ကြရမည်ဖြစ်၍ လူငယ်တိုင်း ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသည်။ အမျိုးသားစည်းကမ်းအစစာသင်ကျောင်းက ဆိုသည့်အတိုင်း ဆရာ၊ ဆရာမများအနေဖြင့် မိမိတို့၏ တပည့်ကျောင်းသား၊ ကျောင်းသူများကို စိတ်ဓာတ်နှင့် စည်းကမ်းကောင်းသော ပညာတတ်များဖြစ်စေရန် လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိသည်။ ထိုသို့ လေ့ကျင့်ပြုပြင်ပေးလျက်ရှိသော်လည်း လိုက်နာမှု ကြိုးစားမှုနည်းပါးသောကလေးများရှိနေသေးသည်ဟု ဆိုနိုင်သည်၊ ထိုကလေးများကိုလည်း မိဘများအနေဖြင့် လျစ်လျူရှုမထားဘဲ မကောင်းမြစ်တား၊ ကောင်းရာညွှန်လတ်ဝတ္တရားနှင့်အညီ ပြုပြင်ပေးကြရမည်ဖြစ်သည်။ လူငယ်များ အရည်အသွေးပြည့်ဝရန်၊ အကျင့်စာရိတ္တကောင်းမွန်ရန်မှာ မိဘနှင့်ဆရာများ ဘက်စုံညီဆောင်ရွက်နိုင်ခြင်းမှာ အကောင်းဆုံးဖြစ်သည်။

၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းထုတ်ပြန်ချက်အရ ကျောင်းဆက်မနေရသည့် အဓိကအကြောင်းရင်းမှာ **မိသားစုတာဝန်များ/အိမ်အလုပ်များ ကူညီနေရခြင်း**ကြောင့် ကျောင်းဆက်မနေရသူ ၂၇ ဒသမ ၁ ရာခိုင်နှုန်းရှိသည်။ **ငွေကြေးမတတ်နိုင်သောကြောင့် ကျောင်းဆက်မနေရသူ** ၂၀ ဒသမ ၆ ရာခိုင်နှုန်းရှိ၍ **အလုပ်လုပ်ကိုင်ရန်အတွက် ကျောင်းထွက်ရသူ**မှာ ၂၅ ဒသမ ၂ ရာခိုင်နှုန်း(စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၂ ဒသမ ၁ ရာခိုင်နှုန်းနှင့် စိုက်ပျိုးရေးနှင့်မဆိုင်သောလုပ်ငန်းလုပ်ကိုင်သူ ၁၃ ဒသမ ၁ ရာခိုင်နှုန်း) ရှိသည်။ မကျန်းမာခြင်း၊ စာသင်ရန် စိတ်မဝင်စားခြင်း၊ အိမ်ထောင်ကျခြင်း၊ ကိုယ်ဝန်ဆောင်ခြင်း၊ လမ်းခရီးမလုံခြုံခြင်း စသည့်အကြောင်းရင်းများကြောင့် ကျောင်းဆက်မတက်နိုင်ခြင်းမှာ ၁၀ ရာခိုင်နှုန်းအောက်သာရှိကြောင်း လေ့လာတွေ့ရှိရသည်။

စာသင်ကျောင်းဆိုသည်မှာ စာပေသင်ကြားပေးသည့်နေရာသက်သက်သာမဟုတ်ဘဲ ပညာရေး၏အနှစ်သာရဖြစ်သည့် အသိဉာဏ်ပညာဆိုင်ရာဗဟုသုတများပေးအပ်ခြင်းအပြင် စဉ်းစားတွေးခေါ်နိုင်စွမ်း၊ အမှားအမှန်ခွဲခြားသုံးသပ်နိုင်စွမ်းနှင့် နိုင်ငံသားကျင့်ဝတ်၊ လူမှုကျင့်ဝတ်များကို သင်ကြားပေးနေသည့်နေရာမျိုးဖြစ်နေရပေမည်။ ကျောင်းသား၊ ကျောင်းသူများအား ကျောင်းစည်းကမ်းလိုက်နာခြင်းမှအစပြုပြီး ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများကို လေးစားလိုက်နာတတ်သည့် နိုင်ငံကြီးသားအလေ့အကျင့်ကောင်းများ ကိန်းဝပ်လာစေရန် လေ့ကျင့်ပျိုးထောင်ပေးကြရမည်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် အောက်တိုဘာလ ၂၁ ရက်က ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ငါးနှစ်သင်တန်းအမှတ်စဉ်(၇)မှကျောင်းသား၊ ကျောင်းသူများနှင့် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၁) (MICC–1)၌ တွေ့ဆုံအမှာစကားပြောကြားစဉ် " **မိမိတို့တပည့်သားသမီးများကို ကာယ၊ ဉာဏ၊ စာရိတ္တ၊ ဘောဂ၊ မိတ္တဆိုသည့် ဗလငါးတန်နှင့်ပြည့်ဝသည့် ပညာတတ်လူငယ်များဖြစ်လာအောင် ပြုစုပျိုးထောင်ပြီး အနာဂတ်နိုင်ငံတော်အတွက်အားထားရသည့်လူတော်လူကောင်းများဖြစ်လာအောင်လေ့ကျင့်ပျိုးထောင်ပေးကြရန်၊ အနာဂတ်နိုင်ငံတော်ကိုပုံဖော်ကြမည့် မျိုးဆက်သစ်ကျောင်းသား၊ ကျောင်းသူလူငယ်များကို နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များရှိလာအောင်၊ ယုံကြည်ချက်၊ ခံယူချက်ကောင်းသူများဖြစ်လာအောင် ပြုစုပျိုးထောင်လေ့ကျင့်ပေးကြရန်၊ မိမိတို့နိုင်ငံအတွက် လိုအပ်နေသည့် တည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရနှင့် အတူပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန်"** ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်မှု၏အခြေခံအုတ်မြစ်သည် ပညာတတ်အရင်းအမြစ်များပေါ်များခြင်းပင်ဖြစ်သည်။ နိုင်ငံတော်အနေဖြင့် အသိပညာ၊ အတတ်ပညာပြည့်စုံသည့်ပညာတတ်များဖြင့် သာယာဝပြောသည့် အနာဂတ်နိုင်ငံတော်ကြီးကိုတည်ဆောက်ရန် ဦးတည်ဆောင်ရွက်လျက်ရှိပြီး အရည်အသွေးပြည့်ဝသည့် ဘက်စုံပညာရေးစနစ်တိုးတက်ဖြစ်ပေါ်လာရေးကိုလည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့် သက်ဆိုင်သူ ဆရာ၊ ဆရာမများ၊ မိဘအုပ်ထိန်းသူများနှင့် ကျောင်းသား၊ ကျောင်းသူများကလည်း မိမိကိုယ်ကိုချစ်စိတ်၊ မိမိနိုင်ငံတော်ကိုချစ်သည့်စိတ်ဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ပါသည်။ ။

# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

ညီ။ "ဘယ်လိုလဲ ဘရားသား"

နုပ်။ "ဟိုတုန်းက ကျွန်တော်တို့ မြန်မာပြည်ကို ပြင်သစ်က လိုချင်တယ်၊ အင်္ဂလိပ်က လိုချင်တယ်၊ ချောင်းနေခဲ့ကြတယ်။ နောက်ဆုံးကျတော့ အင်္ဂလိပ်က ဦးအောင်ဝင်လုယူလိုက်တာ ပြီးသွားတာပဲ။ ဒီခေတ်က ဒီလိုမဟုတ်ဘူးဗျ။ တပည့်လုရတာက ဒီထက်ရန်များတယ်။ ထောက်ပံ့တယ်ဆိုပြီး ငွေသွန်ပေးရတာက ကိစ္စမရှိဘူး။ တစ်ဖက်ကိုတစ်ဖက် သံကွန်ချာတဲ့၊ ဝါးကွန်ချာတဲ့၊ ဘုရားမရှိ တရားမရှိတဲ့၊ စစ်ဘီလူးတဲ့၊ နယ်ချဲ့တဲ့၊ သွေးစုတ်ကောင်တဲ့ ပြောလိုက်ကြ၊ ရေးလိုက်ကြ၊ ကိုယ့်ဟာကိုယ်ယုံ၊ ကိုယ့်လူကိုယ်သိမ်းသွင်း၊ ဒီလိုနဲ့တစ်ဖက်နဲ့တစ်ဖက် အာဃာတတွေပွားပြီး ဒေါသမီးတွေ တောက်လောင်နေကြတယ် မဟုတ်ဘူးလား"

ညီ။ "ကျွန်တော်တို့ဘက်က ပြောတာတွေ မမှန်ဘူးလား၊ မယုံဘူးလား ခင်ဗျာ"

နုပ်။ "ဘယ်ဘက်ကပြောတာကိုမှ ကျွန်တော်အားလုံး မယုံဘူးဗျ။ မဟုတ်တာရော၊ ဟုတ်တာရော တစ်ဆိတ်ကို တစ်အိတ်လုပ်၊ တစ်ဖက်သားကို ရွံ့အောင်၊ မုန်းအောင်၊ စက်ဆုပ်အောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ပုတ်ခတ်နေကြတာကို ကျွန်တော်တွေ့ရတယ်။ လုပ်ချင်ကြလျှင် ကိုယ့်ဝါဒ ကိုယ့်တိုင်းပြည် ကောင်းကြောင်းကို သဘောရှိပြောကြပါ။ တစ်ဖက်ကို လူပွေ၊ လူညစ်၊ လူယုတ်မာလို့တော့ မပုတ်ခတ်ကြရင် ကောင်းတယ်ဗျ။ တပည့်နောက်လိုက်များ ပါမှ ဗိုလ်လုပ်နိုင်တယ်ဆိုရင် ဗိုလ်လုပ်ရမှ ကျေနပ်နိုင်မယ်ဆိုရင် ကြားတိုင်းပြည်တွေကို ကူညီကြ၊ ထောက်ပံ့ကြ၊ ပေးကြ ကမ်းကြ၊ ချော့ကြ မော့ကြ၊ ပြောဟောကြ။ တစ်ဖက်သားကို ရွံ့နဲ့ပက်ခြင်းမျိုးကိုတော့ ရှောင်ကြဉ်ဖို့ နားလည်ထိုက်ကြတယ်ဗျာ။ နာပေ့ဆိုတဲ့ စကားလုံးတွေ ရေးကြ၊ ပြောကြပြီး တစ်ဖက်သား ဒေါသထွက်အောင်လုပ်ခြင်းမျိုးကတော့ အကျိုးမရှိတဲ့အပြင် အကျိုးယုတ်ဖို့ချည်း ကျွန်တော် မြင်တယ်ဗျာ။ ချစ်အောင်မလုပ်ချင်ရင်၊ မလုပ်တတ်ရင် နေကြ။ တိုးပြီးမုန်းအောင်တော့ လုပ်ကြလို့ မတော်ဘူးဗျာ။ ဒါကြောင့် ကိုယ့်တိုင်းပြည်နဲ့ ကိုယ့်လူမျိုးကို တိုးတက်အောင်၊ ကြီးပွားအောင်လုပ်ကြပါ။ ဗိုလ်လုပ်ချင်တဲ့စိတ်မျိုးဟာ သူရော ငါပါ အန္တရာယ်များတတ်တယ်ဆိုတဲ့အကြောင်းလောက်ကိုတော့ သဘောပေါက်ကြဖို့ ကောင်းတယ်။ သဘောမပေါက်သေးရင် မပေါက်မချင်း ကြပ်ကြပ်ကြီးစဉ်းစားကြဖို့ ကောင်းတယ်ဗျာ"

ညီ။ "ဒီလိုဆိုရင် မလွတ်လပ်သေးတဲ့ တိုင်းပြည်တွေဟာ ဒီအတိုင်းနေရတော့မှာလားခင်ဗျာ"



နုပ်။ "ဒီကိစ္စကို ကျွန်တော် အကြိမ်ကြိမ်စဉ်းစားမိပါတယ်။ ဒီခေတ်ဟာ လွတ်လပ်ရေးခေတ်ပါဗျ။ ခင်ဗျားတို့နဲ့ အမေရိကန်မုန်းတီးရေးလျှော့တဲ့ အချိန်မှာ ကမ္ဘာ့တိုင်းပြည်တွေ အားလုံးလွတ်ရမှာပါ"

ညီ။ "ဘယ်လို သက်ဆိုင်လို့လဲ ဘရားသား"

နုပ်။ "အမေရိကန် ကိုယ်၌ကလည်း တစ်ပြည်က တစ်ပြည်ကို အုပ်ချုပ်တာ ဝမ်းထဲက မလိုလားပါဘူး။ ခင်ဗျားတို့ကြောင့် ကတ်ဖဲ့လုပ်နေခြင်း ဖြစ်ပါတယ်"

ညီ။ "မရှင်းလင်းသေးပါဘူး ဘရားသား"

နုပ်။ "ကျွန်တော် ရှင်းပြပါမယ်။ နောက်လိုက်စုပြီး ဗိုလ်လုကြတဲ့ခေတ်လို့ ကျွန်တော်ပြောခဲ့တယ် မဟုတ်လား"

ညီ။ "ဟုတ်ကဲ့ခင်ဗျာ"

နုပ်။ "ခင်ဗျားတို့က မလွတ်လပ်သေးတဲ့ တိုင်းပြည်လေးတွေဘက်ကလိုက်ပြီး ပြောတယ်၊ ဆိုတယ်၊ ထောက်ခံတယ် မဟုတ်လား"

ညီ။ "ဟုတ်ပါတယ်။ ဒီဟာ လမ်းမှန်တာပေါ့ခင်ဗျာ"

နုပ်။ "တချို့နေရာတွေမှာ လမ်းမှန်ခြင်း၊ မှားခြင်းထက် လူစုဖို့က အရေးကြီးနေကြတဲ့ခေတ်ဗျ။ ခင်ဗျားတို့က လက်အောက်ခံ တိုင်းပြည်တွေဘက်က လိုက်ပြောပြီး နောက်လိုက်စုတယ်လို့ အမေရိကန်က မြင်လေတော့ သူတို့က အုပ်ချုပ်တဲ့တိုင်းပြည်တွေဘက်ကလိုက်ပြီး လူစုတာပဲ။ တစ်ကြောင်းကလည်း ခင်ဗျားတို့က ဖြူရင် သူကမည်းမယ်ဆိုတဲ့ အာဃာတသဘောကလည်း အမြဲရှိနေတယ်။ ဒီကိစ္စမှာ ခင်ဗျားတို့ဘက်က တရားနည်းလမ်းကျတာ အမှန်ပဲ။ တရားနည်းလမ်းကျတဲ့အတိုင်း အမေရိကန်ကို ခင်ဗျားတို့က နစ်နာအောင်၊ ရှက်အောင် ဖိပြောတော့ လူ့သဘာဝအတိုင်း တစ်ဖက်က အရွဲ့တိုက်ပြီး ဇွတ်လုပ်ချင်တတ်တာပဲ။ ဂိုဝါးနဲ့ အိန္ဒိယကိစ္စမှာ အင်မတန်ထင်ထင်ရှားရှား မတရားပြီး ခွန်အားချင်းမတူတာတောင် ပေါ်တူဂီက ဘယ်လောက်ကြာကြာကြီး တွယ်ကပ်နေနိုင်သလဲဗျာ။ ဒီဟာ အမေရိကန်တို့ အနောက်အုပ်စုတွေက မျက်နှာသာပေးထားခဲ့လို့ပေါ့ဗျ။ ခုတစ်ဖန် အင်ဒိုနီးရှားနဲ့ ဟော်လန်တို့ကိစ္စပေါ်လာပြန်ပြီ။ ဒီဟာလည်း တစ်ဖက်က ဟော်လန်ကို မျက်စပစ်ပြီး အားပေးထားလို့ပဲဗျ။ ခုနကပြောခဲ့တဲ့အတိုင်း တရားနည်းလမ်းကျ၊ မကျထက် နောက်လိုက်ငယ်သားစုဖို့နဲ့ ခင်ဗျားတို့ကို ကဏ္ဍကောစလုပ်ဖို့က အရေးကြီးနေတဲ့ခေတ်ဗျ။ အမေရိကန်ဦးစီးတဲ့ အနောက်အုပ်စုကသာ မျက်နှာလွှဲထားလိုက်လျှင် အနောက်ဂီနီတို့၊ အာဖရိကတိုက်ထဲက တိုင်းပြည်လေးတွေက သူတို့အလိုအလျောက် ရှောရှောရှူရှူဖြစ်ကုန်ကျမှာပဲ"

ညီ။ ။ ဘယ်လိုမှ သူတို့က မျက်နှာလွှဲမှာလဲ ဘရားသား"

နုပ်။ "ခင်ဗျားတို့နဲ့ အမေရိကန် အာဃာတလျော့ပါးအောင် ကြိုးစားတဲ့အချိန်မှာ ဒီကိစ္စတွေအများကြီး ရှင်းသွားမယ်ပေါ့ဗျာ"

ညီ။ "သူတို့နဲ့ ကျွန်တော်တို့ ဘယ်ဘက်က အာဃာတပိုသလဲ ခင်ဗျာ"

နုပ်။ "သူတို့ဘက်က ၂၄ နာရီအဆက်မပြတ်ကောင်းကင်တက်စောင့်နေရခြင်းကို ထောက်ခြင်းအားဖြင့် သူတို့ဘက်က ပိုပြီးကြောက်နေတယ်။ အစိုးရိမ်ကြီးနေတယ်။ မသင်္ကာမှု အားကြီးနေတယ်။ ဒါကြောင့် ပိုပြီး အာဃာတများနေတယ်လို့ဆိုရမယ်"

ညီ။ "ဒါဖြင့် ဘယ့်နှယ်လုပ်ကြမလဲ။ အာဃာတပိုနေတဲ့လူက အာဃာတလျှော့ပေးရမယ် မဟုတ်လား ခင်ဗျာ"

နုပ်။ " သူတို့ဘာသာသူတို့ လုပ်လို့မရဘူး။ ခင်ဗျားတို့ကို သူတို့က မုန်းနေတယ်ဆိုရင် မုန်းတီးခြင်းလျော့အောင် ခင်ဗျားတို့ကပဲ လုပ်ရမယ်"

ညီ။ "ကိုယ့်စိတ်က မုန်းနေတယ်ဆိုရင် မုန်းတီးခြင်းလျော့အောင် ကိုယ့်ဘာသာကိုယ် လုပ်ရမယ် မဟုတ်လားခင်ဗျာ"

နုပ်။ "ဒါကတစ်နည်းပဲ။ ဗုဒ္ဓဘာသာမှာသာ ရှိတယ်။ လောဘလျော့အောင်၊ ဒေါသလျော့အောင်လုပ်တဲ့ နည်းတွေရှိတယ်။ ခင်ဗျားတို့လူစုက ဒီစာကိုမရောက်သေးဘူး။ လောကနည်းနဲ့ပဲ လုပ်ရမယ်။ ကိုယ့်ကို သူကမုန်းနေရင် သူ့မုန်းတီးခြင်းလျော့အောင် ကိုယ်က လုပ်ယူရမယ်"

ညီ။ "ဘယ်လိုလဲ ခင်ဗျာ"

နုပ်။ "သူ့ဒေါသဖြစ်အောင် မပြောနဲ့ မလုပ်နဲ့ပေါ့ဗျာ။ ခက်နေတာက တခြားမဟုတ်ဘူး။ တစ်ဖက်ကို တစ်ဖက်က မုန်းနေခြင်းဟာ သူရောကိုယ်ပါ အကျိုးပျက်စီးတယ်ဆိုတာကို ခင်ဗျားတို့အားလုံး ကောင်းကောင်းကြီး သဘောမပေါက်ကြဘူးဗျ။ တစ်ဖက်နဲ့ တစ်ဖက် ဒေါသဖြစ်အောင်၊ တိုးပြီးမုန်းအောင် တမင်တကာပြောနေကြ၊ လုပ်နေကြတယ်။ ဒီလိုပြောနိုင်လုပ်နိုင်မှ ဂုဏ်ရှိတယ်၊ လူတွေက ဩဘာပေးတယ်။ ဒီလိုထင်နေကြတယ်။ ခင်ဗျားတို့အားလုံးပဲ တခြားနေရာတွေမှာ တော်ကြပါရဲ့။ စိတ်ဆိုးလာရင် တစ်ဖက်သားကိုနာအောင် တွယ်ချင်တဲ့နေရာတော့ ကျောင်းသားအဆင့်အတန်းထက် မြင့်သေးတယ် မထင်ပေါင်ဗျာ"

ညီ။ "ဒါဖြင့် ကျွန်တော်တို့ ကြိုးစားခဲ့သမျှတွေဟာ အလကားပဲလား ဘရားသား"

နုပ်။ "ကားလ်မာ့က်စ်ရဲ့ဝါဒအရ ကိုယ့်တိုင်းပြည်သားအချင်းချင်းအပေါ်မှာ သဘောထားကြပုံကတော့ အများကြီးတိုးတက်ပါတယ်။ ကျွန်တော်လည်းမြင်ပါတယ်။ သို့သော် ခင်ဗျားတို့ရဲ့ဆရာကြီး ကားလ်မာ့က်စ်ကိုယ်၌က တိုင်းပြည်တစ်ပြည်အတွင်း အချင်းချင်း စိတ်ထားပုံနဲ့ စီးပွားရေးချောင်ချိမှု လောက်အတွက်ကိုသာ သဘောထားပြီး စဉ်းစားထားတယ်လို့ ကျွန်တော်နားလည်တယ်။ အရင်းရှင်တိုင်းပြည်တွေနဲ့ပတ်သက်တဲ့ ဆက်ဆံရေးမျိုးတော့ သူ့စာတွေထဲမှာ ကျွန်တော်မတွေ့ရဘူး။ သူ့အလုပ်လည်း မဟုတ်ပေဘူး။ သူ့အယူအဆကတော့ ကမ္ဘာကြီးဟာ တစ်နေ့သောအခါမှာ ကွန်မြူနစ်ဖြစ်ရမှာပဲလို့ ယုံကြည်သွားပုံရတယ်။ သို့သော် သူ့ခေတ်တုန်းက နျူကလီးယားလက်နက်တွေ မပေါ်သေးဘူးဗျ။ ကွန်မြူနစ်တော့ အဖြစ်မခံဘူး။ ကမ္ဘာကြီးပျက်ချင်ပျက်၊ တစ်ယောက်မှမကျန်ချင်နေ၊ ဖျက်ပစ်လိုက်မယ်ဆိုတဲ့ စိတ်ကူးမျိုးတွေလည်းမပေါ်သေးဘူးဗျ"

**ဆက်လက်ဖော်ပြပါမည်။**

# တောင်သူများအား ဆီထွက်သီးနှံဆောင်းနှမ်း မျိုးစေ့ပေးအပ်

**ဇလွန် နိုဝင်ဘာ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဇလွန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယခုနှစ်ဆီထွက်သီးနှံဆောင်းနှမ်းစိုက်ပျိုးသည့် တောင်သူများအား မျိုးစေ့ပေးအပ်ပွဲအခမ်းအနားကို နိုဝင်ဘာလ ၉ ရက်ကကျင်းပသည်။

အခမ်းအနားတွင် ဟင်္သာတခရိုင် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကြီးကြပ်မှုလုပ်ငန်း အကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ ဦးလှိုင်ထွန်းက သီးနှံစုံပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် ဆီထွက်သီးနှံဆောင်းနှမ်းကို လျာထားဧကအတိုင်း အချိန်မီစိုက်ပျိုးနိုင်ရေးတို့အား အလေးထားဆောင်ရွက်သွားကြရန်လိုကြောင်း အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ဟင်္သာတခရိုင် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကြီးကြပ်မှုလုပ်ငန်း အကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ ဦးလှိုင်ထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကြီးကြပ်မှုလုပ်ငန်း အကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းလင်းနှင့်အဖွဲ့ဝင်များက တောင်သူများအား ဆီထွက်သီးနှံဆောင်းနှမ်း ၃၅ ဧကအတွက် Super Sun –41 မျိုးစေ့ ၁၀၀ ထုပ်နှင့် ဧက ၂၀၀ အတွက် ဆင်းရွှေကြာ –၂ မျိုးစေ့ တင်း ၅၀ ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

ဝေယံ(ဇလွန်)



ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် မီးသတ်စခန်း၌ စမ်းချောင်းမြို့နယ် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်းအမှတ်စဉ် (၁/၂၀၂၅) ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာလ ၁၀ ရက်တွင် ကျင်းပရာ စမ်းချောင်းမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဘဝင်း၊ အဖွဲ့ဝင်(၁) ဗိုလ်မှူးငြိမ်းချမ်းဦး၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးသူရဆွေနှင့်သင်တန်းသားများ တက်ရောက်ကြစဉ်။ ချမ်းမြေ့

# ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်)ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့သင်တန်းအမှတ်စဉ်(၂၁)နှင့် A.G.T.I ဒီပလိုမာသင်တန်းအမှတ်စဉ် (၂၂) သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်

နေပြည်တော် နိုဝင်ဘာ ၁၀

ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်) ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ် (၂၁)နှင့် A.G.T.I ဒီပလိုမာ သင်တန်းအမှတ်စဉ် (၂၂) သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဒီဂရီကောလိပ်ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပသည်။

အခမ်းအနားသို့ နယ်စပ်ရေးရာဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ၊ အထူးဖိတ်ကြား ထားသောဧည့်သည်တော်များ၊ နယ်စပ်ရေးရာဝန်ကြီးဌာနညွှန်ကြားရေးမှူးချုပ်၊ အလုပ်ခန့်အပ်လွှာပေးအပ်မည့်သက်ဆိုင်ရာဝန်ကြီးဌာနများမှကိုယ်စားလှယ်များ၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)မှကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ ညွှန်ကြားရေးမှူးများ၊ ပါမောက္ခ/ဌာနမှူးများ၊ ဆရာ၊ ဆရာမများ၊ သင်တန်းဆင်းကျောင်းသား၊ ကျောင်းသူများနှင့် ၎င်းတို့၏မိဘများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ နယ်စပ်ဒေသရှိ တိုင်းရင်းသားပြည်သူများ၏လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားဘဝများ မြင့်မားတိုးတက်စေရေးတို့ကို စဉ်ဆက်မပြတ် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နယ်စပ်ဒေသများရှိ တိုင်းရင်းသားလူငယ်များအား ၎င်းတို့၏ နယ်စပ်ဒေသများတွင် တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို နိုင်ငံ့ဝန်ထမ်းကောင်းများအဖြစ် ထိထိရောက်ရောက် ပါဝင်ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်၊ စစ်ကိုင်း) တို့ကို တည်ထောင်ဖွင့်လှစ်ပြုစုပျိုးထောင်လေ့ကျင့် သင်ကြားပေးလျက်ရှိကြောင်း။

ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည် ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်) ကို စတင်ဖွင့်လှစ်သည့်အချိန်မှ ယနေ့အချိန်ထိ ဝိဇ္ဇာဘွဲ့ ၇၂၉ ဦး၊ သိပ္ပံဘွဲ့ ၁၅၅၉ ဦး၊ အင်ဂျင်နီယာဒီပလိုမာ ၁၂၄၈ ဦး စုစုပေါင်း ၃၅၃၆ ဦးကို ပြုစုပျိုးထောင်မွေးထုတ်ပေးနိုင်ခဲ့သဖြင့် အားရကျေနပ်ဖွယ်ဖြစ်ကြောင်းနှင့် ကျောင်းဆင်း ကျောင်းသား၊ ကျောင်းသူများအနေဖြင့် နိုင်ငံ့တာဝန်များကို ထမ်းဆောင်ရင်းပိုမိုအဆင့်မြင့်သည့်ပညာရပ်များကို လေ့လာဆည်းပူးကြိုးစားအားထုတ်သွားကြရန် အထူးမှာကြားလိုကြောင်း။

သင်တန်းဆင်း မောင်တို့မယ်တို့အနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့်နိုင်ငံတော်ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ မြင့်မားသောစိတ်ဓာတ်၊ မှန်ကန်သော အတွေးအခေါ်၊ ခံယူချက်၊ မြဲမြံသောအကျင့်စာရိတ္တကောင်းများကို လက်ကိုင်ပြုပြီး ပြည်သူလူထုနှင့်အတူ ပူးပေါင်းဆောင်ရွက်ကြရန်၊ နိုင်ငံတော်မှ အခမဲ့ပညာရပ်များ သင်ကြားပေးခြင်းနှင့် အလုပ်အကိုင်များရရှိအောင် ဆောင်ရွက်ပေးခဲ့သည့်ကျေးဇူးတရားကိုသိရှိနားလည်ပြီး မိမိတို့လေ့လာဆည်းပူးခဲ့သည့် အဆင့်မြင့်ပညာရပ်များဖြင့် ကျရာလုပ်ငန်းနယ်ပယ်အသီးသီး၌ လက်တွေ့အသုံးပြုပြီး နယ်စပ်ဒေသတိုင်းရင်းသားများ၏ လူမှုစီးပွားဘဝများပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် အစွမ်းကုန်ကြိုးစားဆောင်ရွက်သွားကြရန်၊ စစ်မှန်သောမျိုးချစ်စိတ်၊ ပြည်ထောင်စုစိတ်ဓာတ်နှင့် ဒို့တာဝန်အရေး ၃ ပါးတို့ကို ဦးထိပ်ပန်ဆင်လျက် နိုင်ငံတော်ကအားကိုးအားထားပြုရမည့်နိုင်ငံ့ဝန်ထမ်းကောင်းများအဖြစ် ကြိုးစားလုပ်ကိုင်ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားသည်။




ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ဝိဇ္ဇာဘာသာရပ်နှင့် သိပ္ပံဘာသာရပ်ထူးချွန်ဆုရရှိသူ နှစ်ဦးကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က အင်ဂျင်နီယာထူးချွန်ဆုရရှိသူ တစ်ဦးကိုလည်းကောင်းဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များက အလုပ်တာဝန်ခန့်အပ်လွှာများ ပေးအပ်ကာ တိုင်းဒေသကြီးဝန်ကြီးချုပ်က သင်တန်းဆင်း ကျောင်းသားကျောင်းသူများအတွက်ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဝန်ကြီးချုပ်တို့က ထူးချွန်ကျောင်းသား၊ ကျောင်းသူများနှင့် ၎င်းတို့၏မိဘများကို တွေ့ဆုံ၍ ဂုဏ်ပြုအားပေးစကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ထူးချွန်ကျောင်းသား၊ ကျောင်းသူ သုံးဦးကို ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ကာ ဧည့်သည်တော်များ၊ ဆရာ၊ ဆရာမများ၊ သင်တန်းဆင်း ကျောင်းသား၊ ကျောင်းသူများနှင့် ၎င်းတို့၏မိဘသားစုဝင်များကို ခင်မင်ရင်းနှီးစွာ နှုတ်ဆက်ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဒီဂရီကောလိပ်အစည်းအဝေးခန်းမ၌ ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ ပါမောက္ခ၊ ဌာနမှူးများနှင့်တွေ့ဆုံ၍ ကျောင်းအုပ်ကြီးက ဒီဂရီကောလိပ်၏အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေး၊ သင်ကြားရေး၊ လေ့ကျင့်ရေး၊ စိုက်ပျိုးမွေးမြူရေးနှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်ခွင့်ပြုငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် တည်ဆောက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ တင်ပြရာ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးပြီး ဒီဂရီကောလိပ်ရှိ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများအတွက် ချီးမြှင့်ငွေများ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ဒီဂရီကောလိပ်အတွင်းရှိ ဘာသာရပ်အလိုက် လေ့ကျင့်သင်ကြားနေမှု၊ မိုးလုံလေလုံအားကစားရုံတည်ဆောက်ရေးလုပ်ငန်းနှင့် ကျောင်းသား၊ ကျောင်းသူများ၏ အခြေခံစစ်ပညာသင်တန်းလေ့ကျင့်သင်ကြားနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ရှိ ဗဟိုလေ့ကျင့်ရေးကျောင်းသို့ရောက်ရှိရာ ကျောင်းအုပ်ကြီးက တည်ဆောက်ရေးလုပ်ငန်းများ၊ စိုက်ပျိုးမွေးမြူရေး ဆောင်ရွက်ထားရှိမှုအခြေအနေများ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များမှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးပြီး ဝန်ထမ်းများကို ချီးမြှင့်ငွေများ ထောက်ပံ့ပေးအပ်ကာ ကျောင်းဝင်းအတွင်းရှိစိုက်ပျိုးမွေးမြူရေးဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒဂုံမြို့သစ်ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးသို့ ရောက်ရှိပြီး ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူးက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှု၊ ယာဉ်၊ ယန္တရားများ အသုံးပြုနိုင်မှုနှင့် ကြံ့ခိုင်မှု၊ ထောက်ပံ့ပစ္စည်းများ သိုလှောင်ထိန်းသိမ်းထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးက သင်တန်းဆင်း ကျောင်းသား၊ ကျောင်းသူများအား ဘွဲ့နှင်းသဘင်ခန်းမ၌ ဂုဏ်ပြုညစာစားပွဲဖြင့်တည်ခင်းဧည့်ခံပြီး ကျောင်းသား၊ ကျောင်းသူများ၏ ဖျော်ဖြေရေး အစီအစဉ်များကို ကြည့်ရှုအားပေးကာ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုငွေများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **မြဝတီ**

# အခြေခံပညာ ဆရာ၊ ဆရာမများအထူးမွမ်းမံသင်တန်း အမှတ်စဉ်(၈၂) သင်တန်းဖွင့်

နေပြည်တော် နိုဝင်ဘာ ၁၀

အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ် (၈၂) သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ရတနာခန်းမ၌ကျင်းပသည်။

သင်တန်းဖွင့်ပွဲသို့ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးစိုးမင်းဦး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)ပါမောက္ခချုပ်၊ တက္ကသိုလ်သင်ကြား/စီမံဌာနများမှ တာဝန်ရှိသူများနှင့် သင်တန်းသား၊ သင်တန်းသူများတက်ရောက်ကြသည်။






ဦးစွာပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးစိုးမင်းဦးက နိုင်ငံတော်ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရည်မြင့်မားရေးသည် အဓိကလိုအပ်ချက်ဖြစ်ကြောင်း၊ နိုင်ငံသားတိုင်းတွင် အသိပညာ၊ အတတ်ပညာ၊ အတွေးအခေါ်နှင့် ဗဟုသုတများပြည့်ဝရန်လိုအပ်ကြောင်း၊ ဆရာ၊ ဆရာမများအနေဖြင့် အနာဂတ်နိုင်ငံတော်ကို ပုံဖော်ထုဆစ်မည့် ကျောင်းသားလူငယ်များအား ပညာကို ဆုံးခန်းတိုင်သင်ယူနိုင်စေရန်၊ စာတော်ရုံသာမက လိမ္မာယဉ်ကျေးပြီး ဘက်စုံထူးချွန်သည့် လူရည်ချွန်၊ လူရည်မွန်များဖြစ်ကာ အတတ်ပညာရှင်၊ အသိပညာရှင်များဖြစ်လာစေရန် ဦးတည်သင်ကြားပေးရမည်ဖြစ်ကြောင်း။

သို့အတွက် ဆရာ၊ ဆရာမများ၏ အခန်းကဏ္ဍသည် အဓိကကျကြောင်း၊ ကျောင်းသားလူငယ်များအား နိုင်ငံချစ်စိတ်ရှိပြီး ဘာသာရပ်ဆိုင်ရာ သင်ခန်းစာ၊ ဗဟုသုတ၊ ကိုယ်ကာယကြံ့ခိုင်မှု၊ အကျင့်စာရိတ္တနှင့်ကျင့်ဝတ်စသည့် ရုပ်ပိုင်း၊ စိတ်ပိုင်းအရည်အသွေးများအပြင် စဉ်းစားတွေးခေါ်မှုမြင့်မားသောသူများဖြစ်လာအောင်လေ့ကျင့်ပြုစုပျိုးထောင်ပေးရန် အထူးလိုအပ်ကြောင်း၊ "မိဘဆရာပူးပေါင်း ကလေးပညာကောင်း"ဆိုသည့် ဆောင်ပုဒ်အတိုင်း ပညာရည်တိုးတက်မြင့်မားစေရေးအတွက် ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူများနှင့် မိဘပြည်သူများ အတူလက်တွဲကာ အနာဂတ်၏ ရင်သွေးလေးများကို နိုင်ငံတကာ အဆင့်မီအရည်အသွေးအာမခံနိုင်သည့် လူ့စွမ်းအားအရင်းအမြစ်ဖြစ်စေရေး သင်ကြားလေ့ကျင့်ပေးကြရန် တိုက်တွန်းမှာကြားသည်။

သင်တန်းသို့ ပညာရေးဝန်ကြီးဌာနမှ သင်တန်းသား ၈၈ ဦး၊ သင်တန်းသူ ၃၄၂ ဦး စုစုပေါင်း ၄၃၀ တက်ရောက်ပြီးသင်တန်းကာလမှာ ရက်သတ္တပါတ်ကြာမြင့်မည်ဖြစ်သည်။

ယင်းနောက် ရာထူးဝန်ဥက္ကဋ္ဌသည် တက္ကသိုလ်မှ တာဝန်ရှိသူများနှင့်အတူ တက္ကသိုလ်ရှိ အုပ်ချုပ်မှုဆိုင်ရာရုံးဌာနများနှင့် သင်တန်းများလေ့ကျင့်သင်ကြားနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မန္တလာဆောင်တွင် အလယ်အလတ်အဆင့်အရာထမ်းသင်တန်း အမှတ်စဉ် (၁၄) မှ သင်တန်းသား၊ သင်တန်းသူများနှင့်အတူ နေ့လယ်စာသုံးဆောင်ခဲ့ကြောင်း သိရသည်။ **မြဝတီ**

# “ကျွန်တော်တို့ကိုကူညီပေးကြတဲ့ မြန်မာနိုင်ငံအစိုးရကိုလည်း ကျေးဇူးတင်ပါတယ်။ မြန်မာအစိုးရက သံရုံးတွေနဲ့ချိတ်ဆက်ပြီး အများကြီးကူညီဆောင်ရွက်ပေးပါတယ်”

Mumtaz Tahir khan
ပါကစ္စတန်နိုင်ငံသား

■ ရှေ့ဖုံးမှအဆက်

လုပ်ငန်းများကိုလည်း ဆောင်ရွက်နေပြီဖြစ်သည်။

ထိုကဲ့သို့ မြဝတီမြို့ မဲ့ထော်သလေး KK Park နယ်မြေတွင် အခြေပြု၍ online လိမ်လည်မှုများ၊ online လောင်းကစားမှုများ လုပ်ကိုင်ဆောင်ရွက်ခဲ့မှုကြောင့် ဖမ်းဆီးခံရပြီး နိုင်ငံတော်အစိုးရက သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင်ဒဏ်ပေးလွှဲပြောင်းပေးအပ်မည့် ပြည်ပနိုင်ငံသားများနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြအပ်ပါသည်-



ထိန်းသိမ်းရေးစခန်းရှိ ပြည်ပနိုင်ငံသားများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။



Gladys Muthoni
ကင်ညာနိုင်ငံသူ



Mary Jane a Vicente
ဖိလစ်ပိုင်နိုင်ငံသူ



Benson Koech
ကင်ညာနိုင်ငံသား



Mumtaz Tahir khan
ပါကစ္စတန်နိုင်ငံသား



Zhang Hao Nan
တရုတ်ပြည်သူ့သမ္မတနိုင်ငံသား



Bong Bong
တရုတ်ပြည်သူ့သမ္မတနိုင်ငံသား



Xu You qiqng
တရုတ်ပြည်သူ့သမ္မတနိုင်ငံသား

**Gladys Muthoni**
**ကင်ညာနိုင်ငံသူ**

ထိုင်းနိုင်ငံမှာ ကွန်ပျူတာနဲ့ပတ်သက်တဲ့ အလုပ်လုပ်ရမယ်ဆိုပြီး Telegram နဲ့ Facebook ကနေ သူငယ်ချင်းက ဆက်သွယ်လာပါတယ်။ ဒါကြောင့် ကင်ညာနိုင်ငံကနေ အီသီယိုးပီးယားနိုင်ငံကို လေယာဉ်နဲ့လာခဲ့တယ်။ အဲဒီကနေတစ်ဆင့် ထိုင်းနိုင်ငံ ဘန်ကောက်ကိုရောက်ပါတယ်။ ဘန်ကောက်ကနေ မြန်မာနိုင်ငံထဲကို ကားနဲ့တစ်ယောက်တည်းလာခဲ့ပါတယ်။ မြန်မာနိုင်ငံထဲက KK Park ကိုရောက်တော့ အွန်လိုင်းလိမ်လည်မှုလုပ်ရမယ်မှန်း မသိခဲ့ပါဘူး။ ကွန်ပျူတာပိုင်းဆိုင်ရာ အလုပ်ပဲလုပ်ရမယ်လို့ ထင်ခဲ့တယ်။ ဒီကိုရောက်တဲ့အခါကျမှ အွန်လိုင်းလိမ်လည်မှု အလုပ်ကိုလုပ်ခဲ့ရပါတယ်။ တစ်နေ့ကို ၁၈ နာရီလောက် အလုပ်လုပ်ရပါတယ်။ အခုကတော့ ကျွန်မတို့ကို သက်ဆိုင်ရာ သံရုံးနဲ့ချိတ်ဆက်ပြီး ပြန်ပို့ပေးမယ်လို့ ပြောပါတယ်။

**Mary Jane a Vicente**
**ဖိလစ်ပိုင်နိုင်ငံသူ**

ဖိလစ်ပိုင်ကနေ ထိုင်းကို လေယာဉ်နဲ့ လာခဲ့ပါတယ်။ ထိုင်းနိုင်ငံကနေ မြန်မာနိုင်ငံကို ရောက်ဖို့အတွက် တောင်တစ်လုံးကို ဖြတ်ကျော်ခဲ့ရတယ်။ တရုတ်လူမျိုးတစ်ယောက်က ကျွန်မအပါအဝင် ၂၇ ယောက်ကိုကားသုံးစီးနဲ့ခေါ်လာခဲ့ပါတယ်။ ထိုင်းဘက်ကနေ ညပိုင်းမှာ မြစ်ကိုကျော်ပြီး KK Park ထဲကို ရောက်လာခဲ့ပါတယ်။ HR ရာထူးနဲ့ လစာတွေ အများကြီးပေးမယ်ဆိုပြီး ခေါ်ခဲ့တာဖြစ်ပါတယ်။ အွန်လိုင်းလိမ်လည်မှုဆိုတာကို လုံးဝမသိခဲ့ရပါဘူး။ ကျွန်မကို မြန်မာနိုင်ငံမှာ အလုပ်လုပ်ရမယ်လို့လည်း တစ်ခါမှမပြောခဲ့ဘူး။ ထိုင်းနိုင်ငံမှာပဲ HR ရာထူးနဲ့ အလုပ်လုပ်ရမယ်ပြောခဲ့တာဖြစ်ပါတယ်။ မြန်မာနိုင်ငံဆိုတဲ့ စကားလုံးတစ်လုံးမှ မပြောခဲ့ပါဘူး။ ဒါပေမဲ့ ကျွန်မမြန်မာနိုင်ငံကိုရောက်လာခဲ့ရတယ်။ မြန်မာနိုင်ငံမှာ လုပ်ရမယ်ဆိုတဲ့ ရည်ရွယ်ချက်လည်း ကျွန်မမှာမရှိဘူး။ မြန်မာကိုလည်းလာတာမဟုတ်ဘူး။ ထိုင်းကိုပဲ သီးသန့်လာခဲ့တာဖြစ်ပါတယ်။

ဒီမှာလည်း ကျွန်မကို HR အနေနဲ့ ခေါ်တယ်ဆိုပေမယ့် တကယ်တမ်းကျတော့ Online scam တွေပဲ လုပ်ရပါတယ်။ တစ်ရက်ကို ၁၂ နာရီကြာအောင်အလုပ်လုပ်ရတယ်။ ဒီအလုပ်ရဖို့ ကျွန်မတို့ကို ဆိုရှယ်မီဒီယာဖြစ်တဲ့ Telegram ကနေတစ်ဆင့် ချိတ်ဆက်ပြီး ခေါ်ခဲ့တာပါ။ တစ်ခါတလေ အလုပ်မှာ သူတို့လိုအပ်တဲ့ Target ပန်းတိုင်မရောက်ရင် အပြစ်ပေးတာမျိုးတွေရှိတယ်။ ကျွန်မသူငယ်ချင်းတွေလည်း အပြစ်ပေးခံခဲ့ရတာတွေရှိတယ်။ KK Park အတွင်းထဲမှာ အလုပ်တွေနဲ့သက်ဆိုင်တဲ့ အဆောက်အအုံတွေ ၁ ကနေ ၆ အထိရှိတယ်။ အဲ့ဒီမှာ ကျွန်မတို့ ဖိလစ်ပိုင်လူမျိုးတွေ အယောက်တစ်ထောင်လောက်ရှိမယ်လို့ ခန့်မှန်းရတယ်။

အခု ထိန်းသိမ်းရေးစခန်းမှာ မြန်မာနိုင်ငံအစိုးရက ဆေးဝါးတွေ၊ အစားအစာတွေနဲ့ အခြားလိုအပ်တဲ့ပစ္စည်းတွေကို ထောက်ပံ့ပေးထားပါတယ်။ မြန်မာနိုင်ငံအစိုးရအနေနဲ့ ကျွန်မတို့ သံရုံးတွေနဲ့ချိတ်ဆက်ပြီး နှစ်ပတ်လောက်နေရင် ပြန်ပို့ပေးမယ်လို့ သိရပါတယ်။ အမိနိုင်ငံကို ပြန်ချင်တဲ့အတွက် အမြန်ဆုံးပြန်လာခေါ်စေချင်ပါတယ်။

**Benson Koech**
**ကင်ညာနိုင်ငံသား**

ကျွန်တော်က ဒူဘိုင်းမှာ အလုပ်လုပ်ပါတယ်။ ဘန်ကောက်ကို အလည်လာရင်း ကုမ္ပဏီတစ်ခုရဲ့ Telegram အကောင့်ကနေ ဒီမှာအလုပ်လုပ်မလားဆိုပြီး ဆက်သွယ်လာခဲ့ပါတယ်။ စိတ်ဝင်စားတဲ့အတွက် ဘန်ကောက်မှာပဲ အလုပ်လုပ်ဖို့ဆုံးဖြတ်ခဲ့တယ်။ ဘန်ကောက်ကနေ ၈ နာရီလောက်ဝေးတဲ့နေရာမှာ အလုပ်လုပ်မလားဆိုပြီးထပ်ပြောခဲ့တယ်။ ကားအကောင်းစားတွေနဲ့ လာခေါ်လို့ လိုက်လာခဲ့ပြီး ဒီကိုရောက်လာခဲ့ပါတယ်။ ကားပေါ်မှာ ကောင်းတဲ့အလုပ် ဟုတ်ရဲ့လားဆိုပြီးမေးခဲ့ပေမယ့် သူငယ်ချင်းတွေက ဒီအလုပ်ကကောင်းတဲ့အလုပ်၊ လစာလည်းကောင်းမယ်၊ အခွင့်အရေးလည်း ကောင်းလိမ့်မယ်ပြောတာနဲ့ ဒီကိုရောက်လာခဲ့တယ်။ ဒီကိုရောက်တဲ့အချိန်မှာ အလုပ်တွေကိုမလုပ်ဘူးလို့ ငြင်းဆန်ပေမယ့် အခွင့်အရေးမရတော့ဘူး။ KK Park ကို ရောက်လာတဲ့အချိန်အထိ ထိုင်းနိုင်ငံလို့ပဲထင်ခဲ့တယ်။ ဒီရောက်တော့ ဘယ်မှလဲမသွားရတော့ဘူး။

ဒီကိုရောက်တဲ့လမှာ အလုပ်ကိုဘယ်လိုလုပ်ရမယ်ဆိုတာ တစ်လလုံးသင်ကြားပေးတယ်။ ဖုန်းလေးလုံးပေးထားပြီး ဆက်သွယ်ခိုင်းတယ်။ ပြီးတော့ ထောင်နဲ့ချီတဲ့ မက်ဆေ့တွေကို စာပြန်ပို့ရတယ်။ ဟိုဘက်က ဟိုင်း၊ နေကောင်းလားဆိုတဲ့ စာပြန်ပို့လာရင် အထက်က Senior တွေက ဘာပြန်လုပ်ရမလဲဆိုတာကို ညွှန်ကြားပေးတယ်။

ဒီကိုရောက်လာတော့ KK Park ဆိုတာကို စပြီးတော့သိလာတယ်။ အရင်က တစ်ခါမှမကြားဖူးဘူး။ အလုပ်လုပ်ရတဲ့အချိန်တွေက တရုတ်နိုင်ငံ ဘေကျင်းစံတော်ချိန်အတိုင်း ကိုးနာရီမှစလုပ်ရတယ်။ နောက်နေ့မနက် ၂ နာရီအထိ အလုပ်လုပ်ရတယ်။ တစ်ဖက်ကို စာပို့တဲ့အချိန်မှာ တစ်ဖက်က ပို့တဲ့စာမပြန်ရင် ဘာဖြစ်လို့စာမပြန်လဲဆိုပြီး အပြစ်ပေးတာခံရပါတယ်။ နှစ်ရက်/သုံးရက်အထိ အစာမကျွေးဘဲထားတဲ့အချိန်တွေရှိခဲ့ပါတယ်။ အပြစ်ပေးတဲ့အနေနဲ့ ပုံမှန်အိပ်တဲ့နေရာတွေမှာ ပေးမအိပ်ဘဲ အခြားနေရာတွေမှာ အိပ်ခိုင်းခဲ့တာမျိုးရှိတယ်။

အခုကတော့ မြန်မာနိုင်ငံရဲ့ ထိန်းသိမ်းရေးစင်တာမှာ အဆင်ပြေပါတယ်။ အရင်အလုပ်လုပ်ခဲ့တဲ့ KK Park မှာထက် ဒီမှာပိုအဆင်ပြေပါတယ်။ KK Park မှာတုန်းက ပြန်ဖို့ပဲတွေးနေခဲ့တယ်၊ ပြန်ချင်လို့ မန်နေဂျာကိုပြောပေမယ့် လက်မခံခဲ့ဘူး။ ဒီထိန်းသိမ်းရေးစင်တာရောက်တော့ ပျော်ရွှင်ခဲ့ရတယ်။ စိတ်ချမ်းသာတယ်။

ဒီစင်တာက မနက်စာ၊ နေ့လယ်စာနဲ့ ညစာ၊ ကောင်းမွန်တဲ့ရေတွေ၊ နေရာထိုင်ခင်း အဆင်ပြေပြေနဲ့ အခြားလိုအပ်တာတွေကို ပြည့်ပြည့်စုံစုံကောင်းကောင်းမွန်မွန်စီစဉ်ပေးထားတဲ့အတွက် မြန်မာနိုင်ငံရဲ့အစိုးရကိုလည်း ကျေးဇူးတင်ပါတယ်။

ကျွန်တော်တို့လို နိုင်ငံခြားသား ၈၀ ရာခိုင်နှုန်းလောက်ဟာ ထိုင်းနိုင်ငံဘက်က တစ်ဆင့် ရောက်လာကြတယ်။ ကျွန်တော်တို့ အာဖရိကဘက်ကလာတဲ့သူတွေ ပိုများတယ်။ အခုငါးလအတွင်း ထိုင်းဗီဇာကြောင့် လာတဲ့သူတွေနည်းသွားတယ်။ ကျွန်တော်လာတုန်းက ၁၈ နာရီလောက်ကြာတယ်။

ကျွန်တော့်လက်မှာရှိတဲ့ ဒဏ်ရာက အပြစ်ဒဏ်လျှပ်စစ်မီးနဲ့တို့ခံရတဲ့ ဒဏ်ရာဖြစ်တယ်။ တချို့သူတွေဆို ခေါင်းကို စားပွဲနဲ့ဆောင့်ရိုက်ခံရတဲ့သူတွေလည်း ရှိတာကို ကြုံတွေ့ခဲ့ရတယ်။ ပြစ်ဒဏ်ကြီးကြီးမားမားပေးချင်တဲ့အခါမှာ ရုံးခန်းထဲခေါ်ပြီး အပြစ်ပေးတယ်။

KK Park မှာ ဖုန်းကို တစ်နာရီလောက်ပဲပေးသုံးတယ်။ ပေးသုံးတဲ့အချိန်မှာလည်း အထူးကြပ်မတ်ပြီးတော့ စောင့်ကြည့်နေတယ်။ ဖုန်းမှာ Password ထားပိုင်ခွင့်မရှိဘူး။ အချက်အလက်တွေကို သူတို့အကုန်သိမ်းထားတယ်။ မိသားစုဝင်တစ်ယောက်နှစ်ယောက်ကိုပဲပေးပြီး ဆက်သွယ်ခွင့်ပြုပေးတယ်။ သက်ဆိုင်ရာကိုအကူအညီ

**စာမျက်နှာ ၇ သို့ ■**

■ စာမျက်နှာ ၆ မှအဆက်

တောင်းတာတွေ့ရင် အစအနဖျောက်မယ်လို့ ခြိမ်းခြောက်တယ်။ ဒီကို ရောက်ရောက်ချင်း လမှာ ထိုင်းဘတ်သုံးသောင်းပေးတယ်။ နောက်ပိုင်းမှာ မပေးတော့ဘူး။ စားသောက်နေထိုင်ဖို့လောက်ပဲပေးတယ်။ အလုပ်နောက်ကျရင် ဒဏ်ငွေဆောင်ရတယ်။ ကျွန်တော်တို့ ဒီရောက်နေတဲ့ အာဖရိကနိုင်ငံသားအားလုံးရဲ့ မိသားစုတွေက ဘန်ကောက် ဒါမှမဟုတ် တရုတ်နိုင်ငံတို့မှာ အလုပ်လုပ်နေကြတယ်လို့ထင်ကြတယ်။ KK Park မှာ အလုပ်လုပ်နေတယ်လို့ ပြောပိုင်ခွင့်မရှိပါဘူး။

**Mumtaz Tahir khan**

**ပါကစ္စတန်နိုင်ငံသား**

ဒီအလုပ်ကို စသိတာက အွန်လိုင်းက တစ်ဆင့် သိတာပါ။ အဲဒီကနေ ဆက်သွယ်မိပြီး ဘန်ကောက်ကို ရောက်လာတယ်။ အဲ့ဒီကို ရောက်တဲ့အချိန်မှာ အချိုရည်တစ်ခုကို သောက်လိုက်တယ်။ ပြန်နိုးလာတဲ့အချိန်မှာ တောအုပ်တစ်ခုထဲမှာ ရောက်နေတယ်။ အဲ့ဒီတောအုပ်ထဲမှာ လူသုံးယောက်က ဓားရှည်နဲ့ပစ္စတိုနဲ့စောင့်နေပြီး KK Park ထဲရောက်နေတဲ့ အကြောင်းပြောပြတယ်။ တရုတ်ကောင်မလေးနှစ်ယောက်က ရုံးထဲကို ခေါ်သွားတယ်။ အဲဒီ တရုတ်လူမျိုးတွေကိုလည်း တစ်ခါမှမမြင်ဖူးဘူး၊ သိလည်းမသိဘူး။ အလုပ်လုပ်ဖို့ကမ်းလှမ်းတယ်။ ပထမဦးဆုံးသုံးလကို ထိုင်းဘတ် တစ်သောင်းခွဲပေးမယ်လို့ ကမ်းလှမ်းတယ်။ အဲ့ဒီသုံးလအတွက် တစ်ပြားမှ မရခဲ့ဘူး။ နောက်ဆုံး ရွေးချယ်စရာလမ်းမရှိတော့ အဲဒီမှာပဲနေခဲ့ရတယ်။

အခုလို မြန်မာနိုင်ငံအစိုးရက ကယ်တင်ပေးတဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်။ အဲဒီမှာ ငါးလနေခဲ့ရတယ်။ စရောက်တော့ စာပို့တဲ့အလုပ်မှာ လုပ်ရတယ်။ KK Park တစ်ကနေ ငါးအထိရှိတယ်။ အပြင်ထွက်ဖို့ အမျိုးမျိုးကြိုးစားပေမယ့် မရခဲ့ဘူး။ ကျွန်တော့်မိန်းမနဲ့ ညီလေးလည်း အဲဒီမှာပဲအလုပ်လုပ်နေရတယ်။ အဲ့ဒါကြောင့် အကူအညီအများကြီးလိုအပ်ခဲ့တယ်။

အခုလိုလွတ်မြောက်ချင်တဲ့အတွက် အဲဒီက ထွက်လာတဲ့အချိန်မှာ ပစ္စည်းတွေဘာ တစ်ခုမှမယူဘဲပြေးလာခဲ့တာဖြစ်ပါတယ်။ ထိန်းသိမ်းရေးစင်တာမှာကျွန်တော့်ကို ကူညီပေးတဲ့လူတွေအားလုံးကိုကျေးဇူးတင်ပါတယ်။ အမြန်ဆုံး သံရုံးနဲ့ချိတ်ဆက်ပြီး အမြန်ဆုံးပြန်ပို့ပေးနိုင်ဖို့ မျှော်လင့်ပါတယ်။

ကျွန်တော် ဒီမလာခင်က ကျွန်တော်တို့နိုင်ငံမှာပဲ အိမ်ခြံမြေအရောင်းအဝယ်လုပ်ပါတယ်။ ဘန်ကောက်ကို ရောက်လာတဲ့အကြောင်းက လူတစ်ဦးက လစာအများကြီးနဲ့ ကမ်းလှမ်းတဲ့အတွက် ရောက်လာခဲ့တာပါ။ အိန္ဒိယနိုင်ငံမှာလည်း ဒီလိုမျိုး Typing အလုပ်တွေရှိတယ်။ အဲဒီ Typing အလုပ်က တရားဝင်ဖြစ်တယ်။ ဒီရောက်မှ Typing အလုပ်ဟာ ငွေလိမ်တဲ့ အလုပ်မှန်းကျွန်တော်သိရတယ်။ အပြင်သွားလို့ မရဘူး။ လုံခြုံရေးအပြည့်ချထားတယ်။ ဝယ်ယူထားတဲ့ ပစ္စည်းတွေကို ဗီရိုထဲမှာ စနစ်တကျထားရတယ်။ ၈ နာရီထိုးကနေ မွန်းလွဲ ၂ နာရီအထိအလုပ်လုပ်ရတယ်။ ထမင်းစားချိန်ကို မိနစ် ၃၀ ပေးထားတယ်။ ပြီးတော့ ညနေ ၅ နာရီကနေ မနက် ၄ နာရီအထိ တစ်နေ့ကို ၁၇ နာရီကနေ ၁၈ နာရီအထိ အလုပ်လုပ်ရတယ်။

ကျွန်တော် ထိန်းသိမ်းရေးစင်တာမှာ အဆင်ပြေပါတယ်။ ကျွန်တော့်ကို ကူညီပေးကြတဲ့ မြန်မာနိုင်ငံအစိုးရကိုလည်း ကျေးဇူးတင်ပါတယ်။ မြန်မာအစိုးရက သံရုံးတွေနဲ့ ချိတ်ဆက်ပြီး အများကြီးကူညီဆောင်ရွက်ပေးပါတယ်။ ကျွန်တော့်အနေနဲ့တောင်းဆိုချင်တာတော့ အမြန်ဆုံးအိမ်ပြန်ရောက်အောင် ကူညီပေးဖို့ တောင်းဆိုချင်တယ်။

**Zhang Hao Nan**

**တရုတ်ပြည်သူ့သမ္မတနိုင်ငံသား**

တရုတ်နိုင်ငံကနေလာတော့ ဘယ်ကုမ္ပဏီမှာ လုပ်ရမယ်ဆိုတာ မသိဘူး။ ကျွန်တော့်ကိုလိမ်ခေါ်လာတော့ဘာအလုပ်လုပ်ရမယ်ဆိုတာ မသိဘူး။ ကျွန်တော်က အွန်လိုင်းကိစ္စလာတာမဟုတ်ပါဘူး။ ကျွန်တော်ရောက်တာ မကြာသေးပါဘူး။ နှစ်လကျော်လောက်ပဲရှိပါသေးတယ်။ အလုပ်တွေ မလုပ်ရသေးပါဘူး။

ကျွန်တော့်သူငယ်ချင်းက ထိုင်းမှာအလုပ်လာလုပ်ဖို့ခေါ်တယ်။ ထိုင်းနိုင်ငံရောက်ပြီးမှ ဒီဘက်ကို ရောက်လာတာပါ။ အကြွေးရစရာရှိတာကို ထိုင်းဘက်မှာလာယူပြီး ပြန်ဖို့ပြောလို့ ထိုင်းကိုရောက်လာတာပါ။ ပိုက်ဆံလာယူဆိုပြီး လိမ်ခေါ်တယ်။ ထိုင်းရောက်တော့ တခြားလူလွှတ်ပြီး လာခေါ်တယ်။ လူငါးယောက်က ကားနဲ့လာကြိုပြီး KK Park ကို ရောက်လာတယ်။

**Bong Bong**

**တရုတ်ပြည်သူ့သမ္မတနိုင်ငံသား**

ကျွန်တော်ကတော့ ကွမ်တုံမြို့ကနေပြီးတော့ ထိုင်းနိုင်ငံကို ရောက်ပါတယ်။ ထိုင်းရောက်တော့ ကျွန်တော့်ကို ကားပေါ်ဆွဲတင်ပြီး မလိုက်ချင်ဘူးဆိုတော့ ကျွန်တော့်ကိုရိုက်ပါတယ်။ KK Park ကို ရောက်တဲ့အချိန်မှာ ကျွန်တော် အလုပ်မလုပ်ပါဘူး။ အလုပ်မလုပ်တော့ အဲဒီကလူတွေက ကျွန်တော့်ကိုရိုက်ပြီးတော့ အခန်းထဲမှာ ပိတ်ထားပါတယ်။ KK Park ကို ရောက်မှ မြန်မာနိုင်ငံထဲမှာမှန်းသိရတယ်။ ငါးလလောက် အလုပ်မလုပ်တဲ့အတွက် ကျွန်တော့်ကို အခန်းထဲမှာ ပိတ်ထားပါတယ်။ အဲဒီအချိန်မှာ တစ်နေ့ကို ထမင်းတစ်နပ်ပဲ ကျွေးပါတယ်။ အခု မြန်မာနိုင်ငံအစိုးရက စီစဉ်ပေးထားတာကောင်းပါတယ်။ ဒါပေမဲ့ ကျွန်တော်အိမ်ပြန်ချင်တယ်။ ဟိုဘက်က လာမကြိုသေးတဲ့အတွက် စောင့်နေရတာဖြစ်ပါတယ်။

**Xu You qiqng**

**တရုတ်ပြည်သူ့သမ္မတနိုင်ငံသား**

တရုတ်နိုင်ငံကနေ စထွက်လာပြီးတော့ ထိုင်းနိုင်ငံကိုရောက်ပါတယ်။ အောက်လမ်းကနေ လာတာဖြစ်ပါတယ်။ ထိုင်းကနေရောက်လာပြီးတော့ မြန်မာနိုင်ငံမှန်း မသိပါဘူး။ KK Park ကိုရောက်လာတာနှစ်လကျော်လောက်ပဲရှိပါသေးတယ်။ ဘာမှမလုပ်တတ်တဲ့အတွက် အခန်းကျဉ်းလေးထဲမှာ ချုပ်ထားပါတယ်။ တစ်ရက်ကို တစ်ခါလောက်တော့ မိသားစုနဲ့အဆက်အသွယ်ရပါတယ်။ သူဌေးတွေက အကောင်းတွေကိုပဲ ပြောခိုင်းတယ်။ အိမ်ကမိသားစုတွေ စိတ်မခံစားရအောင် အကောင်းတွေပဲ ပြောပြရပါတယ်။ Phyo Phyo အကောင့်ကနေတွေ့ပြီး ပစ္စည်းအတင်အချအလုပ်တွေရှိတယ်ဆိုပြီး ဒီဘက်လာလုပ်ဆိုပြီး ပြောတာပါ။ ကျွန်တော်တို့ကို အခုမြန်မာနိုင်ငံက တာဝန်ရှိသူတွေက လုံခြုံအောင်ထားပေးတဲ့အတွက် ကောင်းပါတယ်။ မြန်မြန်တော့ ဆောင်ရွက်ပေးပါ၊ အိမ်ပြန်ချင်ပါတယ်။

အောင်ကျိုင်း

ဓာတ်ပုံ-မင်းမင်း




# မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် လက်ခံတွေ့ဆုံ



**မန္တလေး နိုဝင်ဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးဖြစ်သူ Ms.Gwyn Lewis ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံတွင် ကုလသမဂ္ဂအဖွဲ့အစည်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော စီမံကိန်းများနှင့် ငလျင်ဒဏ်သင့်ပြည်သူများအား လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပံ့ပိုးဆောင်ရွက်နေမှု၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအမံများနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

မြဝတီ

# နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်

**နေပြည်တော် နိုဝင်ဘာ ၁၀**

မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာနေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

(မိုး/ဇလ)

# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်ပတ်သက်၍ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ မိဘပြည်သူများသို့အသိပေးပြောကြားချက်

**အားလုံးမင်္ဂလာပါခင်ဗျာ။ ဒီနေ့မှာတော့ ကျွန်တော်တို့နိုင်ငံမှာ မကြာမီကျင်းပတော့မယ့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနဲ့ပတ်သက်ပြီး မိဘပြည်သူများကို အသိပေးပြောကြားလိုတာများကို အသိပေးပြောကြားသွားမှာဖြစ်ပါတယ်။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲရဲ့ ရွေးကောက်ပွဲအပိုင်း(၁)ကို အခုလာမယ့် ဒီဇင်ဘာလ ၂၈ ရက်နေ့မှာ စတင်ကျင်းပမှာဖြစ်ပါတယ်။ မိဘပြည်သူများလည်း အားလုံးသိရှိပြီးဖြစ်ပါတယ်။ ဒီနေ့ဆိုရင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပဖို့ ရက်ပေါင်း ၄၈ ရက် သာလိုတော့တာဖြစ်ပါတယ်၊ ရွေးကောက်ပွဲအပိုင်း (၂) ကိုလည်း ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်နေ့မှာကျင်းပသွားမှာဖြစ်ပါတယ်၊ ဒီလိုပဲ ရွေးကောက်ပွဲအပိုင်း(၃)ကိုလည်း ရွေးကောက်ပွဲအပိုင်း (၂)ရဲ့ နှစ်ပတ်ခြားအကြာမှာ ကျင်းပသွားမှာဖြစ်ပါတယ်။ ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး တချို့မလိုလားသူတွေက မိဘပြည်သူများထင်ယောင်ထင်မှားဖြစ်အောင် အမျိုးမျိုးပြောဆိုနေကြတာတွေ၊ သွေးထိုးလှုံ့ဆော်ပေးနေတာကိုလည်း တွေ့ရှိနေရပါတယ်။ ဒါတွေနဲ့ပတ်သက်ပြီး ပြည်သူများအသိအမြင်ရှင်းလင်းစေဖို့အတွက် ကျွန်တော်ပြောကြားသွားမှာဖြစ်ပါတယ်။**

ကျွန်တော်တို့နိုင်ငံမှာ ကိုယ့်ထီးကိုယ့်နန်းနဲ့နေထိုင်ခဲ့ရပြီး ဘုရင်စနစ်ကိုကျင့်သုံးခဲ့တဲ့အတွက် ရွေးကောက်ပွဲဆိုတာမရှိခဲ့ပါဘူး။ ဒါပေမဲ့ ကိုလိုနီခေတ်မှာတော့ မြန်မာနိုင်ငံသားတွေရဲ့ နိုင်ငံရေးအသိအမြင်တိုးတက်ပြောင်းလဲလာမှုနဲ့အတူ နယ်ချဲ့အင်္ဂလိပ်အစိုးရဟာ အုပ်ချုပ်ရေးစနစ်တွေကို တိုးမြှင့်ပြောင်းလဲပေးခဲ့ရပါတယ်။ ၁၉၂၀ ပြည့်နှစ်မှာ ဂျီစီဘီအေ အသင်းကြီးပေါ်ပေါက်လာပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့် (Home Rule) ကိုတောင်းဆိုခဲ့ပါတယ်။ နယ်ချဲ့အင်္ဂလိပ်အစိုးရဟာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကိုတိုးမြှင့်မပေးဘဲ ဒိုင်အာခီ (Dyarchy)လို့ခေါ်တဲ့ နှစ်ဦးနှစ်ဖွဲ့အုပ်ချုပ်ရေးကို တိုးမြှင့်ဖော်ဆောင်ပေးခဲ့ပါတယ်။ ဒိုင်အာခီအုပ်ချုပ်ရေးစနစ်ကို အကောင်အထည်ဖော်တဲ့အခါ ဥပဒေပြုကောင်စီအတွက် ရွေးကောက်ပွဲကို ၁၉၂၂ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်နေ့မှာ ကျင်းပပေးခဲ့ပါတယ်၊ ဒီရွေးကောက်ပွဲဟာ ကျွန်တော်တို့မြန်မာနိုင်ငံရဲ့ ပထမဆုံးသော ရွေးကောက်ပွဲဖြစ်တယ်ဆိုတာ သမိုင်းမှတ်တမ်းတွေအရ လေ့လာတွေ့ရှိရပါတယ်။

မြန်မာနိုင်ငံမှာကျင်းပခဲ့တဲ့ ရွေးကောက်ပွဲတွေကို ပြန်ပြီးလေ့လာကြည့်ရင် ၁၉၂၂ ခုနှစ်ကနေ ၁၉၄၇ ခုနှစ်ထိ ရွေးကောက်ပွဲ ၆ ကြိမ်၊ ပါလီမန်ခေတ်(၁၉၄၈ ခုနှစ်ကနေ ၁၉၆၂ ခုနှစ်)မှာ ရွေးကောက်ပွဲ ၃ ကြိမ်၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ် (၁၉၆၂ ခုနှစ်ကနေ ၁၉၈၈ ခုနှစ်) မှာ ရွေးကောက်ပွဲ ၄ ကြိမ်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (၁၉၈၈-၂၀၁၀)မှာ ရွေးကောက်ပွဲ ၁ ကြိမ်၊ ဒီမိုကရေစီခေတ်(၂၀၁၀ ကနေ ယနေ့အထိ) ရွေးကောက်ပွဲ ၆ ကြိမ်၊ အဲ့ဒီမှာတော့ ရွေးကောက်ပွဲ ၃ ကြိမ်နဲ့ ကြားဖြတ်ရွေးကောက်ပွဲ ၃ ကြိမ်တို့ ဖြစ်ပါတယ်။ ဒါတွေဟာ ကျွန်တော်တို့နိုင်ငံသူ နိုင်ငံသားတွေဟာ ရွေးကောက်ပွဲ မဲရွေးချယ်မှုစနစ်နဲ့ မစိမ်းဘူး၊ နီးစပ်မှုရှိတာကိုပေါ်လွင်စေပါတယ်။ နိုင်ငံတော်အစိုးရတွေက ရွေးကောက်ပွဲကိုကျင်းပပေးခဲ့ပြီး ခေတ်အဆက်ဆက်က နိုင်ငံသားတွေကလည်း မိမိတို့ရဲ့အခွင့်အရေးကို အမိအရအသုံးချပြီး မဲပေးရွေးချယ်မှုတွေကို ဆောင်ရွက်ခဲ့ကြတာဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ ပြည်သူလူထုလိုလားတောင့်တတဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နဲ့အညီ အကောင်အထည်ဖော်နေတာဖြစ်ပါတယ်။ ပါတီစုံဒီမိုကရေစီစနစ်အတွက် ပထမအကြိမ်ရွေးကောက်ပွဲကို ၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့မှာ ကျင်းပခဲ့ပြီး ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့မှာ **ပထမအကြိမ်လွှတ်တော်**အစည်းအဝေးကို ကျင်းပနိုင်ခဲ့ပါတယ်။ ဒုတိယအကြိမ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကိုတော့ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့မှာ ကျင်းပခဲ့တယ်။ **ဒုတိယအကြိမ်လွှတ်တော်**အစည်းအဝေးကို ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှာ ကျင်းပခဲ့တာဖြစ်ပါတယ်။ တတိယအကြိမ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကိုတော့ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့မှာ ကျင်းပခဲ့ပါတယ်။ အဲ့ဒီရွေးကောက်ပွဲမှာ မဲမသမာမှုများစွာဖြစ်ပွားခဲ့ပါတယ်။ အဲဒီတုန်းက ရွေးကောက်ပွဲကော်မရှင်ရဲ့ တရားဝင်ထုတ်ပြန်ချက်အရ မဲပေးပိုင်ခွင့်ရှိသူဟာ ၃၈ သန်းခန့်ရှိပါတယ်။ မဲမသမာမှုဖြစ်နိုင်ကြောင်းတွေ့ရှိခဲ့တဲ့ အရေအတွက်ကတော့ ၁၀ ဒသမ ၄ သန်းခန့် ဖြစ်ပါတယ်။ တစ်ထောင်လည်းမဟုတ်သလို တစ်သောင်းလည်းမဟုတ်ပါဘူး။ ဒီလိုပဲတစ်သိန်းလည်းမဟုတ်သလိုတစ်သန်းလည်းမဟုတ်ပါဘူး။ ဆယ်သန်းကျော်ဖြစ်ပါတယ်။ ဒါဟာ မဲပေးပိုင်ခွင့်ရှိတဲ့သူတွေရဲ့ လေးပုံတစ်ပုံခန့်ဖြစ်ပါတယ်။ ဒီမဲမသမာမှုတွေအတွက် နိုင်ငံရေးပါတီတွေနဲ့တပ်မတော်ဟာ **ပထမအဆင့်** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ဥပဒေလုပ်ထုံးလုပ်နည်းတွေနဲ့အညီ ဖြေရှင်းပေးဖို့ပြောခဲ့ပါတယ်။ ဒါကို ငြင်းဆန်တဲ့အတွက် **ဒုတိယအဆင့်** ပြည်ထောင်စုလွှတ်တော်အထူးအစည်းအဝေးခေါ်ပေးဖို့ နည်းစနစ်တကျတောင်းဆိုတာကိုလည်း ထပ်မံငြင်းဆန်ခဲ့ပါတယ်။ **တတိယအဆင့်** အစိုးရ၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တစ်ခုခုက နည်းလမ်းရှာဖြေရှင်းပေးဖို့ထပ်မံတောင်းဆိုတော့လည်းငြင်းဆန်ခဲ့ပါတယ်။ **ဒီအဆင့်တွေအားလုံးပြီးတော့** အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေးခေါ်ပေးဖို့ နှစ်ကြိမ်တိုင်တိုင်တောင်းဆိုခဲ့တာမှာလည်း ဖြေရှင်းဆောင်ရွက်ပေးခဲ့ခြင်းမရှိပါဘူး။ ဒီလိုဖြေရှင်းမပေးဘဲ တတိယအကြိမ်လွှတ်တော်ခေါ်ယူကျင်းပပြီး အစိုးရဖွဲ့ဖို့ အတင်းအဓမ္မဆောင်ရွက်ခဲ့တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှာ တပ်မတော်က နိုင်ငံတော်ရဲ့တာဝန်အရပ်ရပ်ကို ရယူခဲ့ရတာဖြစ်ပါတယ်။ ဒါတွေဘာကြောင့်ပြန်ပြောနေရသလဲဆိုတော့ ဒီဖြစ်စဉ်တွေမှာဘယ်သူတွေက ဥပဒေနဲ့အညီ တရားနည်းလမ်းတကျ တောင်းဆိုခဲ့တယ်၊ ဘယ်သူတွေက ဥပဒေကို လျစ်လျူရှုမျက်ကွယ်ပြုခဲ့သလဲဆိုတာကို သမိုင်းကျေစေချင်လို့ ပြန်လည်ပြောပေးရခြင်းဖြစ်ပါတယ်၊ ဒီဖြစ်စဉ်တွေမှာကျွန်တော်ကိုယ်တိုင်လည်း တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့အနေနဲ့ သတင်းစာရှင်းလင်းပွဲတွေအကြိမ်ကြိမ်ပြုလုပ်ခဲ့တယ်။ နိုင်ငံတကာမီဒီယာတွေရဲ့ ရှေ့မှာပဲ အထောက်အထားခိုင်လုံစွာနဲ့ပြောပြခဲ့တယ်။ အထောက်အထားခိုင်လုံစွာနဲ့ သက်သေပြခဲ့ပြီးဖြစ်ပါတယ်။ မဲမသမာမှုဖြစ်ခဲ့တာကို တရားနည်းလမ်းတကျဖြေရှင်းမပေးဘဲ နိုင်ငံတော်အာဏာကို အဓမ္မနည်းနဲ့ရယူဖို့ ကြိုးစားခဲ့တဲ့ NLD အစိုးရနဲ့ သူတို့ဖွဲ့စည်းပေးထားတဲ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တို့ကသာ ပြည်သူလူထုတစ်ရပ်လုံးနဲ့ နိုင်ငံတော်ရဲ့ စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ် လျှောက်လှမ်းမှုကို ရည်ရွယ်ချက်ရှိရှိ ဖျက်ဆီးခဲ့ခြင်းသာဖြစ်ပါတယ်။ ပြည်သူတွေလိုလားတောင့်တခဲ့တဲ့၊ ဒီလိုဖျက်ဆီးခံရတဲ့ပါတီစုံဒီမိုကရေစနစ်ကို ကျွန်တော်တို့က နည်းစနစ်ကျစွာ ပြန်လည်တည်ဆောက်ပေးနေခြင်းဖြစ်ပါတယ်။

ကျွန်တော်တို့ကျင့်သုံးတဲ့ ဒီမိုကရေစီစနစ်အရ မိမိကိုယ်စားဆောင်ရွက်မယ့် လွှတ်တော်ကိုယ်စားလှယ်တွေကို ပြည်သူလူထုက ရွေးကောက်တင်မြှောက်ပေးရတာဖြစ်ပါတယ်။ ယခုကျင်းပမယ့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲမှာ မဲပေးပိုင်ခွင့်ရှိတဲ့ နိုင်ငံသားတိုင်းကိုလည်း မဲပေးကြပါလို့ အလေးအနက်ထားတိုက်တွန်းပြောကြားလိုပါတယ်၊ ဘာလို့လဲဆိုတော့ ရွေးကောက်ပွဲဆိုတာ ပြည်သူ့အသံကိုနားထောင်၊ ပြည်သူတွေရဲ့ ကောင်းကျိုးဆန္ဒကို ဖြည့်ဆည်းပေးနိုင်တဲ့ အမြန်ဆုံးသော ယန္တရားစနစ်တစ်ခုဖြစ်ပါတယ်။ ကျွန်တော်ထပ်ပြောပါမယ်။ ရွေးကောက်ပွဲဆိုတာ ပြည်သူ့အသံကို နားထောင်၊ ပြည်သူတွေရဲ့ကောင်းကျိုးဆန္ဒကို ဖြည့်ဆည်းပေးနိုင်တဲ့ အမြန်ဆုံးသော ယန္တရားစနစ်တစ်ခုဖြစ်ပါတယ်။ ဒီရွေးကောက်ပွဲမှာ ပြည်သူလူထုအနေနဲ့ ကိုယ်နဲ့အမြင်တူတဲ့သူတွေ၊ ကိုယ်ဖြစ်လိုတဲ့ဆန္ဒကို ထပ်တူ သို့မဟုတ် အနီးစပ်ဆုံးဖြည့်ဆည်းပေးနိုင်တဲ့သူတွေ၊ နိုင်ငံတော်ရဲ့အကျိုးစီးပွား၊ ပြည်သူလူထုရဲ့အကျိုးစီးပွားကို ကိုယ်စားပြုဖော်ဆောင်ပေးနိုင်တဲ့သူတွေကို ကိုယ်တိုင်ရှာဖွေ ရွေးချယ်ခွင့်ရရှိမှာဖြစ်ပါတယ်။ ကိုယ်ရွေးချယ်ပေးလိုက်တဲ့ ရွေးကောက်ခံကိုယ်စားလှယ်ဟာ ကိုယ့်အပေါ်၊ ကိုယ့်ဒေသအပေါ် တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ရှိနေစေဖို့ စောင့်ကြည့်ထိန်းသိမ်းနိုင်မှာဖြစ်ပါတယ်၊ ရွေးကောက်ပွဲမှာ မဲပေးသူများ လေလေ ရွေးကောက်ခံကိုယ်စားလှယ်တစ်ဦးဟာ ပိုပြီးတာဝန်ရှိလေလေဖြစ်ပါတယ်။ ကိုယ်ဖြစ်ချင်တာ၊ ကိုယ်လိုအပ်တာကအစပြုလို့ ကိုယ့်ပတ်ဝန်းကျင်၊ ကိုယ့်မြို့၊ ကိုယ့်ရွာ၊ ကိုယ့်ဒေသ တိုးတက်ဖွံ့ဖြိုးရေးကောင်းကျိုးလိုရာဆန္ဒတွေ၊ ဖြစ်သင့်ဖြစ်ထိုက်တဲ့ဆန္ဒတွေကို ကိုယ်ရွေးချယ်ထားတဲ့ ကိုယ်စားလှယ်ကတစ်ဆင့် အစိုးရဆီကိုတောင်းဆိုနိုင်ခွင့်ရရှိမှာဖြစ်ပါတယ်။ ဒီအခွင့်အရေးကို မိဘပြည်သူအားလုံးက လက်လွှတ်ဆုံးရှုံးမခံကြဖို့လည်း ပြောလိုပါတယ်၊ ဒီနေရာမှာ ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး၊ နိုင်ငံတကာအသိအမှတ်ပြုမှုဆိုတာနဲ့ ပတ်သက်ပြီး ကျွန်တော်ပြောလိုပါတယ်။

၂၀၂၄ ခုနှစ်က ကမ္ဘာတစ်ဝန်းမှာကျင်းပခဲ့တဲ့ ရွေးကောက်ပွဲများမှာ တည်ဆဲအစိုးရတွေအပေါ် နိုင်ငံတကာကဝင်ရောက်စွက်ဖက်မှုတွေပါဝင်တဲ့ အတင်းအကျပ်ပြုလုပ်မှုဖြစ်စဉ်များကိုလည်း ကျွန်တော်တို့တွေ့မြင်နိုင်ပါတယ်။ နိုင်ငံတကာဒီမိုကရေစီနဲ့ ရွေးကောက်ပွဲအထောက်အကူပြုအဖွဲ့ရဲ့ဝက်ဘ်ဆိုက်မှာ ရွေးကောက်ပွဲဆိုင်ရာ နှစ်စဉ်အစီရင်ခံစာအရ ကမ္ဘာတစ်ဝန်းလုံးမှာ ကျင်းပပြုလုပ်ခဲ့တဲ့ရွေးကောက်ပွဲ ၇၄ ခုအနက် ၂၂ ခုသာ တည်ငြိမ်စွာကျင်းပနိုင်ခဲ့တာကိုတွေ့ရပါတယ်။ ကျန်တဲ့ ရွေးကောက်ပွဲတွေမှာတော့ သပိတ်မှောက်တာတွေ၊ ရလဒ်အငြင်းပွားတာတွေ၊ ဆန္ဒပြတာတွေနဲ့ အကြမ်းဖက်မှုတချို့တောင်မှ ဖြစ်ပွားခဲ့ပါတယ်။ နိုင်ငံတကာရဲ့ ဝေဖန်မှု၊ ဝင်ရောက်စွက်ဖက်မှုတွေကိုလည်းတွေ့ရပါတယ်။ ရွေးကောက်ပွဲတစ်ခုကို သမာသမတ်ရှိစွာကျင်းပနိုင်ခြင်းဟာ သက်ဆိုင်ရာနိုင်ငံများရဲ့နိုင်ငံရေးရေချိန်နဲ့သာသက်ဆိုင်ပြီး ကမ္ဘာတစ်ဝန်းလုံးမှာရှိတဲ့ ဒီမိုကရေစီရင့်သန်ပါတယ်ဆိုတဲ့နိုင်ငံများတောင်မှ ရွေးကောက်ပွဲဆိုင်ရာရလဒ်များနဲ့ပတ်သက်ပြီး ဝေဖန်ခံရမှု၊ စိန်ခေါ်မှုများနဲ့ ရင်ဆိုင်ရလေ့ရှိတတ်ကြပါတယ်။

ကျွန်တော်တို့နိုင်ငံဟာ သမိုင်းကြောင်းအရဖြစ်စေ၊ နိုင်ငံရေးမှုအရဖြစ်စေ အချုပ်အခြာအာဏာပိုင်ပြီး လွတ်လပ်တဲ့နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ အချုပ်အခြာအာဏာဟာ မြန်မာနိုင်ငံသားများထံမှဆင်းသက်ပြီး မြန်မာနိုင်ငံတော်တစ်ဝန်းလုံးမှာ တည်ပါတယ်။ ပြီးတော့နိုင်ငံတော်ရဲ့နိုင်ငံခြားရေးမူဝါဒဟာ လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်တဲ့ဝါဒကို ကျင့်သုံးနေတာဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ ဘယ်တုန်းကမှ၊ နောင်လည်းဘယ်တော့မှ သူများတိုင်းပြည်ရဲ့ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်မှာမဟုတ်ပါဘူး။ ဒီလိုပါပဲ ကျွန်တော်တို့နိုင်ငံရဲ့ ပြည်တွင်းရေး၊ ကိုယ့်နိုင်ငံ၊ ကိုယ့်သမိုင်းကြောင်းနဲ့အညီ ဆောင်ရွက်ကြရတဲ့ ရွေးကောက်ပွဲလုပ်ငန်းစဉ်တွေဟာ ကျွန်တော်တို့နိုင်ငံရဲ့ ပြည်တွင်းရေးသက်သက်၊ ကျွန်တော်တို့နိုင်ငံပြည်သူတွေရဲ့အရေးသက်သက်သာဖြစ်ပါတယ်။ တိုင်းတစ်ပါးနိုင်ငံများရဲ့ ဩဇာအာဏာနဲ့ မည်သည့်ဝင်ရောက်စွက်ဖက်မှုကိုမှ ကျွန်တော်တို့နိုင်ငံရဲ့ ရွေးကောက်ပွဲအောင်မြင်အောင် ကျင်းပရေးခရီးလမ်းကို ပျက်ပြားအောင်၊ ပြောင်းလဲအောင် လုပ်လို့မရဘူးဆိုတာ ရှင်းရှင်းလင်းလင်းပြောကြားလိုပါတယ်။ ကျွန်တော်တို့ဟာ မြန်မာနိုင်ငံသားတွေဖြစ်ပါတယ်၊ မြန်မာနိုင်ငံသားတွေရဲ့အနာဂတ်ကို မြန်မာနိုင်ငံသားတွေကပဲ ဖန်တီးပိုင်ခွင့်ရှိပါတယ်။ မြန်မာ့အရေးကို ရွေးကောက်ပွဲမဲပေးတဲ့ ကျွန်တော်တို့နိုင်ငံသားတွေကပဲ အသိအမှတ်ပြု ဆုံးဖြတ်ရပါမယ်။ ဒါဆိုရင်လုံလောက်နေပြီ ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ လွတ်လပ်ပြီးတရားမျှတတဲ့ အထွေထွေရွေးကောက်ပွဲကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ဦးဆောင်ပြီး ကျင်းပပေးသွားမှာဖြစ်ပါတယ်၊ အခုကျင်းပမယ့်ရွေးကောက်ပွဲမှာ နိုင်ငံရေးပါတီပေါင်း ၅၇ ပါတီနဲ့ တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်း ၉၅ ဦးတို့ စုစုပေါင်းကိုယ်စားလှယ်လောင်း ၅၀၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ကြမှာဖြစ်ပါတယ်၊ အခုကျင်းပတဲ့ ရွေးကောက်ပွဲမှာ တိုင်းရင်းသားများနဲ့ လူထုလူတန်းစားအလွှာများကို ကိုယ်စားပြုတဲ့သူတွေ လွှတ်တော်ထဲမှာ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်လာစေဖို့အတွက် ပြည်သူ့လွှတ်တော်ကို

**စာမျက်နှာ ၉ သို့ ➤**



➤ စာမျက်နှာ ၈ မှအဆက်

FPTP စနစ်၊ အမျိုးသားလွှတ်တော်နဲ့ တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်ကို ရောနှောထားတဲ့ ကိုယ်စားလှယ်အချိုးကျစနစ် (MMP)တို့ကို အသုံးပြုဆောင်ရွက်သွားမှာဖြစ်တယ်။ မြန်မာနိုင်ငံရဲ့ ရွေးကောက်ပွဲအပေါ် ကွဲပြားခြားနားတဲ့ နိုင်ငံတကာတုံ့ပြန်မှုများ ရှိနေသော်လည်း မိတ်ဖက်နိုင်ငံများရဲ့ ထောက်ခံမှုများကတော့ အခိုင်အမာရရှိထားပြီးဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ ရွေးကောက်ပွဲ လုပ်ငန်းစဉ်များကိုလည်း အားလုံးကအသိအမှတ်ပြုပြီးဖြစ်ပါတယ်။ ကိုယ့်နိုင်ငံရဲ့ ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို လိပ်ပြာလုံစွာဆောင်ရွက်ထားတဲ့အတွက် မြန်မာနိုင်ငံရဲ့ မိတ်ဖက်နိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ အခြားနိုင်ငံများကိုပါ ကျွန်တော်တို့ရဲ့ ပွင့်လင်းမြင်သာတဲ့ ရွေးကောက်ပွဲလုပ်ငန်းစဉ်တွေကို လာရောက်ကြည့်ရှုလေ့လာဖို့ဖိတ်ခေါ်ထားပြီးဖြစ်ပါတယ်။ ထို့အတူပဲ ပြည်တွင်းပြည်ပနိုင်ငံတကာမီဒီယာများကိုလည်း ဖိတ်ခေါ်ထားပြီးဖြစ်ပါတယ်။ မဲမသမာမှုများမရှိစေဖို့ ခေတ်မီနည်းပညာသုံး MEVM စက်များကိုလည်းအသုံးပြုထားတာဖြစ်ပါတယ်။ ဒါ့ကြောင့် ရွေးကောက်ပွဲက ထွက်ပေါ်လာတဲ့ လွှတ်တော်ဟာ ဂုဏ်သိက္ခာရှိတဲ့ လွှတ်တော်တစ်ရပ်ဖြစ်ကြောင်း ကမ္ဘာကိုချပြနိုင်မှာဖြစ်ပါတယ်။

စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာပြီး ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုကြီး တည်ဆောက်နိုင်ရေးဆိုတဲ့ နိုင်ငံရေးရည်မှန်းချက်အရွေ့တစ်ခုဟာ အစိုးရ၊ ပြည်သူ၊ တပ်မတော်၊ သက်ဆိုင်ရာအဖွဲ့အစည်းများ ပြိုင်တူဝိုင်းပြီး တွန်းကြရင်ဖြင့် ပန်းတိုင်ကိုမှန်မှန်နဲ့မြန်မြန် ရောက်ရှိနိုင်မှာဖြစ်ပါတယ်။ ဒါ့ကြောင့် ဒီနှစ် ဒီဇင်ဘာလနဲ့ နောက်နှစ်ဇန်နဝါရီလအတွင်းမှာ ကျင်းပမယ့်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး အောင်အောင်မြင်မြင်ပြီးမြောက်စေဖို့အတွက်၊ ပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်ပြီး ဆန္ဒမဲပေးကြပါစို့လို့ ပြောကြားလိုပါတယ်။ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမုချအောင်မြင်ရပါမယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

၁၀-၁၁-၂၀၂၅

| | | | | |
|---|---|---|---|---|
| လှည်းကူး | ၂ | ဒသမ | ၈၃ | လက်မ |
| မအူပင် | ၂ | ဒသမ | ၂၄ | လက်မ |
| ပင်လောင်း | ၂ | ဒသမ | ၀၉ | လက်မ |
| မော်လမြိုင် | ၁ | ဒသမ | ၈၀ | လက်မ |
| လေးမျက်နှာ | ၁ | ဒသမ | ၈၀ | လက်မ |
| ပဲခူး | ၁ | ဒသမ | ၇၆ | လက်မ |
| မိုင်းပျဉ်း | ၁ | ဒသမ | ၄၀ | လက်မ |
| ချောင်းဆုံ | ၁ | ဒသမ | ၃၀ | လက်မ |
| မှော်ဘီ | ၁ | ဒသမ | ၁၈ | လက်မ |
| သာယာဝတီ | ၁ | ဒသမ | ၁၈ | လက်မ |


လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

ပြန်လည်ထူထောင်ရေးဦးစီးဌာန

လူကုန်ကူးခံရသူများအတွက် ညွှန်းပို့ချိတ်ဆက်ရေးစင်တာ (ရန်ကုန်၊ မန္တလေး)

ရန်ကုန် ☎ ၀၁-၈၆၆၆၆၁၉

မန္တလေး ☎ ၀၂-၂၈၃၀၄၂၃

ရန်ကုန်လိပ်စာ

အမှတ်(၆၄)၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်။

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီလိုအပ်ပါက ဆက်သွယ်အကူအညီ တောင်းခံနိုင်ပါသည်။

မန္တလေးလိပ်စာ

ရွှေကျောင်သံလမ်းအနီး၊ ဘုန်းတော်တိုးရပ်၊ အောင်မြေသာစံမြို့နယ်။


## MWD Variety Channel

၁၁-၁၁-၂၀၂၅(အင်္ဂါနေ့)

၁။ ၀၉:၃၅ သိမှတ်ဖွယ်ရာသုတကမ္ဘာ
၂။ ၁၀:၃၈ ကျန်းမာသောဘဝ
၃။ ၁၁:၃၅ ဖတ်ပါမှတ်ပါလေ့လာပါ
၄။ ၁၂:၄၅ ဥပဒေမှတ်စု
၅။ ၁၅:၄၅ ကြည်နူးဖူးမြော် ဘုရားပုထိုးစေတီတော်
၆။ ၁၆:၄၅ Sport Icon

## အလွတ်တန်းအမျိုးသား ဘောလုံးပြိုင်ပွဲကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၀

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ဘုရင့်နောင်ရပ်ကွက်အုပ်ချုပ်ရေးမှူးဖလား အလွတ်တန်း အမျိုးသားဘောလုံးပြိုင်ပွဲကို နိုဝင်ဘာလ ၉ ရက် ညနေပိုင်းတွင် အဆိုပါရပ်ကွက်ရှိအခြေခံပညာအလယ်တန်းကျောင်း အားကစားကွင်း၌ ကျင်းပသည်။

ရေးဦးစွာ ဘောလုံးပြိုင်ပွဲအား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်သူ၊ အဖွဲ့ဝင် ရဲမှူးမြစိုးနှင့် တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် Golden Brother FC အသင်းနှင့် Team Alli အသင်းတို့ အဖွင့်ပွဲစဉ်အဖြစ်ယှဉ်ပြိုင်ကစားကြရာ Golden Brother FC အသင်းက Team Alli အသင်းကို ၄ ဂိုး ၂ ဂိုးဖြင့် အနိုင်ရရှိသည်။

အဆိုပါ ရပ်ကွက်အုပ်ချုပ်ရေးမှူးဖလား အလွတ်တန်း အမျိုးသားဘောလုံးပြိုင်ပွဲတွင် အသင်းရှစ်သင်းပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ဗိုလ်လုပွဲနှင့်ဆုပေးပွဲအခမ်းအနားကို နိုဝင်ဘာလ ၂၉ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (၄၁၃)



## ပင်းတယမြို့နယ်၌ စိုက်ပျိုးထားသော တောင်ယာစပါးခင်းများ ရိတ်သိမ်းခြွေလှေ့သိမ်းဆည်း

ပင်းတယ နိုဝင်ဘာ ၁၀

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်းတယမြို့နယ်ရှိရပ်ကွက်/ကျေးရွာအုပ်စုများ၌ စိုက်ပျိုးထားသော တောင်ယာစပါးခင်းများ ရင့်မှည့်လာပြီဖြစ်၍ နိုဝင်ဘာလပထမပတ်မှစတင်ကာ ရိတ်သိမ်းခြွေလှေ့သိမ်းဆည်းကြကြောင်းသိရသည်။

အဆိုပါပင်းတယမြို့ပေါ် ရပ်ကွက်များနှင့် ကျေးရွာအုပ်စု ၂၇ အုပ်စု ကျေးရွာပေါင်း ၁၃၅ ရွာ၌နေထိုင်ကြသည့် ဓနု၊ တောင်ရိုး၊ ပအိုဝ်း၊ ပလောင်၊ ရှမ်း အစရှိသော တိုင်းရင်းသားများ စိုက်ပျိုးထားသော တောင်ယာစပါးများကို ရိတ်သိမ်းခြင်းဖြစ်သည်။ ရိတ်သိမ်းခြွေလှေ့မှုလုပ်ငန်းများကို သက်ဆိုင်ရာကျေးရွာနေပြည်သူအပေါင်းများက ဝိုင်းဝန်းကူညီလုပ်အားပေးမှုဖြင့် အောင်မြင်စွာဆောင်ရွက်လုပ်အားပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် ပင်းတယမြို့နယ်ရှိ တိုင်းရင်းသားများသည် မိသားစုတောင်ယာစပါးခင်းများမှ ထွက်ရှိသည့်ဆန်များကို ဝိုင်းဝန်းလုပ်အားပေးကြသည့် ကျေးရွာနေပြည်သူများအား ဦးဦးဖျားဖျား ချက်ပြုတ်ကျွေးမွေးကြကြောင်း၊ ဒရယ်အင်းကျေးရွာနေ တောင်သူ ဒေါ်ဦးထံမှ သိရသည်။ (၄၀၅)

## မြန်မာပီသကြပါစို့

❖ မြန်မာ့စိတ်ရင်း၊ ရိုးပွင့်လင်း၍
ရိုင်းပင်းဖြောင့်မတ်၊ ကူညီတတ်သည်
မွန်မြတ်သဒ္ဓါ၊ ထက်သန်ပါ၏။

❖ မြန်မာဆိုတာ၊ မြဲခိုင်မာ၍
သစ္စာတရားလည်း ရှိပါ၏။

❖ မြန်မာ့တရား၊ တစ်ပါးသူ့ပေါ်
စော်ကားကျူးကျော်၊ မမြင်မြော်မိ
ကိုယ့်ပေါ်ကျူးကျော်၊ ရန်စသော်ကား
တော်မှန်သောစစ် ဆင်နွှဲ၏။

❖ ကိုယ့်ရေကိုယ့်မြေ၊ ကိုယ့်အဆွေတို့
တေဇာတန်ခိုး၊ ဘယ်မည့်သို့အောင်
ကြိုးပမ်းစောင့်ရှောက် ကြပါစို့။

❖ တစ်စိတ်တစ်ဝမ်း၊ တူလျှောက်လှမ်းရင်း
သက်တမ်းကမ္ဘာတည်၊ အစွန့်ရှည်အောင်
ညီညာထိန်းသိမ်း ကြပါစို့။

❖ ပြည်ထောင်တစ်ဝန်း၊ ရွှေဘုံနန်းသို့
လန်းဆန်းမွေးလှ၊ ထုံကြည်မြအောင်
ထာဝရငြိမ်းချမ်းရေး၊ ဖော်ဆောင်ပေးရင်း
သွေးချင်းများတို့ ညီညွတ်စို့။

❖ ဤခံယူချက်၊ ယုံကြည်လျက်သာ
လေးနက်သစ္စာ၊ မြင့်မြတ်စွာဖြင့်
မြန်မာပြည်ဖွား၊ မြန်မာများသည်
စွမ်းအားသတ္တိ ရင်ထဲရှိ။
နိုးကြားအသိ စဉ်မြဲ၏။
ဓားသွားလည်းမြည့် သွေးရဲ၏။ ။

မင်းသစ်ဝင်း

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၁-၁၁-၂၀၂၅(အင်္ဂါနေ့)

၁။ ၀၆:၀၀ တရားတော်
၂။ ၀၈:၃၀ မောင်မယ်လေးများ သိစေချင်
၃။ ၀၉:၀၀ ရင်မှာစွဲလမ်း တော်ဝင်ပန်း
၄။ ၁၀:၀၀ စိုက်ပျိုးသုတ
၅။ ၁၁:၀၀ သီချင်းလက်ဆောင်
၆။ ၁၃:၀၀ Movie & Movies
၇။ ၁၅:၀၀ မြန်မာသံစဉ်ချိုနှားဝင်
၈။ ၁၆:၀၀ ကိုယ်လက်လှုပ်ရှားအားကစား
၉။ ၁၈:၃၀ CGTN Nature အပိုင်း(၂၀)
၁၀။ ၁၉:၀၀ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ နိုင်ငံရေးပါတီများ၏ ဟောပြောချက် အစီအစဉ်

# အကြိမ်(၂၀)မြောက် အာဆီယံ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးကော်မတီအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၀

အကြိမ်(၂၀)မြောက် အာဆီယံ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးကော်မတီ (ACCMSME) အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Park Royal ဟိုတယ်၌ ကျင်းပသည်။



အစည်းအဝေးသို့ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ လုပ်ငန်းကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်၊ လုပ်ငန်းကော်မတီဝင် ဒုတိယဝန်ကြီးများ၊ ဆက်စပ်ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်သူများအသင်း ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဘဏ်များအသင်းဒုတိယဥက္ကဋ္ဌ၊နေပြည်တော် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များတက်ရောက်ကြပြီး အကြိမ်(၂၀)မြောက် အာဆီယံအသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး ကော်မတီ အလှည့်ကျဥက္ကဋ္ဌ ထိုင်းနိုင်ငံအသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ မြှင့်တင်ရေးဌာန လက်ထောက်ညွှန်ကြားရေးမှူးချုပ် Mr. Wittawat နှင့် အာဆီယံနိုင်ငံများမှ တာဝန်ရှိသူများက Virtual ဖြင့် တက်ရောက်ကြသည်။

ဦးစွာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများသည် အာဆီယံနိုင်ငံများ၏ စီးပွားရေးအခြေခံအုတ်မြစ်ဖြစ်ပြီး စီးပွားရေးတိုးတက်မှုနှင့် အလုပ်အကိုင်ဖန်တီးမှုတွင် အရေးအပါဆုံးအခန်းကဏ္ဍတွင်ပါဝင်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဒစ်ဂျစ်တယ်နည်းပညာ၊ ဆန်းသစ်တီထွင်မှုနှင့် ရေရှည်တည်တံ့သော အလေ့အကျင့်များမှတစ်ဆင့် MSME များကို စွမ်းဆောင်ရည်မြှင့်တင်ပေးရေးဆိုင်ရာ အာဆီယံ၏ဘုံရည်မှန်းချက်ကို အပြည့်အဝထောက်ခံကြောင်း။

အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် MSME များအတွက် ဒစ်ဂျစ်တယ်လက်ခံမှုနှင့် နည်းပညာအဆင့်မြှင့်တင်မှု၊ ဒေသတွင်းနှင့် ကမ္ဘာ့တန်ဖိုးကွင်းဆက်များတွင် ယှဉ်ပြိုင်နိုင်သော MSME များဖြစ်လာစေရန်၊ ဘဏ္ဍာရေးယန္တရားများအား လက်လှမ်းမီအသုံးပြုခွင့်ရရှိရေး၊ အားလုံးပါဝင်မှုနှင့် ရေရှည်တည်တံ့မှု၊ အာဆီယံမူဘောင်များအောက်တွင် အားလုံးပါဝင်မှုရှိသော စျေးကွက်ပေါင်းစည်းမှု၊ MSME လုပ်ငန်းများ၏ ယှဉ်ပြိုင်နိုင်စွမ်းနှင့်ပြန်လည်ထူထောင်နိုင်စွမ်းအတွက် စွမ်းရည်တည်ဆောက်ခြင်းနှင့် အသိပညာဖလှယ်ခြင်း၊ အာဆီယံလုပ်ငန်းများနှင့် မူဝါဒချမှတ်သူများအား အစိမ်းရောင် အသွင်ကူးပြောင်းရန်လိုအပ်သော ကျွမ်းကျင်မှုများ မြှင့်တင်ပေးခြင်းတို့နှင့်စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်မှုကို ဆက်လက်အားကောင်းစေရန် စုပေါင်းအားဖြင့် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် တီထွင်ဆန်းသစ်မှုအားကောင်းသည့် MSME များ ပေါ်ထွန်းလာရေး၊ ရေရှည်တည်တံ့သည့် MSME ဝန်းကျင်တစ်ခုဖြစ်ပေါ်လာရေး ဆောင်ရွက်လျက်ရှိသည့် အာဆီယံ၏ဦးဆောင်ဦးရွက်ပြုမှုများကို အမြဲထောက်ခံအားပေးကြောင်း၊ ထို့ပြင် မိတ်ဖက်ဆက်ဆံရေးများ၊ အသိပညာမျှဝေခြင်းများနှင့် ဒေသတွင်းစည်းလုံးညီညွတ်မှုတို့မှတစ်ဆင့် MSME များသည် တန်းတူညီမျှပြီး ရေရှည်တည်တံ့သော တိုးတက်မှုအတွက် စွမ်းအားပြည့်နေသော အင်ဂျင်များအဖြစ် ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

ထို့နောက် ထိုင်းနိုင်ငံ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများမြှင့်တင်ရေးဌာန လက်ထောက်ညွှန်ကြားရေးမှူးချုပ်က ဒေသတွင်းပူးပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မာအားကောင်းစေရေးအတွက်ကော်မတီဝင်အားလုံး MSME များ ရင်းနှီးမြှုပ်နှံမှုရရှိရေး၊ အားလုံးပါဝင်လုပ်ကိုင်နိုင်သည့် စီးပွားရေးဝန်းကျင်ကောင်း ဖန်တီးပေးနိုင်ရေး၊ အမျိုးသမီးစွန့်ဦးတီထွင်လုပ်ငန်းရှင်များ၏ အခန်းကဏ္ဍတို့ကို မြှင့်တင်ပေးနိုင်ရေးအတွက် ၂၀၂၅ ခုနှစ်အတွင်း ဆန်းစစ်မှုပြုလုပ်ရန်ကတိကဝတ်ပြုထားခဲ့ကြပြီးဖြစ်ကြောင်း၊ ၂၀၃၀ ပြည့်နှစ် ဆန်းစစ်မှုအဖြစ် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုနှင့် အနာဂတ်တွင် MSME များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရေးကို ပူးပေါင်းပါဝင်မြှင့်တင်သွားနိုင်ရေး ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ယနေ့အစည်းအဝေးတွင် ၂၀၂၅ ခုနှစ် ဆန်းစစ်မှုကို ပြန်လည်သုံးသပ်ခြင်းနှင့် ၂၀၃၀ ပြည့်နှစ်ကို ပြန်လည်သုံးသပ်ခြင်း အကောင်အထည်ဖော်နိုင်ရေးဆောင်ရွက်ချက်များကို အမြင်ချင်းဖလှယ်သွားကြရန်နှင့် အာဆီယံဆိုင်ရာအသင်းအဖွဲ့များ၊ မိတ်ဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ဖော်ဆောင်နိုင်ရေးဆိုင်ရာကိစ္စရပ်များကို အလေးထားဆွေးနွေးသွားကြရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ၌ MSME များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် Video Clip ကိုပြသပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ညနေပိုင်းတွင် အကြိမ်(၂၀)မြောက် အာဆီယံ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများပူးပေါင်းဆောင်ရွက်ရေးကော်မတီ (ACCMSME) အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ၏ ဂုဏ်ပြုညစာစားပွဲကို Park Royal ဟိုတယ်၌ ကျင်းပခဲ့ကြောင်းနှင့် အဆိုပါ အကြိမ်(၂၀) မြောက် အာဆီယံ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးကော်မတီ (ACCMSME) အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကိုလေးရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မြဝတီ

# (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားအဖွဲ့များကို ထောက်ပံ့ချီးမြှင့်ငွေပေးအပ်

ရန်ကုန် နိုဝင်ဘာ ၁၀

၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၉ ရက်မှ ၂၀ ရက်အထိ ထိုင်းနိုင်ငံ၌ ကျင်းပမည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားအဖွဲ့များ အောင်မြင်မှုရရှိစေရေးနှင့် ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် ရန်ကုန်တိုင်းဒေသကြီးမှ ရွေးချယ်ခံရသည့် အုပ်ချုပ်သူ/ နည်းပြများနှင့် အားကစားသမားများအတွက် ရန်ကုန်တိုင်းဒေသကြီးမှ ထောက်ပံ့ချီးမြှင့်ငွေပေးအပ်သည့်အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်ပဒေသာအားကစားကွင်းရှိ အားကစားနှင့်ကာယပညာဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါအခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားအဖွဲ့များအား ထောက်ပံ့ချီးမြှင့်ငွေကျပ်သိန်း ၁၀၀၀ တိတိကို ပေးအပ်ရာ ပြည်ထောင်စုဝန်ကြီးက လက်ခံရယူပြီး (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီးမှ ရွေးချယ်ခံရသည့် အုပ်ချုပ်သူ/ နည်းပြ အားကစားသမားများအတွက် ထောက်ပံ့ချီးမြှင့်ငွေကျပ်သိန်း ၁၃၆၅၀၀၀၀ ကိုပေးအပ်ရာ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးတို့က လက်ခံရယူသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ပြေးခုန်ပစ်အားကစားနည်းမှ မီတာ ၈၀၀ အပြေးနှင့် လုံတံပစ်အားကစားနည်းတို့၏ လက်ရည်စမ်း စံချိန်ဆန်းစစ်နေမှုများကို ကြည့်ရှုအားပေးပြီး (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ရွှေစံချိန်များထက်သာလွန်ကောင်းမွန်သည့် စံချိန်များရရှိခဲ့သည့် အားကစားသမားများအား ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုချီးမြှင့်ငွေများကို ထောက်ပံ့ပေးအပ်ချီးမြှင့်သည်။




ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သဃ်န်းကျွန်းမြို့နယ် လူငယ်အားကစားလေ့ကျင့်ရေးစခန်း သုဝဏ္ဏရှိ တိုက်ကွမ်ဒိုအားကစားရုံ၌ တိုက်ကွမ်ဒို အားကစားသမားများ၏ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားနည်းအမျိုးအစားအလိုက် Mix Team အသင်းလိုက်ကကွက်၊ အတိုက်ကကွက်၊ တစ်ဦးချင်းကကွက် လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးပြီး အုပ်ချုပ်/နည်းပြများနှင့် အားကစားသမားများအားတွေ့ဆုံ၍ လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သုဝဏ္ဏဘောလုံးလေ့ကျင့်ရေးကွင်း(၁)တွင် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာသိပ္ပံကိုယ်စားပြု ISPE ဘောလုံးအသင်း၏ လေ့ကျင့်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ကမ္ဘာ့အဆင့်နှင့် အာရှအဆင့်မီလက်ရွေးစင်ဘောလုံးအသင်းများနှင့်ယှဉ်ပြိုင်၍ အတွေ့အကြုံများရရှိပြီး ခြေစွမ်းများမြှင့်တင်၍ အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ထိုက်သင့်သည့် အောင်မြင်မှုများရရှိစေရန် အတွက် သက်ဆိုင်ရာအားကစားနည်းစနစ်များ၊ ကစားပုံ၊ ကစားကွက်များပြောင်းပြီး ခံစစ်စနစ်မှတိုက်စစ်စနစ်အဖြစ် ပြောင်းလဲကစားနိုင်အောင်ကြိုးစားကြရန်လိုကြောင်း၊ မြန်မာ့အားကစားအဆင့်အတန်းမြှင့်တက်စေရန်နှင့် နိုင်ငံတော်၏ ဂုဏ်သိက္ခာကို ဘောလုံးအားကစားနည်းဖြင့် မြှင့်တင်နိုင်သူများဖြစ်ပြီး ထိုက်တန်သည့်အောင်မြင်မှုများရရှိစေရေးအတွက် အစွမ်းကုန်ကြိုးစားအားထုတ်သွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# ရန်ကုန်တိုင်းဒေသကြီးရှိဟိုတယ်များမှ လုံခြုံရေးဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး မြန်မာ့ရိုးရာသိုင်းသင်တန်းဆင်းပွဲ အခမ်းအနားကျင်းပ

**နေပြည်တော်   နိုဝင်ဘာ   ၁၀**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိဟိုတယ်များတွင် တာဝန်ထမ်းဆောင်နေကြသော လုံခြုံရေးဝန်ထမ်းများ၏ စွမ်းဆောင်ရည်ကို ပိုမိုမြှင့်တင်ပေးနိုင်ရန် ရည်ရွယ်ဖွင့်လှစ်လျက်ရှိသည့် မြန်မာ့ရိုးရာသိုင်းသင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ကမ္ဘာလှည့်ရဲတပ်ဖွဲ့မှတာဝန်ရှိသူများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများ၊ ရန်ကုန်တိုင်းဒေသကြီးမြန်မာ့သိုင်းဆပ်ကော်မတီဥက္ကဋ္ဌ၊ သင်တန်းနည်းပြဆရာများ၊ သင်တန်းသားများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဟိုတယ်များမှ လုံခြုံရေးဆိုင်ရာဝန်ဆောင်မှုပေးနေသောဝန်ထမ်းများအား မြန်မာ့ရိုးရာသိုင်းသင်တန်းဖွင့်လှစ်ပေးခြင်းသည် မြန်မာ့သိုင်းပညာရပ်များ ပြန့်ပွားရေးအတွက် သာမက မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ပြန်လည်ဖော်ထုတ်ထိန်းသိမ်းတတ်စေမည်ဖြစ်ကြောင်း၊ မြန်မာ့ရိုးရာသိုင်းသင်တန်းများကို နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ ညောင်ရွှေ စသည့် ခရီးစဉ်ဒေသများတွင် ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး ပါဝင်တက်ရောက်သူများအနေဖြင့် သင်တန်းမှရရှိခဲ့သည့်ဗဟုသုတများ၊ အတွေ့အကြုံကောင်းများကို မိမိတို့နယ်ပယ်ပတ်ဝန်းကျင်သို့ မျှဝေပေးနိုင်ရေး ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားပြီး သင်တန်းသားများအား သင်တန်းဆင်းအောင်လက်မှတ်ပေးအပ်ကာ နည်းပြဆရာများအား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်သည်။



ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က သင်တန်းထူးချွန်ဆုရ သင်တန်းသားများအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်ပြီး သင်တန်းသားများက မြန်မာ့ရိုးရာအခြေခံသိုင်းပညာဖြင့် သရုပ်ပြသခဲ့ကြကြောင်း သိရသည်။

မြဝတီ

# တောင်သူများပူးပေါင်းပါဝင်သည့် မျိုးရွေးချယ်ခြင်းနည်းလမ်းကို သုတေသီဝန်ထမ်းများ နည်းပညာသရုပ်ပြ

**နေပြည်တော် နိုဝင်ဘာ ၁၀**

တောင်သူများ ပူးပေါင်းပါဝင်သည့် မျိုးရွေးချယ်ခြင်း( Participatory Varietal Selection) နည်းလမ်းကို သုတေသီဝန်ထမ်းများအား နည်းပညာသရုပ်ပြခြင်း အစီအစဉ်ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရေဆင်းရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာန စပါးသီးနှံသုတေသနဌာနခွဲ စပါးသုတေသနဗဟိုဌာနစိုက်ကွင်း၌ ကျင်းပသည်။

သရုပ်ပြပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က "Participatory Plant Breeding "နည်းလမ်းတွင် အသုံးပြုထားသော Selected Bulk Method (ရွေးချယ်၍စုစည်းမွေးမြူသောနည်းစနစ်) ၏အခြေခံသဘောတရားများ၊ Pedigree နှင့် Bulk Method တို့၏ ကွာခြားချက်များ၊ Modified Bulk method (ပြုပြင်ထားသော စုပေါင်းမွေးမြူရေးနည်းစနစ်) အပါအဝင် Bulk Methodology အမျိုးမျိုးတို့နှင့် စပ်လျဉ်း၍သိကောင်းစရာများ၊ အပင်ဇီဝကမ္မဗေဒဆိုင်ရာအချက်အလက်များနှင့် စပ်လျဉ်း၍ လေ့လာသင့်သည်များ၊ အခြားထည့်သွင်းစဉ်းစားရမည့်အချက်များနှင့် သတိပြုရမည့်အချက်များကို အသေးစိတ်ရှင်းလင်းပို့ချဆွေးနွေးပြီး သုတေသနရလဒ်ကို ကွင်းဆင်းကြည့်ရှုအကဲဖြတ်ကြသည်။

အဆိုပါ နည်းပညာသရုပ်ပြပွဲသို့ စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ သီးနှံမျိုးကူးစပ်မွေးမြူသူပညာရှင်များ၊ မျိုးစေ့ထုတ်လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လျက်ရှိကြသည့် စိုက်ပျိုးရေးဦးစီးဌာန ပညာရှင်များ၊ စိုက်ပျိုးရေးတက္ကသိုလ် မျိုးမွေးမြူကူးစပ်ခြင်းနှင့် မော်လီကျူလာနည်းပညာဆိုင်ရာ



ပါမောက္ခ ၊ ဆရာ၊ ဆရာမများနှင့် ဘွဲ့လွန်ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မျိုးမွေးမြူကူးစပ်ခြင်းလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်လျက်ရှိကြသည့် ပညာရှင်များကို စိုက်ပျိုးရေးသုတေသနဦးစီးဌာန နဝရတ်ခန်းမ၌တွေ့ဆုံ၍ နိုင်ငံတော်၏ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သုတေသနကဏ္ဍ (Research) နှင့် ဖွံ့ဖြိုးရေးကဏ္ဍ(Development)တို့ဖြစ်သည့် စိုက်ပျိုးပညာပေးရေးနှင့်နည်းပညာပြန့်ပွားရေးလုပ်ငန်းများ ဟန်ချက်ညီညီ အရှိန်အဟုန်ဖြင့် ရှေ့ဆက်ရန်လိုအပ်ချက်များ၊ မျိုးမွေးမြူရေးစံလုပ်ငန်းစဉ် (Breeding SoP)ကို စနစ်တကျပြင်ဆင်ရန်လိုအပ်မှုနှင့် ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေရှိသော မျိုးများရရှိရေးအတွက် အထူးအလေးထားဆောင်ရွက်ကြရန် လိုအပ်ချက်များ၊ ပေါ်ဆန်းနှင့်တောင်ပြန်ကဲ့သို့သော ဒေသမျိုးများအား မျိုးထွန်းမွေးမြူခြင်းတွင် Mutation Breeding ကို အသုံးပြုသွားရန်၊ ပေါ်ဆန်းစပါးအားသင့်လျော်သည့် အခြားမျိုးတူစပါးမျိုးများနှင့် မျိုးကူးစပ်မွေးမြူ၍ အားနည်းချက်များကိုပြုပြင်ရန်၊ ပေါ်ဆန်းစပါးအတွက် မျိုးထိန်းသိမ်းသန့်စင်ခြင်း (Maintenance Breeding) လုပ်ငန်းများ စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်သွားရန်၊ မျိုးစေ့ဘဏ်အတွင်းထိန်းသိမ်းထားသည့်မျိုးများအား ကွင်းအတွင်း စိုက်ပျိုးထိန်းသိမ်းသည့်လုပ်ငန်းစဉ်များဆောင်ရွက်၍ မျိုးထိန်းလုပ်ငန်းအား စနစ်တကျဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။

အလားတူ ဒုတိယဝန်ကြီးက မျိုးစပ်မွေးမြူခြင်းလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်နေသူပညာရှင်များအနေဖြင့် သုတေသနဖွံ့ဖြိုးတိုးတက်ရေးအတွက်AI နည်းပညာ၏ အရေးပါမှုနှင့် AI နည်းပညာအား အကျိုးရှိရှိအသုံးချ၍ သုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပိုမိုအားဖြည့်ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# အခွန်ထမ်းပြည်သူများအနေဖြင့် မိမိတို့ပေးဆောင်ရမည့်အခွန်ကို ကြည်ဖြူကျေနပ်စွာပေးဆောင်နိုင်ရေး အခွန်ပညာပေးလုပ်ငန်းများ ပိုမိုဆောင်ရွက်ရန်လို

**ရန်ကုန်   နိုဝင်ဘာ   ၁၀**

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးရုံးရှိ တာဝန်ရှိသူများ၊ မြို့နယ်အခွန်ဦးစီးဌာနမှူးများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ငွေများရရှိစေရေး တည်ဆဲဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ကောက်ခံဆောင်ရွက်ရန် လိုအပ်သကဲ့သို့ အခွန်ထမ်းပြည်သူများအနေဖြင့်လည်း မိမိတို့ပေးဆောင်ရမည့်အခွန်ကို ကြည်ဖြူကျေနပ်စွာပေးဆောင်နိုင်ရေး အခွန်ပညာပေးလုပ်ငန်းများ ပိုမိုဆောင်ရွက်ရန် မှာကြားပြီး ဝန်ထမ်းများ၏လုပ်ငန်းဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များမှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ရန်ကုန်တိုင်းဒေသကြီး အခွန်ကောက်ခံမှုအထောက်အကူပြုအဖွဲ့နှင့်တွေ့ဆုံ၍ တိုင်းဒေသကြီးအတွင်း အခွန်အရပ်ရပ်ကောက်ခံမှုဆိုင်ရာလုပ်ငန်းစဉ်များကို အသေးစိတ်ဆွေးနွေးကာ အခွန်နှုန်းထားကိုမတိုးမြှင့်ဘဲ အခွန်အခြေကိုချဲ့ထွင်ခြင်းနှင့် အခွန်လွတ်ကင်းမှုများ မဖြစ်ပေါ်စေရေး ဆောင်ရွက်မည့်အစီအစဉ်များကို အလေးထားဆွေးနွေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ပြည်တွင်းအခွန်များဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ဗိုလ်တထောင်မြို့နယ် ၄၇ လမ်းရှိ အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး (၂) ပြောင်းရွှေ့ဖွင့်လှစ်မည့် အဆောက်အအုံအကြီးစားပြင်ဆင်နေမှု အခြေအနေများကို သွားရောက်စစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့ပြင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန စာရေးဝန်ထမ်းအခြေခံသင်တန်းအမှတ်စဉ်(၁/၂၀၂၅) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး(၁) သင်တန်းခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူ ၈၀ ဦး တက်ရောက်ကြပြီး ဒုတိယဝန်ကြီးက သင်တန်းဖွင့်အမှာစကားပြောကြားကြောင်း သိရသည်။

မြဝတီ

## ၁၀-၁၁-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ (၅,၉၇၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# ဒီမိုကရက်တစ်အင်အားစုလေဘာပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

**နေပြည်တော် နိုဝင်ဘာ ၁၀**

ဒီမိုကရက်တစ်အင်အားစုလေဘာပါတီ အထွေထွေအတွင်းရေးမှူး ဦးဝင်းမြင့်မောင်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာလ ၁၀ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။

အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-



**ဦးဝင်းမြင့်မောင် (အထွေထွေအတွင်းရေးမှူး ဒီမိုကရက်တစ်အင်အားစုလေဘာပါတီ)**

လေးစားအပ်ပါသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြပါသော ရဟန်းရှင်လူ မိဘလုပ်သားပြည်သူအပေါင်းတို့ ခင်ဗျာ။

ကျွန်တော်တို့ ဒီမိုကရက်တစ် အင်အားစုလေဘာပါတီ မန္တလေးတိုင်းဒေသကြီးအခြေစိုက်ပါတီမှ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ (၂၈)ရက်နေ့၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ပါဝင်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။

ကျွန်တော်ကတော့ ဒီမိုကရက်တစ်အင်အားစုလေဘာပါတီမှ အထွေထွေအတွင်းရေးမှူး ဦးဝင်းမြင့်မောင်ဖြစ်ပါတယ်ဆိုတာ မိတ်ဆက်ပါရစေ။ ကျွန်တော်တို့ပါတီအနေဖြင့် ပါတီ၏ရှေ့လုပ်ငန်းစဉ်၊ တိုင်းပြည်နှင့်လူမျိုးအပေါ် တာဝန်ဝတ္တရားအသီးသီးရှိကဏ္ဍအလိုက် ဖော်ဆောင်ပေးမည့်တာဝန်များကို တင်ပြဟောပြောသွားမှာဖြစ်ပါတယ်။

နံပါတ်(၁)အနေနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းနေထိုင်သည့် ပြည်ထောင်စုသားတိုင်း လူမျိုး ကျား/မနေထိုင်ရာ ဆင်းရဲချမ်းသာ မရွေး နိုင်ငံရေးလွတ်လပ်ခွင့်အပြည့်အဝရရှိရေးဖြစ်ပါတယ်။

နံပါတ် (၂) လူမှုရေးလွတ်လပ်ခွင့်နှင့် ဒီမိုကရေစီလူ့အခွင့်အရေးတန်းတူညီမျှထွန်းကားစေရေးအား မြန်မာနိုင်ငံတွင် ထွန်းကားလာစေရန် လုပ်ဆောင်သွားမှာဖြစ်ပါတယ်။

နံပါတ်(၃)မြန်မာပြည်သူပြည်သားအားလုံးသည် ဥပဒေနှင့်အညီ လှုပ်ရှားမှုကဏ္ဍအသီးသီး ပါဝင်ဆောင်ရွက်နိုင်ရေး။

နံပါတ်(၄)ပါတီ၏လုပ်ငန်းစဉ်တိုင်း အဓိကဖော်ဆောင်နိုင်ရန် လိုအပ်သောရန်ပုံငွေ ရရှိဖော်ဆောင်သွားမှာဖြစ်ပါတယ်။

နံပါတ်(၅)ပါတီ၏ အဆင့်အားလုံးတွင် တိုင်းရင်းသား အမျိုးသား၊ အမျိုးသမီးအားလုံး တန်းတူပါဝင်ဆောင်ရွက်ရေးကို တည်ဆောက်သွားမှာဖြစ်ပါတယ်။

နံပါတ်(၆)ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်သော လူမျိုးစုအချင်းချင်းလေးစားမှု၊ ယုံကြည်မှု၊ ပူးပေါင်းဆောင်ရွက်မှုများ အားကောင်းလာစေရန် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

နံပါတ်(၇)ဒီမိုကရက်တစ်အင်အားစုလေဘာပါတီ ပါတီဝင်များ၏ သစ္စာအဓိဋ္ဌာန်မှာ -

(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တိုင်းရင်းသားပြည်သူများအပေါ် သစ္စာစောင့်သိပါမည်။

(၂) ပါတီဝင်အချင်းချင်းသစ္စာရှိပါမည်။

(၃) ပါတီ၏တာဝန်ဝတ္တရားများကို ကျေပွန်စွာထမ်းဆောင်ပါမည်။

(၄) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော ပြည်သူလူထု၏အကျိုးစီးပွားကိုအစဉ်အမြဲကာကွယ်စောင့်ရှောက်ပါမည်။

ပါတီ၏ သစ္စာ(၄)ချက်အားဦးထိပ်ပန် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

နံပါတ် (၈)ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာ တိုးတက်ရေးဖြစ်သည့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေး၊ ဒီမိုကရေစီအရေး၊ငြိမ်းချမ်းရေးအချက်ကျသည့်လုပ်ငန်းစဉ်များကို အလေးအနက်ထား၍အောင်မြင်ရန်တိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့်အတူ ကြိုးစားပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

နံပါတ်(၉)မိမိတို့နေထိုင်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံရှိ လူမျိုးစု(၁၃၅)မျိုးရှိတဲ့ တိုင်းရင်းသားများနှင့်အတူ ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်ရေးသည် မိမိတို့၏ ပါတီတာဝန်အဖြစ် ခံယူအပ်ပါတယ်။

နံပါတ်(၁၀)ဒီမိုကရက်တစ်အင်အားစုလေဘာပါတီ ယုံကြည်သော ဒီမိုကရေစီစနစ်တွင် လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ ညီမျှခြင်းဟူသော လောကပါလတရားများထွန်းကားကျင့်သုံးနိုင်ရေး၊ နိုင်ငံရေးလွတ်လပ်မှုနှင့် စီးပွားရေးလွတ်လပ်မှု၊ တရားစီရင်ရေးလွတ်လပ်မှု၊ လွတ်လပ်စွာ ဟောပြောစည်းရုံးနိုင်မှု စသည့်လွတ်လပ်မှုအခြေခံအခွင့်အရေးများကို ပြည်သူတို့အပြည့်အဝခံစားနိုင်ကြစေရန်တို့ကို ကြိုးစားလုပ်ဆောင်သွားမှာဖြစ်ပါတယ်။

**နိဂုံးချုပ်အနေဖြင့် -**

လေးစားတန်ဖိုးထားရပါသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့် ရဟန်းရှင်လူ မိဘလုပ်သားပြည်သူအပေါင်းတို့နှင့် ပါတီစုံဒီမိုကရေစီအောင်မြင်စေရန် ကြိုးစားအားထုတ်ကြသော ခေါင်းဆောင်ကြီးများအား ဒီမိုကရက်တစ်အင်အားစုလေဘာပါတီမှ ဘေးဘယာတွေ ဝေးကွာကြပြီး ချမ်းသာသုခနှစ်ဖြာပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းဆုပြုလျက်...

အားလုံးကို ကျေးဇူးအထူးတင်ပါတယ်။

## ပဲခူးမြို့နယ်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေး



**ပဲခူး နိုဝင်ဘာ ၁၀**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ခုတင်-၅၀၀ ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများပါဝင်သော ကျန်းမာရေးဝန်ထမ်းများသည် နိုဝင်ဘာလ ၉ ရက် နံနက်ပိုင်းတွင် ပဲခူးမြို့နယ် အင်းတကော်မြို့ ကျေးလက်ကျန်းမာရေးဌာနသို့သွားရောက်၍ ရဟန်းရှင်လူပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေးကြကြောင်းသိရသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာဇော်မင်းထွန်း၊ ပဲခူးမြို့ ခုတင် - ၅၀၀ ဆံ့ အထွေထွေရောဂါကုဆေးရုံအုပ်ကြီး ဒေါက်တာဇော်လွင်နှင့် တာဝန်ရှိသူများက ဆေးကုသမှု လာရောက်ခံယူကြသူများအား အားပေးစကားပြောကြားကာ အထူးကုဆရာဝန်ကြီးများက ရဟန်းရှင်လူပြည်သူ ၇၀၀ ကျော်အား ဆေးကုသပေးနေမှုကို လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဆေးကုသမှုလာရောက်ခံယူကြသည့် ရဟန်းရှင်လူပြည်သူ ၇၀၀ ကျော်အား နေ့လယ်စာထမင်းဘူးနှင့် ရေသန့်တို့အား ပေးအပ်ပြီး အထူးကုဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများအတွက် ဂုဏ်ပြုငွေများပေးအပ်သည်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် မြို့ပြနှင့်ကျေးလက် ကျန်းမာရေးစောင့်ရှောက်မှုလွှမ်းခြုံနိုင်ရေးနှင့် ပြည်သူများ အသက်ရှည်အနာမဲ့စွာနေထိုင်နိုင်ရေး အတွက် မြို့ပေါ်ဆေးရုံကြီးများမှ အထူးကုများ၊ သမားတော်ကြီးများပူးပေါင်းပါဝင်သည့် ဆရာဝန်ကြီးများဖြင့်ကျေးလက်ဒေသအထိ ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများအပြင် လိုအပ်သည့်ဆေးဝါးများအား အခမဲ့ပေးအပ်လျက်ရှိကြောင်း သိရသည်။

**ဥဿာတိုင်းသား**

## မန္တလေးလမ်းမှ ရိုးကန်-ကန်သာလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုစစ်ဆေး

**မိတ္ထီလာ နိုဝင်ဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန်အတွက်ရည်ရွယ်၍ မန္တလေးလမ်းမှ ရိုးကန်-ကန်သာလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို နိုဝင်ဘာလ ၉ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် နေပြည်တော် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းမြင့်အောင်၊ မန္တလေးတိုင်းဒေသကြီး ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်ဇေယျာဝင်းနှင့်အဖွဲ့ဝင်များသည် မိတ္ထီလာမြို့နယ် အတွင်းရှိ မန္တလေးလမ်းမှ ရိုးကန်-ကန်သာလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ဒုတိယညွှန်ကြားရေးမှူးချုပ်က လုပ်ငန်းများသတ်မှတ်ကာလအတွင်း အရည်အသွေးပြည့်မီစွာ ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ မန္တလေးလမ်းမှ ရိုးကန်-ကန်သာလမ်းအရှည် သုည ဒသမ ၈၇ ကီလိုမီတာ၊ အကျယ် ၃ ဒသမ ၆၆ မီတာ၊ အမြင့် ၃၇၅ မီလီမီတာရှိ ကတ္တရာခင်းခြင်းလုပ်ငန်းကို မိတ္ထီလာမြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးငွေလုံးငွေရင်းရန်ပုံငွေကျပ် ၃၁၆ ဒသမ ၈၃၈ သန်း အသုံးပြု၍ ဇွန်လပထမပတ်က စတင်ဆောင်ရွက်ရာ ယခုအခါလုပ်ငန်းများ ၉၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ (၆၀၂)

# မြို့တိုင်းရင်းသားဖွံ့ဖြိုးရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် နိုဝင်ဘာ ၁၀

မြို့တိုင်းရင်းသားဖွံ့ဖြိုးရေးပါတီမှ တွဲဖက်အတွင်းရေးမှူး ဦးမောင်ဝင်းလှိုင်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာလ ၁၀ ရက် ညပိုင်းတွင် ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။

အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-



ဦးမောင်ဝင်းလှိုင် (တွဲဖက်အတွင်းရေးမှူး မြို့တိုင်းရင်းသား ဖွံ့ဖြိုးရေးပါတီ)

ချစ်ခင်လေးစားရပါသော မဲဆန္ဒရှင်ပြည်သူအပေါင်း ကျက်သရေမင်္ဂလာ အဖြာဖြာနဲ့ပြည့်စုံစေသောင်းပြီး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနဲ့အတူ လိုအင်ဆန္ဒအားလုံး တစ်လုံးတစ်ဝတည်းပြည့်ဝပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။

ကျွန်တော်ကတော့ မြို့တိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီ၊ တွဲဖက်အတွင်းရေးမှူး ဦးမောင်ဝင်းလှိုင်ဖြစ်ပါတယ်။ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ (၂၈) ရက်နေ့တွင် ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)မှာ ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်၊ မဲဆန္ဒနယ်မှ ဝင်ရောက်ယှဉ်ပြိုင်မည့် မြို့တိုင်းရင်းသားဖွံ့ဖြိုးရေးပါတီကိုယ်စားပြု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးလည်းဖြစ်ပါတယ်။

**ချစ်ခင်လေးစားအပ်ပါသော မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ခင်ဗျား-**

ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို စဉ်ဆက်မပြတ်ပြုလုပ်ကျင်းပပေးရမည့် တာဝန်မှာ နိုင်ငံတော်၏တာဝန်ဖြစ်ပါတယ်။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမှတစ်ဆင့် လွှတ်တော်အသီးသီးပေါ်ပေါက်လာမှာဖြစ်ပါတယ်။ လွှတ်တော်အသီးသီးမှ အစိုးရအဖွဲ့အဆင့်ဆင့်ကို မွေးဖွားပေးရမှာဖြစ်ပါတယ်။

အစိုးရအဖွဲ့အဆင့်ဆင့်သည် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာ စသောအာဏာ(၃)ရပ်ကိုလက်ကိုင်ထားလျက် လွှတ်တော်နှင့်ထိန်းညှိပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုကိုတည်ဆောက်ရန်ဖြစ်ပါတယ်။ ဤကဲ့သို့စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တည်ဆောက်ရာတွင် တိုင်းရင်းသားလူမျိုးများနှင့်ဖွဲ့စည်းထားသော ပါတီများ၏ အခန်းကဏ္ဍသည်လည်း အလွန်အရေးကြီးပါကြောင်း တွေ့ရမှာဖြစ်ပါတယ်။ ပါတီများတည်ရှိနေမှသာ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်အောင်မြင်မြင်ကျင်းပနိုင်မှာဖြစ်သလို ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲရှိနေမှလည်း ပါတီများဝင်ရောက်ယှဉ်ပြိုင်ကြရမှာဖြစ်တဲ့အတွက် "ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ" အဓိပ္ပာယ်ပြနေကြတာတွေ့ရမှာဖြစ်ပါတယ်။

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမှ ပြည်သူရွေးချယ်တင်မြှောက်ပေးသော လွှတ်တော်ကိုယ်စားလှယ်များမှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များပီသရန်လိုအပ်သလို အလုံးစုံပါဝင်ရန်လည်း လိုအပ်ပါတယ်။ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များ၊ လူငယ်ကိုယ်စားလှယ်များ၊ အမျိုးသမီးကိုယ်စားလှယ်များအပြင် တိုင်းရင်းသားလူနည်းစုကိုယ်စားလှယ်များပါဝင်ရန်လည်း အထူးလိုအပ်ပါသည်။

အသိပညာရှင်၊ အတတ်ပညာရှင်များ တိုင်းပြုပြည်ပြုဥပဒေပြုပေးနိုင်ရန်ဖြစ်သလို လူငယ်ကိုယ်စားလှယ်များ အနာဂတ်စွန့်ဦးတီထွင်လူငယ်အရေး၊ ထက်မြက်သောလူငယ်များပေါ်ထွန်းရေးအခန်းကဏ္ဍမြှင့်တင်ပေးနိုင်ရန်ဖြစ်ပါတယ်။ အမျိုးသမီးတန်းတူရေးနှင့် အမျိုးသမီးထိပ်တန်းခေါင်းဆောင်နေရာရရှိရေးအတွက် အမျိုးသမီးကိုယ်စားလှယ်တိုးမြှင့်ပါဝင်လာနိုင်ရန်လိုအပ်ပါတယ်။ အခြေခံကျသောလူ့အဖွဲ့အစည်းမှ အခြေခံကျသောဒေသများအတွက် လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရေးအကောင်အထည်ဖော်ခြင်း၊ တိမ်မြုပ်နေသော ရိုးရာယဉ်ကျေးမှုထုံးတမ်းစဉ်လာ၊ စာပေ၊ အနုပညာများ ထိန်းသိမ်းခြင်း၊ ဖော်ထုတ်ခြင်း၊ အကောင်အထည်ဖော်ခြင်း စသည့်ကဏ္ဍများကိုကိုင်တွယ်ဖြေရှင်းနိုင်ရန်မှာ တိုင်းရင်းသားလူနည်းစုကိုယ်စားလှယ်များသာ အဓိကအခန်းကဏ္ဍမှပါဝင်သင့်ပါတယ်။ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်၌ တိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးတည်းနှင့် တိုင်းရင်းသားလူနည်းစု အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးကို ဖြေရှင်းရန်လက်လှမ်းမမီနိုင်ကြောင်းကို သတိပြုမိပါကြောင်း ထောက်ပြလိုပါတယ်။

**ချစ်ခင်လေးစားအပ်ပါသော မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ခင်ဗျား-**

ယခုအခါ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို မဲပေးပုံစနစ်သစ်၊ ရွေးကောက်ပုံစနစ်သစ်များနှင့် စစ်မှန်ပြီးတရားမျှတသော အထွေထွေရွေးကောက်ပွဲကျင်းပမည်ဟု ထုတ်ပြန်သည်ကို သိရှိပြီးဖြစ်ပါလိမ့်မယ်။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲစနစ်ကို ယခင်ပုံစံအတိုင်း မဲအများဆုံးရသူအနိုင်ယူစနစ်ဖြင့်လည်းကောင်း၊ အမျိုးသားလွှတ်တော်နှင့်တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲစနစ်တွင် မဲအများဆုံးရသူအနိုင်ယူစနစ်(FPTP)နှင့် အချိုးကျကိုယ်စားပြုစနစ်(PR)ကို ယှဉ်တွဲကျင်းပပေးသွားမှာဖြစ်တဲ့အတွက် တိုင်းရင်းသားမျိုးနွယ်စုများ၏ အခန်းကဏ္ဍတစ်ဆစ်ချိုးမြင့်မားလာမည်ဟု မျှော်လင့်ရပါတယ်။

**ချစ်ခင်လေးစားအပ်ပါသော မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ခင်ဗျား-**

မြို့တိုင်းရင်းသားများအနေဖြင့် နိုင်ငံတော်အကျိုး၊ မိမိဒေသအကျိုး၊ မိမိတို့၏ရိုးရာယဉ်ကျေးမှုထုံးတမ်းစဉ်လာ၊ စာပေ၊ အနုပညာဆင်းသက်လာပုံသမိုင်း ထိန်းသိမ်းဖော်ထုတ်စာတမ်းပြုစုနိုင်ရေးကိုရည်ရွယ်၍ ၁၉၈၈ ခုနှစ်ကတည်းက "မြို့(ခေါ်)ခမီ အမျိုးသားညီညွတ်ရေးအဖွဲ့(ပါတီ)" ကိုတည်ထောင်လျှောက်ထားခဲ့ပါတယ်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ၁၉၈၈ ခုနှစ်၊ ဒီဇင်ဘာလ(၂၂)ရက်နေ့ ရက်စွဲဖြင့် တရားဝင်နိုင်ငံရေးပါတီတစ်ခုအဖြစ် အသိအမှတ်ပြုခဲ့ပါတယ်။



မြို့(ခေါ်)ခမီ အမျိုးသားညီညွတ်ရေးအဖွဲ့(ပါတီ)ကို ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ(၇) ရက်နေ့တွင် "မြို့တိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ" ဟု အမည်ပြောင်းလဲခဲ့ပါတယ်။ ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ မြောက်ဦးမြို့နယ်၊ ပေါက်တောမြို့နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်၊ ဘူးသီးတောင်မြို့နယ်များကို ကိုယ်စားပြုသောပါတီတစ်ပါတီအဖြစ် ရပ်တည်နေဆဲဖြစ်ပါတယ်။ ယခုအခါ ပါတီသက်တမ်းမှာ (၃၇)နှစ်တိုင်ခဲ့ပြီဖြစ်ပါတယ်။

ဤပါတီသည် ၁၉၉၀ ပြည့်နှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် လွှတ်တော်အသီးသီး၌ ပါတီကိုယ်စားပြုပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ကျောက်တော်မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးရွေးချယ်ခံခဲ့ရပါတယ်။ ၁၉၉၂ ခုနှစ်၊ ဇွန်လတွင် သမ္မတအိမ်တော်ဝင်း(ရန်ကုန်)၌ ကျင်းပပြုလုပ်သော အမျိုးသားညီလာခံကျင်းပရေးအကြိုညှိနှိုင်းအစည်းအဝေးတွင် ပါတီဥက္ကဋ္ဌတက်ရောက်အကြံပြုနိုင်ခဲ့ပါတယ်။ ဤပါတီမှ ၁၉၉၃ ခုနှစ်တွင် စတင်ကျင်းပသည့် အမျိုးသားညီလာခံကြီးတွင် ပါတီကိုယ်စားပြု(၅)ဦးတက်ရောက်ခဲ့ပြီး ညီလာခံပြီးဆုံးသည့်တိုင်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အုတ်တစ်ချပ်သဲတစ်ပွင့်ပါဝင်ခဲ့ပါတယ်။ စိန်ခေါ်မှုများကိုရင်ဆိုင်ကျော်ဖြတ်ရင်း နိုင်ငံတော်ငြိမ်းချမ်းရေးလုပ်ငန်းများ၊အေးချမ်းသာယာရေးလုပ်ငန်းများ၊ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်ရာတွင် အားတက်သရောပါဝင်ခဲ့ပါတယ်။

**ချစ်ခင်လေးစားအပ်ပါသော မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ခင်ဗျား -**

ဤပါတီအနေဖြင့် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ(၂၈)ရက်နေ့ ကျင်းပပြုလုပ်မည့် စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၁)တွင် စစ်တွေမဲဆန္ဒနယ်မှ ပါတီကိုယ်စားပြုပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(၁)ဦး၊ ရခိုင်ပြည်နယ် မဲအများဆုံးရသူအကုန်ယူစနစ်(FPTP) စစ်တွေမဲဆန္ဒနယ်တွင်တစ်နေရာ၊ အချိုးကျကိုယ်စားပြုစနစ်(PR)တွင် (၂)နေရာပါဝင်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။

မြို့တိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ၏ ပါတီအမှတ်တံဆိပ်မှာ "ငှက်တော်" ဖြစ်ပါတယ်။ "ငှက်တော်"ငှက်ကို ပါတီအမှတ်တံဆိပ်အဖြစ်ရွေးချယ်ရခြင်းမှာ မြို့တိုင်းရင်းသားများ၏ ရှေးရိုးရာပုံပြင်အရ "ငှက်တော်"ငှက်သည် ဘေးအန္တရာယ်ကင်းရှင်းခြင်း၊ ခေါင်းဆောင်မှုပေးနိုင်ခြင်း၊ စည်းလုံးညီညွတ်ခြင်း၊ ရိုးသားခြင်း၊ သစ္စာရှိခြင်း၊ သီလ သိက္ခာ သမာဓိနှင့်ပြည့်စုံခြင်းများကို ဖော်ညွှန်းပါတယ်။

မြို့တိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ၏ဆောင်ပုဒ်မှာ"တိုင်းရင်းသားအားလုံးနှင့်ချစ်ခင်ရင်းနှီးစွာ အတူယှဉ်တွဲနေထိုင်ရေး- ဒို့အရေး" ဖြစ်ပါတယ်။

ချစ်ခင်လေးစားအပ်ပါသော မဲဆန္ဒရှင်ပြည်သူအပေါင်း အေးချမ်းစွာ "မဲ"ပေးနိုင်ကြပါစေဟု ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။

အားလုံးကိုကျေးဇူးတင်ပါတယ်။

# အရန်မီးသတ်တပ်ဖွဲ့ဝင်များလေ့ကျင့်ရေး(မွမ်းမံ) သင်တန်းဖွင့်ပွဲကျင်းပ

လင်းခေး နိုဝင်ဘာ ၁၀

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးမြို့နယ်မီးသတ်ဦးစီးဌာနရုံး၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်းအမှတ်စဉ်(၁/၂၀၂၅)ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာလ ၁၀ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ လင်းခေးမြို့နယ်မီးဘေးလုံခြုံရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းထက်က ရှမ်းပြည်နယ်၌ မီးဘေးအန္တရာယ်အပါအဝင် အခြားသော ဘေးအန္တရာယ်များမှ ကင်းဝေးစေရန်အတွက် အထောက်အကူကောင်းဖြစ်သည့် အရန်မီးသတ်တပ်ဖွဲ့ဝင်အင်အားများကို ခိုင်မာစွာစနစ်တကျတိုးချဲ့ဖွဲ့စည်းတည်ဆောက်နိုင်ရန်နှင့် မိမိရပ်ရွာ၏ အားကိုးအားထားပြုရသည့် တပ်ဖွဲ့ဝင်များအဖြစ် ဂုဏ်ယူကြရန် ပြောကြားသည်။

ထို့နောက် လင်းခေးမြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးရဲလင်းထွေးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကိုရှင်းလင်းပြောကြားပြီး လင်းခေးခရိုင်မီးသတ်ဦးစီးဌာနဦးစီးမှူး ဦးမင်းသူနှင့်တာဝန်ရှိသူတို့က သင်တန်းသားများကို တူညီဝတ်စုံများပေးအပ်ကြသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၅၀ ဦးတက်ရောက်ပြီး သင်တန်းတွင် ကျွမ်းကျင်နည်းပြက စစ်ရေးပြ၊ မီးသတ်ပညာ၊ ရှာဖွေကယ်ဆယ်ရေးဘာသာရပ်တို့ကို နိုဝင်ဘာလ ၁၀ ရက်မှ ဒီဇင်ဘာလ ၅ ရက်အထိ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မင်းမြင့်မိုရ်

# ရုရှားရေတပ် Pacific Fleet မှ စစ်ရေယာဉ်သုံးစင်း တတိယအကြိမ် မြန်မာ-ရုရှားနှစ်နိုင်ငံ ရေကြောင်းလုံခြုံရေးဆိုင်ရာလေ့ကျင့်ခန်းဆောင်ရွက်ရန်နှင့် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရန်ကုန်မြို့သို့ရောက်ရှိ



ရန်ကုန်မြို့သို့ရောက်ရှိလာသော ရုရှားရေတပ် Pacific Fleet မှ စစ်ရေယာဉ်သုံးစင်းမှ တာဝန်ရှိသူများအား တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်စဉ်။



တတိယအကြိမ် မြန်မာ-ရုရှားနှစ်နိုင်ငံ ရေကြောင်းလုံခြုံရေးဆိုင်ရာလေ့ကျင့်ခန်းဆောင်ရွက်ရန်နှင့် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရန်ကုန်မြို့သို့ရောက်ရှိလာသော ရုရှားရေတပ် Pacific Fleet မှ စစ်ရေယာဉ်အားတွေ့ရစဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၀**

ရုရှားရေတပ် Pacific Fleet မှ ဖရီးဂိတ်စစ်ရေယာဉ် Marshal Shaposhnikov၊ ကော်ဗက်စစ်ရေယာဉ် Gremyashchiy နှင့်ထောက်ပံ့ရေးရေယာဉ် Boris Butoma တို့သည် မြန်မာနိုင်ငံသို့ တတိယအကြိမ် မြန်မာ-ရုရှားနှစ်နိုင်ငံရေကြောင်းလုံခြုံရေးဆိုင်ရာ လေ့ကျင့်ခန်းဆောင်ရွက်ရန်နှင့် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့၊ သီလဝါဆိပ်ကမ်းသို့ ရောက်ရှိလာရာ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် ရုရှားရေတပ်မှ ဒုတိယရေတပ်ဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး Aleksei Anatolievich Kiiashko၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားစစ်သံမှူးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါစစ်ရေယာဉ်များတွင် အဖွဲ့ခေါင်းဆောင်အဖြစ် ရုရှားရေတပ် Pacific Fleet မှ Captain 1st Rank Ulyanenko Aleksey ဦးစီး၍ အရာရှိ၊ စစ်သည်များလိုက်ပါလာပြီး ခရီးစဉ်အတွင်း ရန်ကုန်မြို့ရှိ အထင်ကရနေရာများသို့သွားရောက်လေ့လာလည်ပတ်ခြင်း၊ နှစ်နိုင်ငံချစ်ကြည်ရေးအားကစားပြိုင်ပွဲများပြုလုပ်ခြင်းနှင့် ဆိပ်ကမ်းအခြေပြုလေ့ကျင့်ခန်း (Harbour Phase)များ ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့မှ နေပြည်တော်ရှိ ကရုဏာကမ္ဘာဘိုးဘွားရိပ်သာသို့ ငွေကျပ်သန်း ၂၀ အား သွားရောက်လှူဒါန်း



မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးခင်အောင်မြင့်(ငြိမ်း)က ကရုဏာကမ္ဘာဘိုးဘွားရိပ်သာအတွက်အလှူငွေကျပ်သန်း ၂၀ အားပေးအပ်လှူဒါန်းရာ ကရုဏာကမ္ဘာဘိုးဘွားရိပ်သာ ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်သိန်းထွန်း(ငြိမ်း)က လက်ခံရယူစဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၀**

နေပြည်တော်ရှိ ကရုဏာကမ္ဘာဘိုးဘွားရိပ်သာ၌ နားခိုလျက်ရှိကြသည့် တပ်မတော်သား အငြိမ်းစားများနှင့် မိသားစုဝင်ဘိုးဘွားများအတွက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင်ကရုဏာကမ္ဘာဘိုးဘွားရိပ်သာသို့သွားရောက်၍ ငွေကျပ်သန်း ၂၀ ပေးအပ်လှူဒါန်းကြသည်။

ထိုသို့လှူဒါန်းရာတွင် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်(ငြိမ်း)က တပ်မတော်သားဖြစ်ခဲ့သူတစ်ဦးအနေဖြင့် သက်ကြီးရွယ်အိုစစ်မှုထမ်းဟောင်းများအား ယခုကဲ့သို့ စောင့်ရှောက်နေသည့် မွန်မြတ်လှသော ပရဟိတလုပ်ငန်းကြီး ဖြစ်တည်လာရခြင်းကို အလွန်ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် စွန့်လွှတ်စွန့်စားသူများ၏ကွန်းခိုရာ ကရုဏာကမ္ဘာဘိုးဘွားရိပ်သာ အစွန့်ရှည်တည်မြဲရေးအတွက် နှစ်စဉ်လှူဒါန်းသွားမည်ဖြစ်ကြောင်းတို့ကို ပြောကြားသည်။

ထို့နောက် လှူဒါန်းငွေများအား မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌက ကရုဏာကမ္ဘာဘိုးဘွားရိပ်သာ ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်သိန်းထွန်း(ငြိမ်း)ထံသို့ ပေးအပ်လှူဒါန်းခဲ့ရာ တာဝန်ရှိသူများက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် နိုဝင်ဘာ ၁၀**

မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကွက်ကျား၊ နေပြည်တော်နှင့်ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး ကရင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

(မိုး/ဇလ)

## ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်

**နေပြည်တော် နိုဝင်ဘာ ၁၀**

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

(မိုး/ဇလ)

# ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင် ကွင်းဆင်းကြည့်ရှုအားပေး

နေပြည်တော် နိုဝင်ဘာ ၁၀

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်နှင့် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ ဦးတင်မောင်ဝင်းတို့သည် ရင်းနှီးမြှုပ်နှံမှုကြီးကြပ်ရေးအဖွဲ့ဝင်နှင့်အတူ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် ဘုရားကျောင်းကျေးရွာတွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်လျက်ရှိသည့် ငါးမွေးမြူခြင်း၊ ပြုပြင်ထုတ်လုပ်ခြင်း၊ အေးခဲခြင်းနှင့် ဆက်စပ်သောလုပ်ငန်းများ လုပ်ကိုင်လျက်ရှိသည့် Global Earth Agro & Aqua Industry Public Company Limited(GEAA)၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသို့ သွားရောက်ကြည့်ရှုအားပေးသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များကို ကုမ္ပဏီဥက္ကဋ္ဌ ဦးဌေးမြင့်က လုပ်ငန်းလည်ပတ်နေမှုအခြေအနေများ၊ ငါးမွေးမြူထုတ်လုပ်နေမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှုတိုးချဲ့မည့်ကိစ္စရပ်များကို ဆွေးနွေးတင်ပြရာ ပြည်ထောင်စုဝန်ကြီးက မြေယာများအား ထိထိရောက်ရောက် အသုံးပြု၍ ထုတ်လုပ်မှုတိုးမြှင့်နိုင်ရေး၊ စွန့်ပစ်ပစ္စည်းများမှ သဘာဝမြေသြဇာနှင့် တန်ဖိုးမြှင့်စိုက်ပျိုးရေးသွင်းအားစု ထုတ်ကုန်များ ထုတ်လုပ်ပြီး ဒေသခံပြည်သူများအတွက် ဖြန့်ဝေနိုင်ရေး၊ ဒေသတွင်း MSME လုပ်ငန်းများအား လက်တွဲခေါ်ယူရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးဖော်ဆောင်နိုင်ရေး၊ တောင်သူလယ်သမား၊ ငါးမွေးမြူတောင်သူများကို နည်းပညာသစ်များ ဖြန့်ဝေပေးနိုင်ရေး၊ ဒေသခံအစုအဖွဲ့များ ရှယ်ယာပါဝင်သည့် အများပိုင်ကုမ္ပဏီ (Public Listed Company) စာရင်းဝင်ဖြစ်လာစေရေး၊ ဒေသတွင်းလူ့အဖွဲ့အစည်းဖွံ့ဖြိုးမှုနှင့်အတူ ကျေးလက်ဒေသဖွံ့ဖြိုးမှုနှင့် လူနေမှုစနစ်တိုးတက်လာစေရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ အကြံပြုပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်က လုပ်ငန်းများ အရှိန်အဟုန်မပြတ်လည်ပတ်စေရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ကုမ္ပဏီ၏အစာတောင့်စက်ရုံ၊ နည်းပညာသစ်အသုံးပြု၍ ငါးမွေးမြူထုတ်လုပ်နေမှုအခြေအနေ၊ ငါးအခြေခံစားသောက်ကုန်ထုတ်စက်ရုံ၊ ငါးအသားလွှာထုတ်လုပ်မည့်အစီအစဉ်နှင့်အအေးခန်းစက်ရုံများ၊ စပါးခွံသုံးလျှပ်စစ်ထုတ်လုပ်သုံးစွဲမှုအခြေအနေများကို လှည့်လည်ကြည့်ရှုသည်။ အဆိုပါလုပ်ငန်းသည် စနစ်ဟောင်း ငါးမွေးမြူခြင်းမှ ခေတ်မီစနစ်ဖြင့် တစ်နေရာတည်း၌ စိုက်ပျိုးမွေးမြူရေးကုန်ထုတ်လုပ်၍ Food Park ဖြစ်ပေါ်လာစေရေးနှင့် စားသုံးသူများအတွက် Farm to Table ရောက်ရှိအောင်ဆောင်ရွက်၍ ငါးနှင့်ပတ်သက်သော စားသောက်ကုန်များအား အော်ဂဲနစ်စံချိန်ဖြင့်ထုတ်လုပ်ပြီး မြန်မာ့ရေထွက်ပစ္စည်းများကို ကမ္ဘာ့ဈေးကွက်သို့တင်ပို့လျက်ရှိသည့် လုပ်ငန်းဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများသည် ဧရာဝတီတိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးကိစ္စများ၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပိုမိုမြန်ဆန်ချောမွေ့စေရန် ဆောင်ရွက်သွားမည့်အစီအစဉ်များနှင့် ကိုဗစ်-၁၉ ရန်ပုံငွေမှ ခွင့်ပြုထုတ်ချေးငွေများ ပြန်လည်ကောက်ခံရရှိရေးတို့နှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးအစိုးရအဖွဲ့အစည်းအဝေးခန်းမ၌ဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဧရာဝတီတိုင်းဒေသကြီးအတွင်း လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် စီးပွားရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများလွယ်ကူလျင်မြန်အဆင်ပြေချောမွေ့စေရေး ပံ့ပိုးပေးနေမှုအခြေအနေများ၊ ရင်းနှီးမြှုပ်နှံသူများအတွက် အထောက်အကူပြုစေမည့် ရင်းနှီးမြှုပ်နှံမှုဝန်းကျင်တစ်ရပ်ဖြစ်ပေါ်လာစေရေးဆောင်ရွက်နေမှုတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် စီးပွားရေးလုပ်ငန်းရှင်များက သိရှိလိုသည်များကို တင်ပြဆွေးနွေးရာ ပြည်ထောင်စုဝန်ကြီးနှင့်သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ခွင့်ပြုချက်ဖြင့် ဆောင်ရွက်လျက်ရှိသည့် ပုသိမ်မြို့ စက်မှုဇုန်နယ်မြေ (Pathein Industrial Complex) အတွင်းရှိ စက်ရုံ၊ အလုပ်ရုံများကို သွားရောက်ကြည့်ရှုအားပေးရာ ကုမ္ပဏီတာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

မြဝတီ

# လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ



နေပြည်တော် နိုဝင်ဘာ ၁၀

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် N.P.K Motors Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Leapmotor C16 နှင့် MG S5 (ES5) အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Amazing Auto Co.,Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် GAC Toyota BZ4X အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Myanmar New Energy Motor (MNEM) Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Dongfeng Venucia (VX6) အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Essential Motors Co.,Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် BYD ATTO 2 EV အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Fara Myanmar EV Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် GAC Toyota BZ3X အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Asia Pacific Auto-maker Corporation Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Dongfeng (Aeolus) အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် နိုဝင်ဘာလ ၈ ရက်တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

# အင်္ဂလိပ်စာစွမ်းရည်မြင့်မားစေရေး တွေ့ဆုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၀

အင်္ဂလိပ်စာစွမ်းရည် မြင့်မားစေရေး တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာနရုံးအမှတ်(၁၃)အစည်းအဝေးခန်းမ၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်၊ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ အင်္ဂလိပ်စာ ဆရာ၊ ဆရာမများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ အင်္ဂလိပ်စာဌာန ပါမောက္ခ(ဌာနမှူး)များက အွန်လိုင်းဖြင့် တက်ရောက်ကြသည်။



ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက အခြေခံပညာကဏ္ဍတွင် သင်ကြားသည့် ဆရာ၊ ဆရာမများ၏ အင်္ဂလိပ်စာစွမ်းရည်များ ပိုမိုမြင့်မားကောင်းမွန်စေရေး အစီအစဉ်များ စဉ်းစားဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် Native Speaker များနှင့် သင်ကြားနိုင်ရေး ချိတ်ဆက်စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းသင်တန်းသို့ အခြေခံပညာကဏ္ဍမှ ဆရာ၊ ဆရာမများလည်း တက်ရောက်ရမည်ဖြစ်ပြီး TOT သင်တန်းများ ဆက်လက်ဖွင့်လှစ်ပို့ချမည်ဖြစ်ကြောင်း၊ သင်တန်းပို့ချရာတွင် သင်တန်းတက်ရောက်မည့်သူများအား စိစစ်ရွေးချယ်နိုင်ရေး အင်္ဂလိပ်စာဘာသာရပ်ဦးဆောင်သည့် ဆရာ၊ ဆရာမကြီးများက အဓိကရွေးချယ်ပေးစေလိုကြောင်း၊ အထူးသဖြင့် အခြေခံပညာတွင်ရှိသည့် အင်္ဂလိပ်စာဘာသာရပ်သင် ဆရာ၊ ဆရာမများကို အဓိကသင်တန်းပေးလိုခြင်းဖြစ်ကြောင်း၊ တက္ကသိုလ်အဆင့် ဆရာ၊ ဆရာမများက ဦးဆောင်၍ အတူတကွ လက်တွဲပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်းပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြောကြားပြီး ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ပါမောက္ခ(ဌာနမှူး)များနှင့် တာဝန်ရှိသူများက အင်္ဂလိပ်စာအရည်အသွေးတိုးတက်မြင့်မားစေရေးသင်ကြားနိုင်မည့်နည်းလမ်းများ၊ Grade-12 မအောင်မြင်သည့် ကျောင်းသား၊ ကျောင်းသူများအတွက် ဆက်လက်သင်ယူနိုင်မည့်သင်တန်းများဖွင့်လှစ်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ တင်ပြဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဆွေးနွေးကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြဝတီ

# မြန်မာ့ပင်လယ်ပြင် အခြေအနေ

နေပြည်တော် နိုဝင်ဘာ ၁၀

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၆ ပေမှ ၈ ပေခန့်ရှိနိုင်သည်။

(မိုး/ဇလ)

# မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့၏ ၂၀၂၅ -၂၀၂၆ ဘဏ္ဍာနှစ် ဒုတိယအကြိမ် အစည်းအဝေးကျင်းပ



နေပြည်တော် နိုဝင်ဘာ ၁၀

မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့၏ ၂၀၂၅ -၂၀၂၆ ဘဏ္ဍာနှစ် ဒုတိယအကြိမ် အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဗဟိုလုပ်ငန်းအဖွဲ့ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေ၊ ဗဟိုလုပ်ငန်းအဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ သီလဝါ၊ ကျောက်ဖြူနှင့် ထားဝယ်အထူးစီးပွားရေးဇုန်တို့မှ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က သီလဝါအထူးစီးပွားရေးဇုန်တွင် ပြည်ပပို့ကုန် တိုးမြှင့်တင်ပို့နိုင်ရေးနှင့် ပြည်ပပို့ကုန်မြင့်တက်အောင် ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ၏ကုန်သွယ်ရေးလိုငွေပြမှုကို နည်းနိုင်သမျှနည်းအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ MSMEs ကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြည်တွင်းရှိ MSMEs လုပ်ငန်းများနှင့် ပိုမိုချိတ်ဆက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်၏ ကျောက်ဖြူရေနက်ဆိပ်ကမ်း စီမံကိန်းအတွက် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထားဝယ်အထူးစီးပွားရေးဇုန်တွင် လာရောက်ရင်းနှီးမြှုပ်နှံမည့်သူများအား မြန်မာအထူးစီးပွားရေးဇုန် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ရန် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေက သီလဝါအထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံမှုများ တိုးပွားလာရေး ဆက်လက်ကြိုးစားဆောင်ရွက်လိုကြောင်း၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံကိန်းနှင့် ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများက ပိုမိုတိုးမြှင့်ဆောင်ရွက်ပေးစေလိုကြောင်းပြောကြားသည်။

ထို့နောက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်က ယခင်ကျင်းပခဲ့သည့် ဗဟိုလုပ်ငန်းအဖွဲ့၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပထမအကြိမ် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး သီလဝါအထူးစီးပွားရေးဇုန်၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့် ထားဝယ်အထူးစီးပွားရေးဇုန်တို့မှ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများက အမှာစာများကို ဖတ်ကြားတင်ပြကြကာ ဗဟိုလုပ်ငန်းအဖွဲ့ဝင်များက ဇုန်တစ်ခုချင်းအလိုက် လုပ်ငန်းဆောင်ရွက်ပေးနေမှု အခြေအနေများကို သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ပြန်လည်ရှင်းလင်းဆွေးနွေးကာ တင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

မြဝတီ

# ပြည်သူလူထုအခြေပြု သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေး (HPV) ထိုးနှံခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၀

ပြည်သူလူထုအခြေပြု သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေး(HPV) ထိုးနှံခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် Horizon Lake View ဟိုတယ်၌ ကျင်းပသည်။



အစည်းအဝေးသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ကာကွယ်ရေးနှင့် ရောဂါနှိမ်နင်းရေးတပ်နှင့် တပ်မတော်သားဖွားမီးယပ်နှင့်ကလေးဆေးရုံတို့မှ တာဝန်ရှိသူများ၊ နေပြည်တော် ခုတင် (၁၀၀၀)ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့မှ တာဝန်ရှိသူများ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် တိုင်းဒေသကြီး/ပြည်နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးများ၊ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းဌာနခွဲမှ တာဝန်ရှိသူများ၊ EPI Focal များ၊ WHO နှင့် UNICEF တို့မှတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက သားအိမ်ခေါင်းကင်ဆာရောဂါအားလုံးအနက် ၇၀ ရာခိုင်နှုန်းသည် HPV ပိုးအမျိုးအစား (၁၆) နှင့် (၁၈) ကူးစက်ခံရခြင်းကြောင့်ဖြစ်ပြီး မြန်မာနိုင်ငံတွင် လက်ရှိထိုးနှံလျက်ရှိသည့် သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေးတွင် HPV ပိုးအမျိုးအစား(၄)မျိုးဖြစ်သည့် (၆)၊ (၁၁)၊ (၁၆)၊ (၁၈)တို့ကို ကာကွယ်နိုင်သော ကာကွယ်ဆေးဖြစ်သည့်အတွက် အဆိုပါ သားအိမ်ခေါင်းကင်ဆာရောဂါ ဖြစ်ပွားမှုအများဆုံးဖြစ်စေသည့် ပိုးအမျိုးအစား (၁၆)နှင့် (၁၈)ကူးစက်ခံရခြင်းမှ ၉၅ ရာခိုင်နှုန်းအထိ ကာကွယ်ပေးနိုင်မည့်အပြင် ပိုးအမျိုးအစား (၆)နှင့် (၁၁)ကိုပါ ကာကွယ်ပေးနိုင်မည်ဖြစ်၍ ကြွက်နို့ဖြစ်ပွားခြင်းကို ကာကွယ်နိုင်မည်ဖြစ်ကြောင်း။

ပြည်သူ့ကျန်းမာရေးဦးစီးဌာန တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းဌာနခွဲအနေဖြင့် သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် ကျောင်းအခြေပြုကာကွယ်ဆေးထိုးနှံခြင်း လုပ်ငန်းအနေဖြင့် ကာကွယ်ဆေးလွှမ်းခြုံမှု ၉၀ ရာခိုင်နှုန်းရရှိသည်အထိ အောင်မြင်ခဲ့ပြီး ကျောင်းပြင်ပ မိန်းကလေးငယ်များကို ဆက်လက်ထိုးနှံရေး ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ သို့ဖြစ်၍ ယခုအစည်းအဝေးကို ဆောင်ရွက်ပြီး ၂၀၂၅ ခုနှစ် ဒီဇင်ဘာလဆန်းမှစတင်၍ ပြည်သူလူထုအခြေပြု သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းကို အသက် ကိုးနှစ်မှ ၁၁နှစ်အတွင်းရှိ ကျောင်းပြင်ပမိန်းကလေးငယ်များကို အရှိန်အဟုန်မြင့် ဆက်လက်ထိုးနှံနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြည်သူလူထုအခြေပြု သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းမှရရှိသည့် အတွေ့အကြုံ၊ အခွင့်အလမ်းများကိုအသုံးချပြီး လာမည့် ၂၀၂၆ ခုနှစ် ဩဂုတ်လနှင့် စက်တင်ဘာလတို့တွင် အသက်ကိုးနှစ်မှ ၁၈ နှစ်အရွယ်အထိ မိန်းကလေးငယ်များကို အသက်အပိုင်းအခြား တိုးမြှင့်၍ သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေးထိုးနှံခြင်း (HPV MAC- HPV Multi- Age Cohorts Vaccination) ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် လက်ရှိထိုးနှံပေးလျက်ရှိသည့် သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေးများကို ကမ္ဘာ့ကာကွယ်ဆေးထိုးလုပ်ငန်းဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်း (GAVI Alliance for Vaccines and Immunization-GAVI)မှ ပံ့ပိုးပေးလျက်ရှိပြီး နိုင်ငံတော်မှလည်း GAVI အဖွဲ့နှင့် အချိုးကျထည့်ဝင်၍ Co-financing အစီအစဉ်ဖြင့် ဝယ်ယူကာ ထိုးနှံပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေးထိုးနှံထားပါက အသက် ၁၃ နှစ်မှ အသက် ၁၉ နှစ်အတွင်းရှိသည့် မိန်းကလေးများတွင် ကင်ဆာဖြစ်စေသည့် သားအိမ်ခေါင်းကင်ဆာ ဗိုင်းရပ်စ်ပိုးကူးစက်မှုနှုန်း ၈၃ ရာခိုင်နှုန်း လျှော့ချနိုင်မည်ဖြစ်ပြီး အသက် ၁၅ နှစ်မှ ၁၉ နှစ်အရွယ် မိန်းကလေးများတွင် အဖြစ်များသည့် ကနဦးကင်ဆာဖြစ်ပွားမှုနှုန်းကို ၃၁ ရာခိုင်နှုန်းအထိ လျှော့ချနိုင်မည်ဖြစ်ကြောင်းသိရသည်။

မြဝတီ

# နှစ်(၇၀)ပြည့် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ် ဒုံးအကပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲများ ဆက်လက်ကျင်းပ

ဘားအံ နိုဝင်ဘာ ၁၀

နှစ်(၇၀)ပြည့် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ်ပွဲတော်ကို ဘားအံမြို့ သီရိကွင်း၌ စည်ကားသိုက်မြိုက်စွာကျင်းပလျက်ရှိရာ ယမန်နေ့ ညပိုင်းက ကရင်ရိုးရာယဉ်ကျေးမှု ဒုံးအကပြိုင်ပွဲ ပဉ္စမမြောက်ညယှဉ်ပြိုင်မှုအနေဖြင့် ဆန်ခါတင်ဒုံးအဖွဲ့ ၁၀ ဖွဲ့က မြူးကြွသွက်လက်မြိုင်ဆိုင်စွာ ဆက်လက် ယှဉ်ပြိုင်ကပြဖျော်ဖြေကြရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့နယ်/ရပ်ကွက်/ကျေးရွာအုပ်စုများမှ တိုင်းရင်းသားပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြပြီး ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

အဆိုပါ ဒုံးအကပြိုင်ပွဲတွင် ပြိုင်ပွဲဝင်ဒုံးအဖွဲ့ ၂၀ က နိုဝင်ဘာလ ၅ ရက်မှစ၍ ညစဉ်ယှဉ်ပြိုင်ခဲ့ကြပြီး အကောင်းဆုံးဆန်ခါတင် ၁၀ ဖွဲ့ကိုရွေးချယ်ကာ ဆက်လက်ယှဉ်ပြိုင်ခြင်းဖြစ်သည်။

ထို့အတူ နှစ်(၇၀)ပြည့် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲများကို ဘားအံမြို့ သီရိကွင်း၌ စည်ကားသိုက်မြိုက်စွာကျင်းပလျက်ရှိရာ ဌာနဆိုင်ရာများ၏ဒေသဖွံ့ဖြိုးရေးဆိုင်ရာပြခန်းများ၊ အခြေခံပညာနှင့် တက္ကသိုလ်၊ ဒီဂရီကောလိပ်ပြခန်းများ၊ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအသင်းများ၏ပြခန်းများ၊ အသေးစား၊ အငယ်စား၊ အလတ်စားစက်မှုလက်မှုလုပ်ငန်းများ၏ ဒေသထုတ်ကုန် (MSME) အရောင်းပြခန်းများ၊ ဒေသအစားအစာနှင့် မုန့်ဈေးရောင်းပွဲများ၊ စင်တင်တေးဂီတဖျော်ဖြေပွဲများ၊ ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲများနှင့် အားကစားပြိုင်ပွဲများသို့ ဒေသခံတိုင်းရင်းသားပြည်သူများ အေးချမ်းပျော်ရွှင်စွာပါဝင်ဆင်နွှဲလျက်ရှိကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**



MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

## Yinmabin District to grow more than 10,000 acres of wheat in coming winter



YINMABIN November 10

Sagaing Region Agriculture Department stated that local farmers will grow 10,850 acres of wheat in coming cold season in Yinmabin District of Sagaing Region.

For the 2025–2026 winter crop season, a total of 10,850 acres of wheat have been designated for cultivation in Yinmabin District, with 3,850 acres in Yinmabin Township, 5,840 acres in Kani Township, 810 acres in Salingyi Township, and 350 acres in Pale Township, according to reports.

Efforts are being made in Yinmabin District to achieve full cultivation of all winter crops as planned, to improve wheat yields, to ensure systematic cultivation and production of high-quality wheat, and to prevent pest infestations.

The production cost for one acre of wheat is around Ks-300,000, and the average yield per acre is about 21 baskets. Wheat is cultivated during October, November, and December, and it is harvested in February, March, and April. Yinmabin Township is reported to have the largest area under pure white wheat cultivation.

The respective township agricultural departments in Yinmabin District will continue to provide training courses for farmers to help increase wheat yield, supply quality and pure seeds, and distribute compound fertilizers at affordable prices.

**SMK**

## Merchants supply a large volume of Pomfret fish to Yangon market



PYAPON November 10

Local businesspersons from Pyapon Township of Ayeyawady Region shipped a large volume of Pomfret fish to Yangon market said Daw Htay Htay Oo, the owner of fisheries trading depot in Pyapon Township.

It is reported that Pyapon Township managed to export and sell about 82,000 viss of pomfret fish to the Yangon market. The increase in exports was due to rising demand in the domestic market.

"Pomfret fish exports to Yangon have been doing well. Over the past month, we sold more than 80,000 viss of pomfret fish. Demand from the Yangon side for pomfret fish from this area has risen, which boosted exports. The fish are being supplied regularly to local wholesale markets, and the quality remains fresh. With transport and sales improving, people engaged in the fishery business are doing well. Most of the fishery products from our area are mainly exported and sold to Yangon. Everything, including logistics and trade, has been running smoothly," said Daw Htay Htay Oo.

Traders from Pyapon Township purchase local fishery products, including pomfret fish, process and clean them systematically, and mainly export them to the Yangon market. The current price of pomfret fish is around Ks-17,000 per viss.

**SK**

## Mawlamyinegyun Township ships featherback fish to Yangon market

MAWLAMYINEGYUN November 10

Local fishery entrepreneurs from Mawlamyinegyun Township of Ayeyawady Region sold a large volume of featherback fish to Yangon market said Daw Htay Htay Aye, the owner of fishery trading commodity in Mawlamyinegyun Township.

Seafood traders from Mawlamyinegyun Township are exporting featherback fish to the Yangon market after proper inspection. They were able to export and sell up to 70,000 viss of featherback fish.

Featherback fish from Mawlamyinegyun sold in the Yangon market are priced between Ks-17,500 and Ks-21,000 per viss. The increase in seafood exports from this area to the Yangon market is said to have benefited dried fish business owners, fishermen, and dried fish workers.

**SMK**

## More than 18,000 acres of rainfed paddy planted in Ayadaw Township this year

AYADAW November 10

According to the statistics of Monywa District Agriculture Department, local farmers have planted 18,900 acres of rainfed paddy in Ayadaw Township of Sagaing Region this year.

For the 2025–2026 monsoon crop season, a total of 21,600 acres of monsoon paddy have been designated for cultivation in Ayadaw Township. Cultivation began in June this year, and as of now, 18,980 acres have already been planted, according to reports.

"This year, Ayadaw Township plans to cultivate over 21,000 acres of monsoon paddy. Up to now, more than 18,000 acres have been planted. Efforts are being made to ensure that the full target acreage is achieved. The required technology and seed varieties will be provided for paddy cultivation. We are also conducting field activities to help farmers grow monsoon paddy in a timely manner," said Daw San San Myint, Head of the Monywa District Department of Agriculture.

During this year's monsoon crop season, the relevant township agriculture departments and local farmers have been cooperating to ensure systematic cultivation of monsoon paddy without difficulties.

In Ayadaw Township, farmers are being provided with agricultural techniques, awareness on pest prevention, guidance to avoid crop loss or damage, and advice on timely post-harvest handling and proper storage of harvested paddy under cover.

This year's monsoon paddy fields in Ayadaw Township are reported to be thriving successfully. To ensure good yields, township agricultural officials and staff have been carrying out field visits to assist farmers with techniques such as selection of quality and pure seed varieties, pest prevention, weeding and tilling, removal of mixed varieties, and systematic use of fertilizers.

**SK**

# Einme Township to grow more than 2,000 acres of sunflower

MYAUNGMYA November 10

Local authorities have earmarked cultivation of 2,310 acres of sunflower as cold season crops in Einme Township of Ayeyaway Region this year, said Daw Khin Htay Myint, the Head of Myaungmya District Agriculture Department.

In Einme Township, a total of 2,310 acres of sunflower are planned to be cultivated during this year's winter crop season, starting from the first week of November. To ensure full cultivation as planned, officials from the district and township agriculture departments, administrative committees, and local farmers are working together, according to reports.



"In Einme Township, 2,310 acres of oil crop sunflower will be cultivated. To ensure successful production, the necessary technical arrangements have been made in advance before planting. Local farmers also have prior experience in sunflower cultivation from previous years, which will be helpful this season. We will continue providing support to ensure that sunflower fields grow successfully, achieve higher yields, and remain free from pest infestation," said Daw Khin Htay Myint.

To facilitate systematic and smooth cultivation of sunflower crops in Einme Township, the Agriculture Department has been carrying out field visits, providing agricultural technology training, and supplying necessary inputs. The department is also assisting in soil preparation, proper application of fertilizers and other inputs, and offering agricultural techniques to ensure correct and effective farming practices.

**SMK**

# Myaung Township completes cultivation of more than 2,000 acres of cotton in monsoon season

MYAUNG November 10

Local farmers have so far planted more than 2,000 acres of cotton as monsoon crops in Myaung Township of Sagaing Region, according to Sagaing District Agriculture Department.

During the 2025–2026 monsoon cropping season, it is learnt that a total of 4,789 acres of cotton are planned for cultivation in Myaung Township, with planting beginning in May this year. As of now, about 2,300 acres have already been cultivated.

"The plan for this monsoon season is to grow more than 4,000 acres of cotton in Myaung Township. Up to now, over 2,000 acres have been cultivated. To help farmers easily grow quality and pure cotton varieties in time for the planting season, we are providing them with quality cotton seeds," said Daw Myat Moe Win, Head of the Sagaing District Agriculture Department.

This year, the township agriculture department is supporting cotton farmers by supplying quality cotton varieties, providing training on pest and disease prevention, correct cultivation techniques to improve yields, and other necessary technical assistance to ensure successful cotton production.

The production cost for cotton is about Ks-350,000 per acre, and the yield is around 1,000 viss per acre. Farmers also grow intercrops such as onion before cotton and green gram after cotton, which helps ensure multiple harvests and increases their income.

**SK**

# Pwintbyu Township strives to meet target cultivation of paddy

PWINTBYU November 10

According to Pwintbyu Township Agriculture Department, local authorities and farmers are joining hands in striving to meet the target cultivation of rainfed paddy which has been planted on 27,409 acres of farmlands in Pwintbyu Township of Magway Region this year.

In Pwintbyu Township, it is planned to cultivate 69,999 acres of paddy during this year's monsoon crop season. Planting began in July, and as of today, a total of 27,409 acres have been completed against the target cultivation. It is reported that efforts are being made in cooperation with local farmers to meet the targeted acreage.

"This year, the target for Pwintbyu Township's monsoon crop season is 69,999 acres of paddy. So far, a total of 27,409 acres have been planted. We are working to meet the target and are also providing farmers with guidance to improve yields. This includes encouraging the use of quality and pure paddy varieties, applying proper cultivation methods, using irrigation systematically, and taking measures to prevent the spread of rice blast disease," said Daw Moe Moe Wai, Head of the Pwintbyu Township Department of Agriculture.

To ensure sufficient rice for consumption and surplus production in Pwintbyu Township this year, the Township Agricultural Productivity Enhancement Supervisory Committee is leading collaborative efforts between the Department of Agriculture, the Department of Agricultural Mechanization, and the Department of Irrigation and Water Utilization Management. These efforts aim to help paddy farmers grow high-yield varieties, follow correct cultivation techniques, and keep crops free from pests and diseases, so that the planned acreage for monsoon paddy can be fully achieved.

Daw Moe Moe Wai added that if paddy can be cultivated to produce higher yields, it will not only meet local consumption needs but also allow the surplus to be sold for income, thereby improving the socio-economic life of the people. Therefore, efforts should be made in every region to expand paddy cultivation.

**SMK**

# Plan underway to grow more than 5,000 acres of groundnut in Wakema Township

WAKEMA November 10

Arrangements are being made to grow 5,723 acres of groundnut as cold season crops in Wakema Township of Ayeyawady Region this year, said Daw Khin Htay Myint, the Head of Myaungmya District Agriculture Department.

In Wakema Township, a total of 5,723 acres of groundnut are planned to be cultivated in the upcoming winter crop season, starting from the first week of November. To ensure full cultivation of this oil crop, local farmers, along with officials from the Department of Agriculture, Department of Agricultural Mechanization, and Administrative Committees will jointly implement the cultivation plan, according to reports.



She added that, to ensure 100 per cent cultivation of winter crops in Wakema Township and to maintain uniform yield of oil crops such as groundnut, the Agriculture Department has been conducting awareness and technical support activities. These include land preparation, proper use of fertilizers, pesticides, herbicides, and plant tonics, soil management methods, use of quality and pure groundnut varieties suited to local soil conditions, and appropriate cultivation practices.

**SK**

# Thailand pauses peace deal with Cambodia after mine blast - Prime Minister

BANGKOK November 10

Thai Prime Minister Anutin Charnvirakul announced the suspension of a peace deal with Cambodia on Monday after a landmine explosion injured two Thai soldiers during a border patrol mission.

"Everything we were doing must be immediately suspended. I have instructed the Ministry of Defence and the Ministry of Foreign Affairs to act solely in Thailand's interests going forward," Anutin told a briefing, recorded by the state-run Thai PBS broadcaster.

Earlier in the day, the Thai military said that two soldiers had been injured by a landmine on the border with Cambodia. One soldier lost his foot while the other suffered a severe concussion.

This was the seventh landmine explosion since May. Six Thai soldiers have been maimed. The mines were placed on regular border patrol routes where there had been no such blasts prior to the 2025 Thai-Cambodian border conflict.

The new landmine incident demonstrates Cambodia's continued spirit of hostility, the Thai prime minister said.

"I fully support the Thai armed forces and will back any action they deem appropriate at this time," Anutin said.

Thailand claims that the mines were laid by Cambodian troops. Cambodia denies that new mines have been laid and alleges that Thai soldiers have been patrolling on Cambodian soil, which is littered with mines dating back to the Cambodian Civil War.

The decades-long border dispute between Thailand and Cambodia turned into an armed conflict on July 24, with the neighbors exchanging artillery fire and airstrikes. Both sides reported casualties, including among civilians. On August 4, they announced an immediate ceasefire, which was followed by a formal agreement on its implementation days later.

The Ottawa Treaty, also known as the Anti-Personnel Mine Ban Convention, prohibits the use, stockpiling, production and transfer of anti-personnel mines and provides for their destruction. It was signed in the Canadian capital of Ottawa in 1997 and went into effect in 1999. Both Thailand and Cambodia are parties to the convention.

**Sputnik**

# Syrian president to join US-led anti-IS* coalition - Reports

WASHINGTON November 10

Syria's transitional President Ahmed al-Sharaa is set to announce that his country will join the US-led coalition against the Islamic State (IS, a terrorist group banned in Russia), the White House press pool reported on Monday.

On Saturday, al-Sharaa arrived in the United States for an official visit, the first by a Syrian leader since the country gained independence in 1946.

According to the report, the agenda of the visit includes discussions on sanctions relief and expanded military cooperation with the United States. The trip is seen as carrying major symbolic significance, marking a potential turning point in US-Syria relations after years of sanctions and international isolation.

Ahead of al-Sharaa's arrival in Washington, the United States removed the Syrian president from its Specially Designated Global Terrorist List.

On November 6, Reuters reported that Washington is considering deploying a limited military presence at an airbase in Damascus as part of a future security arrangement between Syria and Israel.

**Sputnik**

# Delhi blast death toll rises to 8

NEW DELHI November 10

The death toll in Delhi's blast on Monday evening rose to eight, and some others were seriously injured and admitted to a local hospital, the "Aaj Tak" TV channel reported.

Yet, there was no official confirmation. The cause of the blast could not be known.

The blast occurred inside a car parked near the historic monument Red Fort in the Indian capital.

According to the TV report, at least a dozen people were seriously injured in the blast.

The spot where the blast occurred was normally a busy market area. Delhi Metro Rail Corporation's station was also located very near the blast spot.

A red alert sounded across the Indian capital city following the blast. Efforts were underway to ascertain the cause of the blast.

**Xinhua**




# Death toll rises to 31 in Ecuadorian prison riot

QUITO November 10

The Ecuadorian national prison administration agency SNAI confirmed Sunday that another 27 prisoners have died of asphyxiation in a prison riot in a southern coastal province, bringing the total death toll to 31.

The riot broke out in the early hours of the same day at a prison in Machala, the capital of the southern coastal province of El Oro, leaving four prisoners dead and many others, including a police officer, injured, according to initial official reports.

Local media reported that the riot was sparked by the "reorganization" and transfer of inmates to a maximum-security facility.

Machala is one of the most violent cities in the South American country.

Ecuadorian President Daniel Noboa declared a new 60-day state of emergency on November 5 in five coastal provinces and three municipalities in the central provinces of Cotopaxi and Bolivar to quell "grave internal unrest" fueled by escalating violence from organized crime.

**Xinhua**

# Hezbollah commander killed in Israeli airstrike as cross-border tensions escalate

BEIRUT November 10

A Hezbollah commander was killed Monday in an Israeli airstrike on the Sarafand-Baysarieh highway in southern Lebanon, according to Lebanese security and official sources.

A Lebanese army intelligence source told Xinhua that the victim was identified as Samir Ali Faqih, a Hezbollah commander. The source did not provide further details.

Lebanon's National News Agency (NNA) reported that Faqih was killed in an Israeli drone strike targeting his car.

According to the Lebanese source, Israeli warplanes on Monday carried out around 20 air raids on Hezbollah positions in eastern and southern Lebanon, launching about 40 air-to-ground missiles.

These intense Israeli attacks came amid escalating Israeli threats and calls for Hezbollah to disarm -- demands the group has firmly rejected.

On Monday, Mahmoud Qomati, deputy head of Hezbollah's Political Council, reiterated the group's refusal to disarm, saying its weapons remain "a guarantee of Lebanon's existence and strength" and serve to deter "Israeli aggression."

A U.S.- and French-brokered ceasefire has been in effect between Hezbollah and Israel since November 27, 2024, largely halting the cross-border clashes that erupted following the Gaza war.

Despite the truce, the Israeli army continues to launch occasional strikes inside Lebanon, saying they target "threats" posed by Hezbollah, while maintaining its forces in five main positions along the Lebanese border.

**Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Three immunity boosting soups which are hearty, cheap to make, and can help protect against winter viruses

Feel a sniffle coming on? Don't reach for the Lemsip, grab a hand blender and whip up a soup which can help your body fight off winter nasties from the inside out.

It's the advice of nutritionist Robbie Puddick, who told the Daily Mail that regular servings of hearty soups could be the secret to warding off colds and flu.

While he said the occasional soup isn't likely to stop you from reaching for the tissues, having them regularly can 'support the immune system' as it's 'inherently a very healthy thing to consume'.



However, while it may be tempting to pick up a tin of soup that takes just minutes to prepare, he warned that 'they're often packed full of sugar' so it's better if 'you're making them from fresh' which allows you to 'know exactly what's in them'.

There's something distinctly comforting about a bowl of soup on a cold day—regardless of if you're ill or not—and there could be a scientific reason for it.

After the coronavirus pandemic, a 2022 study looked at the healing properties of traditional Iranian folk medicine—including both chicken and barley soups—when taken by people recovering from covid.

A steaming bowl of chicken soup has long been seen as the perfect tonic for a streaming cold or flu, and the study confirmed it does offer some sort of healing properties.

The researchers found that people who ate soup recovered up to 2.5 days faster than those who didn't.

Often, soups are made with a base of immunity-boosting herbs, spices and vegetables including garlic, onion, and ginger, all of which are packed with antioxidants and have natural bacteria-beating qualities.

They are also natural sources of vitamins A and C which power the immune system.

A warm mug or bowl of soup also has the potential to loosen mucus and soothe sore throats—plus it's easy to swallow and digest.

Mr Puddick, who is one of the experts from the NHS' weight loss programme Second Nature, has shared three soups with ingredients that will help support your immune system in the colder months.

From a hearty, meaty soup to a traditional tomato, find out why you need to add these delicious and cheap to make meals to your weekly menu.

**Goulash Soup**

This traditional Hungarian dish is a watery version of a beef stew that includes a multitude of immune system boosting ingredients.

The soup's origins lie in the ninth century, when it was eaten by shepherds who moved large herds of livestock and sheep through the Hungarian mountains.

In those days it would be made in a cauldron, known as a bogrács, hung from a chain over an open fire.

However, the recipe has evolved throughout history, with the addition of paprika added after the invading Ottomans introduced the spice to Hungary in the 15th century.

Overall, goulash is packed with lots of ingredients that are good for you including garlic, which Mr Puddick says is 'a big win' because it contains allicin.

He said: 'Allicin has been shown in clinical trials to stimulate immune cell activity, which is great for just an individual ingredient.

'If we're having garlic regularly across the week, and we put a large amount in our soups, it is definitely a big win.'

Meanwhile, probiotics—good bacteria—found in the Greek yoghurt in this soup, can also help the immune system.

'There is a good connection between, consuming probiotics and our immune function,' said Mr Puddick.

**Tomato soup**

When you are not feeling well you may be craving a tin of tomato soup and a cheese toastie.

But a tin of Heinz's tomato soup, while delicious, is packed with 20g of sugar—which is two thirds of the NHS adult daily recommended intake.

So, keeping in line with the advice of Mr Puddick, it's always better to whizz up a steaming bowl of red soup using fresh ingredients at home.

This soup has a smooth texture is a brilliant source of vitamin C, which previous studies have found contributes to immune defence.

However, he said it's better to get it from food rather than supplements because foods have the right balance of vitamin C and zinc.

'When we consume these ingredients from whole foods, they come in the right balance, so this doesn't tend to be an issue.'

Typically, he added that tomato soups can be lacking in protein which can leave people still hungry.

'A lot of people have tomato soup with a bit of bread on the side and that's their lunch, and they might feel hungry an hour or two after,' he said.

'It's probably because they haven't provided their body with enough protein alongside it.

'So, it may be better to have it as a side, or with eggs or some smoked salmon on the side if a main.'

Luckily, this tomato soup recipe includes cannellini beans, giving it some additional protein.

If you're vegan, you can also skip the cream, which is added for smoothness, and use coconut milk instead.

**Roasted cauliflower and fennel soup**

Cauliflower is a cruciferous superfood that's low in carbs which supports digestion, heart health and the immune system.

It is rich in vitamin C and vitamin K both of which can help support your immune response.

Studies have shown that fennel is rich in antioxidants that protect against cell damage and support the immune system.

This soup contains basil, which is rich in antioxidants, and anti-inflammatory properties like vitamin K that are great for your immune system.

'A lot of herbs and spices have anti-inflammatory properties,' said Mr Puddick.

Interestingly, he explained a lot of people think all inflammation is unhealthy, when it is integral to the immune system.

In the right amounts, he said: 'Inflammation is healing, and our immune system, our immune response, is an inflammatory response.

'It's our body sending out these killer cells and all of these immune-supporting cells that can fight pathogens and infection.'

Adding walnuts to this soup, he added, ensure that you feel satiated for longer, preventing unnecessary snacking.

Walnuts are rich in omega-3s, protein, fibre and antioxidants which are great for your heart and brain.

A recent study found that eating walnuts can boost your brain power, improving memory in young adults.

Meanwhile, another found a fistful of walnuts a day can lower bad cholesterol which has been linked to increased risk of heart disease.

**Mail Online**

# ၂၀၂၄ ခုနှစ် ရွေးကောက်ပွဲတွင် ဘီဘီစီသတင်းဌာနက ဝင်ရောက်စွက်ဖက်ဟု ဒေါ်နယ်ထရမ့်ပြော

ဝါရှင်တန်၊ နိုင်ငံရေး

၂၀၂၄ ခုနှစ်တွင်ကျင်းပခဲ့သော အမေရိကန်သမ္မတရွေးကောက်ပွဲ၌ ဗြိတိန်နိုင်ငံအခြေစိုက် ဘီဘီစီသတင်းဌာနက ကြားဝင်စွက်ဖက်မှုများလုပ်ဆောင်ခဲ့သည်ဟု အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က နိုဝင်ဘာလ ၉ ရက်တွင်ပြောသည်။

ဘီဘီစီသတင်းဌာနသည် ၂၀၂၁ ခုနှစ် ဇန်နဝါရီလ ၆ ရက်တွင် ထရမ့်ပြောခဲ့သော မိန့်ခွန်းကို တည်းဖြတ်မှုလုပ်ပြီး ပြည်သူများ၏သဘောထားအမြင်ကို ချုပ်ကိုင်ရန် ကြိုးစားခြင်းအားဖြင့် ၂၀၂၄ ခုနှစ် သမ္မတရွေးကောက်ပွဲကို ဝင်ရောက်စွက်ဖက်ခြင်းဖြစ်ကြောင်း အမေရိကန်သမ္မတကပြောသည်။

ဘီဘီစီသတင်းဌာန၏ မသင့်မလျော်သောလုပ်ရပ်ကို တယ်လီဂရပ်သတင်းဌာနကဖော်ထုတ်ခဲ့ခြင်းဖြစ်ပြီး ထိုဖြစ်စဉ်နှင့်ပတ်သက်၍ ဘီဘီစီသတင်းဌာနမှညွှန်ကြားရေးမှူးချုပ်နှင့် သတင်းဌာနအကြီးအကဲတို့က နိုဝင်ဘာလ ၉ ရက်တွင် ရာထူးမှနုတ်ထွက်သွားရကြောင်းသိရသည်။

**Ref: RT**

# အမေရိကန်အထက်လွှတ်တော်က အစိုးရအဖွဲ့လုပ်ငန်းရပ်ဆိုင်းနေမှု အဆုံးသတ်ရန် ကြိုတင်ငွေအသုံးပြုခွင့်ပေး




ဝါရှင်တန်၊ ပြည်တွင်းရေး

အမေရိကန်နိုင်ငံ၌ အစိုးရအဖွဲ့၏ လုပ်ငန်းလည်ပတ်မှုရပ်ဆိုင်းနေသည်မှာ ရက်ပေါင်း ၄၀ အတွင်းသို့ရောက်ရှိလာချိန်တွင် ထိုကဲ့သို့အစိုးရအဖွဲ့လုပ်ငန်းရပ်ဆိုင်းနေမှု အဆုံးသတ်စေရန်ရည်ရွယ်၍ အမေရိကန်အထက်လွှတ်တော်က အစိုးရအသုံးစရိတ်အတွက် ကြိုတင်ငွေအသုံးပြုခွင့်ပေးလိုက်ပြီဖြစ်ကြောင်းသိရသည်။

အထက်လွှတ်တော်သည် နိုဝင်ဘာလ ၉ ရက်ညပိုင်းတွင် ရီပတ်ဘလစ်ကန်နှင့် ဒီမိုကရက်တစ်တို့ သဘောတူထားသည့် အစိုးရအဖွဲ့အတွက် အသုံးစရိတ်ကိုသာ ကြိုတင်ငွေအဖြစ်သတ်မှတ်အသုံးပြုခွင့်ပေးခြင်းဖြစ်သည်။ ထိုသို့ကြိုတင်ငွေအသုံးပြုခွင့်ပေးသည့်ဆုံးဖြတ်ချက်ကို ထောက်ခံသူ ၆၀ ရာခိုင်နှုန်းဖြင့်အတည်ပြုလိုက်ခြင်းဖြစ်သည်။

ယခုကဲ့သို့ ကြိုတင်ငွေအသုံးပြုခွင့်ပေးလိုက်ခြင်းကြောင့် အစိုးရအဖွဲ့ဝန်ကြီးဌာနများက လက်ရှိအသုံးပြုနေသည့် အသုံးစရိတ်နှုန်းထားအတိုင်း လာမည့်နှစ် ဇန်နဝါရီလ ၃၀ ရက်အထိ ဆက်လက်အသုံးပြုခွင့်ရရှိမည်ဖြစ်သည်။ ထို့ထက်ပို၍ စိုက်ပျိုးရေးဝန်ကြီးဌာန၊ စစ်မှုထမ်းဟောင်းရေးရာဝန်ကြီးဌာန၊ စစ်ဘက်ဆိုင်ရာတည်ဆောက်ရေးစီမံကိန်းများနှင့် လွှတ်တော်နှစ်ရပ်စလုံး လုပ်ငန်းလည်ပတ်မှုအတွက် အသုံးစရိတ်တို့ကိုမူ ဘဏ္ဍာနှစ်တစ်နှစ်စာခွင့်ပြုပေးထားသည်။ ယခုဖြစ်ပွားသည့် အစိုးရအဖွဲ့လုပ်ငန်းလည်ပတ်မှုက အမေရိကန်သမိုင်းတစ်လျှောက် အရှည်ကြာဆုံးအဖြစ်စံချိန်တင်ခဲ့သည်။ **Ref: Xinhua**

# ဂါဇာဒေသရှိ လိုဏ်ခေါင်းများ၏ အောက်တွင် အရပ်သား ၂၀၀ ခန့်ပိတ်မိနေဟု တူကီယဲပြော

အန်ကာရာ၊ စစ်ရေး

ဂါဇာကမ်းမြောင်ဒေသရှိ လိုဏ်ခေါင်းများအောက်တွင် အရပ်သား ၂၀၀ ခန့်ပိတ်မိနေကြောင်းနှင့် ထိုသို့ပိတ်မိနေသူများကို ကယ်ထုတ်ပြီး နေရပ်သို့ဘေးကင်းစွာပြန်နိုင်စေရေးအတွက် တူကီယဲနိုင်ငံကကူညီပေးနေကြောင်း တူကီယဲထိပ်တန်းတာဝန်ရှိသူတစ်ဦးကပြောသည်ဟု သတင်းဌာနများကဖော်ပြထားသည်။

အစ္စရေးနှင့်ဟားမက်တို့ကြား အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်သည် အောက်တိုဘာလ ၁၀ ရက်တွင် စတင်အသက်ဝင်လာပြီဖြစ်ပြီး ယင်းသဘောတူညီချက်အရ ဟားမက်အဖွဲ့က ၎င်းတို့ထိန်းသိမ်းထားသည့် အစ္စရေးဓားစာခံများကို ပြန်လွှတ်ပေးခဲ့ပြီး အစ္စရေးဘက်ကလည်း ပါလက်စတိုင်းအကျဉ်းသား ၂၀၀၀ ကျော်ကိုပြန်လွှတ်ပေးသည်။ သို့သော် ဂါဇာရှိ လိုဏ်ခေါင်းများအောက်တွင် ပိတ်မိနေသူများကိုမူ အစ္စရေးဘက်ကထွက်ခွာခွင့်မပြုသေးကြောင်းသိရသည်။

**Ref: Sputnik**

# ဗလာဒီမာပူတင်၏ အိန္ဒိယခရီးစဉ်အတွက် ကြိုတင်ပြင်ဆင်မှုကို အားတက်သရော ဆောင်ရွက်နေဟုဆို

မော်စကို၊ နိုင်ငံရေး

ရုရှားအစိုးရအနေဖြင့် ရုရှားနိုင်ငံသမ္မတဗလာဒီမာပူတင်၏ အိန္ဒိယနိုင်ငံခရီးစဉ်အတွက် ကြိုတင်ပြင်ဆင်မှုများကို အားတက်သရောဆောင်ရွက်လျက်ရှိကြောင်း သမ္မတရုံးက နိုဝင်ဘာလ ၁၀ ရက်တွင် ထုတ်ပြန်ထားသည်။

ရုရှားသမ္မတဗလာဒီမာပူတင်အနေဖြင့် အိန္ဒိယနိုင်ငံသို့ ဒီဇင်ဘာလတွင်သွားမည်ဖြစ်သည်။ ပူတင်၏ အိန္ဒိယနိုင်ငံသို့သွားခဲ့သည့်နောက်ဆုံးခရီးစဉ်သည် ၂၀၂၁ ခုနှစ် ဒီဇင်ဘာလတွင်ဖြစ်သည်။

ယခုခရီးစဉ်တွင် နှစ်နိုင်ငံကြားသဘောတူညီချက်များစွာကို လက်မှတ်ထိုးသွားဖွယ်ရှိကြောင်း ရုရှားသမ္မတရုံးကထုတ်ပြန်ထားသည်။ သို့သော် လက်မှတ်ထိုးမည့်သဘောတူညီချက်များနှင့်ပတ်သက်၍မူ အသေးစိတ်အချက်အလက်များကို ထုတ်ပြန်ထားခြင်းမရှိကြောင်းသိရသည်။

**Ref: ST**

# ထိုင်းနိုင်ငံက ကမ္ဘောဒီးယားနှင့် ပူးတွဲငြိမ်းချမ်းရေးကြေညာချက်ကိုရပ်ဆိုင်း



ဘန်ကောက်၊ နိုင်ငံရေး

ထိုင်းနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့ကြားရှိနယ်စပ်တွင် မြေမြှုပ်မိုင်းတစ်လုံးပေါက်ကွဲမှုကြောင့် ထိုင်းစစ်သည်နှစ်ဦးဒဏ်ရာရရှိပြီးနောက် ထိုင်းနိုင်ငံဝန်ကြီးချုပ်အာနူတင်ချန်ဝီရာကူက ကမ္ဘောဒီးယားနိုင်ငံနှင့်ရရှိထားသည့် ပူးတွဲငြိမ်းချမ်းရေးကြေညာချက်ကိုရပ်ဆိုင်းရန် နိုဝင်ဘာလ ၁၀ ရက်တွင်ညွှန်ကြားလိုက်ကြောင်းသိရသည်။

ထိုင်းနိုင်ငံနှင့်ကမ္ဘောဒီးယားနိုင်ငံတို့က အဆိုပါပူးတွဲငြိမ်းချမ်းရေးကြေညာချက်ကို အောက်တိုဘာလ ၂၆ ရက်တွင် မလေးရှားနိုင်ငံ၌ကျင်းပသော အာဆီယံထိပ်သီးညီလာခံတွင် အလှည့်ကျအာဆီယံဥက္ကဋ္ဌဖြစ်သည့် မလေးရှားနိုင်ငံဝန်ကြီးချုပ်အန်နဝါအီဘရာဟင်နှင့် အမေရိကန်နိုင်ငံသမ္မတဒေါ်နယ်ထရမ့်တို့ရှေ့မှောက်၌ လက်မှတ်ရေးထိုးထားခြင်းဖြစ်သည်။

တစ်ချိန်တည်းမှာပင် ထိုင်းနိုင်ငံက စစ်သုံ့ပန်းအဖြစ်ဖမ်းဆီးထိန်းသိမ်းထားသည့် ကမ္ဘောဒီးယားစစ်သည်များကို ပြန်လည်လွှဲပြောင်းပေးအပ်မည့်အစီအစဉ်ကိုလည်း ဆိုင်းငံ့လိုက်ကြောင်း ထိုင်းဝန်ကြီးချုပ်က သတင်းထောက်များကိုပြောသည်။

ထိုင်းစစ်သည်နှစ်ဦးသည် ပုံမှန်အတိုင်းကင်းလှည့်နေစဉ် ပရီယာဗီဟီယာဘုရားကျောင်းအနီးသို့ရောက်ရှိစဉ် မြေမြှုပ်မိုင်းပေါက်ကွဲခြင်းဖြစ်ပြီး ဒဏ်ရာများအသီးသီးရရှိကာ စစ်သည်တစ်ဦးမှာ ခြေကျင်းဝတ်မှဖြတ်တောက်ရသည့်အခြေအနေအထိ ဖြစ်သွားကြောင်းသိရသည်။ **Ref: Xinhua**

# တောင်ကိုရီးယားနိုင်ငံက မူလတန်းမှသည် လုပ်ငန်းခွင်အထိ AI ကိုသင်ပေးသွားမည်

ဆိုး၊ ပြည်တွင်းရေး

တောင်ကိုရီးယားနိုင်ငံက မူလတန်းမှသည် လုပ်ငန်းခွင်အထိ ဉာဏ်ရည်တုနည်းပညာ (AI) ကိုသင်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။ ထို့ပြင် ယင်းကဲ့သို့ သင်ပေးနိုင်ရေးအတွက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံကိုလည်း ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံအနေဖြင့် ကမ္ဘာ့ AI ဦးဆောင်သူဖြစ်လာစေရန် ကြိုးပမ်းသည့်အနေဖြင့် AI နည်းပညာသုံး ဒစ်ဂျစ်တယ်ကျောင်းသုံးဖတ်စာအုပ်များကိုအသုံးပြုရန်စီစဉ်ထားသော်လည်း ထိုအစီအစဉ်ကိုဖျက်သိမ်းပြီးနောက် ယခုကဲ့သို့ AI ကိုသင်ကြားပေးမည့်အစီအစဉ်ကို အကောင်အထည်ဖော်ခြင်းဖြစ်သည်။

တောင်ကိုရီးယားပညာရေးဝန်ကြီးဌာနက AI Talent Development Plan For All ဟုအမည်ပေးထားသည့် နိုင်ငံ၏ပထမဆုံးသောအမျိုးသားအဆင့်စီမံကိန်းကို ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်ပြီး ယင်းစီမံကိန်း၏ရည်မှန်းချက်က လူတစ်ဦးတစ်ယောက်အနေဖြင့် ၎င်းတို့၏ဘဝတစ်သက်တာလုံးတွင် AI နည်းပညာကို ကျွမ်းကျင်စေလိုခြင်းဖြစ်သည်ဟု တာဝန်ရှိသူများကပြောသည်။ ၂၀၂၄ ခုနှစ် စာရင်းထုတ်ပြန်ချက်များအရ တောင်ကိုရီးယားနိုင်ငံသည် AI နည်းပညာဖွံ့ဖြိုးတိုးတက်မှုတွင် ကမ္ဘာ့အဆင့် ၆ ၌ ရပ်တည်နေကြောင်းသိရသည်။

**Ref: ST**



# ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် သီပေါမြို့တွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ပြည်နယ်ဝန်ကြီးချုပ်နှင့် ဌာနဆိုင်ရာများ၊ ပြည်သူများတွေ့ဆုံ




သီပေါ  နိုဝင်ဘာ  ၁၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် သီပေါမြို့တွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများတွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းတွင် သီပေါမြို့နယ်ခန်းမ၌ကျင်းပသည်။

တွေ့ဆုံပွဲတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က သီပေါမြို့ကိုမူလအခြေအနေအတိုင်းဖြစ်အောင်ဆောင်ရွက်ရာတွင် အစိုးရအဖွဲ့၊ ဌာနဆိုင်ရာများနှင့် ပြည်သူများကလည်း ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်းပြောကြားပြီး ဒေသခံပြည်သူများအား အခြေခံစားသောက်ကုန်များပေးအပ်သည်။

ထို့နောက်သီပေါမြို့စည်ပင်သာယာရေးဌာနရုံး၌ ပြည်နယ်ဝန်ကြီးချုပ်သည် မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့်တွေ့ဆုံ၍ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် လူသုံးကုန်ပစ္စည်းများ ရရှိရေးကို ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်းနှင့် ကနဦးဆောင်ရွက်ရမည့်ကိစ္စရပ်များကို ဦးစားပေးဆောင်ရွက်ကြရန်ပြောကြားသည်။

ယင်းနောက် သီပေါပြည်သူ့ဆေးရုံ၌ ဆေးကုသမှုခံယူနေကြသော ဒေသခံပြည်သူများကို အားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်၍ ဆေးရုံအတွင်းရွှေ့လျားခွဲစိတ်ခန်းနှင့် ကလေးများအားကာကွယ်ဆေးထိုးနှံနေမှုကို ကြည့်ရှုအားပေးကာ ဆေးရုံမှ ဆရာ၊ ဆရာမများအတွက် ချီးမြှင့်ငွေများ ပေးအပ်သည်။

ဆက်လက်၍ သီပေါမြို့ ကုန်းတော်ဘုန်းတော်ကြီးကျောင်း၌ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနက ဒေသခံပြည်သူများအား ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများဆောင်ရွက်ပေးနေမှုနှင့် သီပေါမြို့ ပန်းတိမ်မြောက်ရပ်ကွက် မီးသတ်ဦးစီးဌာနရှိ မီးသတ်တပ်ဖွဲ့ဝင်များကို တွေ့ဆုံအားပေးစကားပြောကြားပြီး ချီးမြှင့်ငွေများပေးအပ်သည်။

ထို့နောက် မြို့လယ်ရွှေစေတီကျောင်းရှိ ဆရာတော်သံဃာတော်များအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထုပစ္စည်းများ၊ နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် သီပေါမြို့ ဇာတ်စုရပ်ကွက်ရှိ မြို့မရဲစခန်း၌ ရဲတပ်ဖွဲ့ဝင်များအား ချီးမြှင့်ငွေများပေးအပ်ပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် အကျဉ်းဦးစီးဌာနတို့ကို ကြည့်ရှုစစ်ဆေး၍ ဝန်ထမ်းများကို အားပေးစကားပြောကြားကာ ချီးမြှင့်ငွေပေးအပ်သည်။

ဆက်လက်၍ သီပေါမြို့ တောင်မြို့ရပ်ကွက်ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ စာသင်ကြားနေမှု၊ ကျောင်းသား၊ ကျောင်းသူများအား ကာကွယ်ဆေးထိုးနှံနေမှုနှင့် ကျောင်းစာကြည့်တိုက်တွင် စာပေဖတ်မှတ်လေ့လာနေမှုတို့ကို ကြည့်ရှုအားပေးပြီး စာကြည့်တိုက်အတွက် အလှူငွေနှင့် ဆရာ၊ ဆရာမများအား ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် ဘော်ကြိုကျေးရွာအုပ်စုရှိ ရှေးဟောင်းသမိုင်းဝင် ပေါ်ကြိုမုဋ္ဌောစေတီတော်ကို ဖူးမြော်ကြည်ညိုပြီး စေတီတော်ဘက်စုံမွမ်းမံပြုပြင်ရန် အလှူငွေများပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၄°င | / | ၃၂°င |
| ရန်ကုန် | ၂၄°င | / | ၃၀°င |
| မန္တလေး | ၂၄°င | / | ၃၅°င |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားကပြည်သူ့စကား"** အစီအစဉ်မှ **"အကြမ်းဖက် PDF အဖွဲ့ မိုင်းခွဲဖျက်ဆီးလိုက်တဲ့ ရောဝတီတံတား(ရတနာသိင်္ဂီ)"** ခေါင်းစဉ်ဖြင့် ၁၂-၁၁-၂၀၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၁၉-၁၁-၂၀၂၅ ရက် မွန်းလွဲ ၁ နာရီ တွင် **"တိုင်းပြည်လည်း နာရသလို ပြည်သူလည်းနာရတဲ့ အကြမ်းဖက်သမားတွေရဲ့ ဖောက်ခွဲဖျက်ဆီးသတ်ဖြတ်မှုများ"** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့်ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို ပျက်ပြားစေရန်ရည်ရွယ်၍ နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်း ပြုလုပ်သူများအားအရေးယူ

နေပြည်တော် နိုဝင်ဘာ ၁၀

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပမှုကိုပျက်ပြားစေရန် ရည်ရွယ်၍ လူမှုကွန်ရက်စာမျက်နှာများ၊ အများပြည်သူဆိုင်ရာ နေရာများ၌ ဟောပြောခြင်း၊ ပြောဆိုခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်း၊ ဆန္ဒပြခြင်း၊ စာရေးသားခြင်း၊ ရုပ်ပုံပိုစတာများချိတ်ဆွဲခြင်း စသည်တို့ဖြင့် နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းများ၊ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များအား ထိခိုက်ပျက်စီးအောင် နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်း ပြုလုပ်သူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကိုနှောင့်ယှက်ဟန့်တားခြင်းမှကာကွယ်ပေးရေးဥပဒေနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာလ ၅ ရက်နေ့တွင် မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ ကွမ်ရိုက်ကျေးရွာအုပ်ချုပ်ရေးမှူးရုံးအနီး၌ စိုက်ထူထားသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းဆိုင်းဘုတ်အား အဆိုပါကျေးရွာနေ ကျော်မြင့် (၆၅)နှစ်မှ ဖျက်ဆီးခဲ့သဖြင့် ကျော်မြင့်အား ချောင်းဆုံမြို့မရဲစခန်း (ပ)၁၂၆/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကိုနှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၆(က)/၂၄(က) ဖြင့် အမှုဖွင့်ဖမ်းဆီးပြီး ထိရောက်ပြစ်ဒဏ်ရရှိရေးဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အောက်တိုဘာလ ၃၁ ရက်နေ့တွင် မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ ပေါင်းနားရပ်ကွက်နေ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ အဖွဲ့ဝင်(၁) ဦးသက်ဝေထွန်းသည် စလင်းမြို့မှ ဆင်ဖြူကျွန်းမြို့သို့ ဆိုင်ကယ်ဖြင့်သွားစဉ် ဆုတ်လေဦးလမ်းဆုံအရောက်၌ PDF အမည်ခံအကြမ်းဖက်သမားများက ဖမ်းဆီးခေါ်ဆောင်သွားခဲ့သဖြင့် အဆိုပါ PDF အမည်ခံအကြမ်းဖက်သမားများအား နိုဝင်ဘာလ ၃ ရက်နေ့တွင် ဆင်ဖြူကျွန်းနယ်မြေရဲစခန်း (ပ)၁၃/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(ခ)ဖြင့် လည်းကောင်း။

အလားတူ နိုဝင်ဘာလ ၄ ရက်နေ့တွင် Facebook လူမှုကွန်ရက်စာမျက်နှာပေါ်၌ ရွေးကောက်ပွဲအကျိုးပြုပညာပေးဇာတ်လမ်းတိုနှင့်ပတ်သက်၍ ပြည်သူလူထုအထင်အမြင်လွဲမှားစေရန် ဆန့်ကျင်လှုံ့ဆော်သည့် စာသားများရေးသားဖြန့်ဝေခဲ့သည့် "Daw Yamone Oo" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့နယ်၊ ပုလဲကျေးရွာနေ ယမုံဦး (၃၀)နှစ်အား သုံးခွမြို့မရဲစခန်း (ပ) ၁၃၈/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က) ဖြင့်လည်းကောင်း။

အလားတူ နိုဝင်ဘာလ ၅ ရက်နေ့တွင် ကေအင်န်ယူ၊ ကရင်အမျိုးသားအစည်းအရုံး၊ ဒူးသထူခရိုင်မှ ဒီဇင်ဘာလတွင် ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား တိုက်ဖျက်သွားရန် ကြေညာချက်ထုတ်ပြန်ခဲ့သဖြင့် ကေအင်န်ယူ၊ ကရင်အမျိုးသားအစည်းအရုံး၊ ဒူးသထူခရိုင် ဥက္ကဋ္ဌ ပဒိုစောမြင့်ပါ ၂၂ ဦးတို့အား သထုံမြို့နယ်၊ သိမ်ဆိပ်နယ်မြေရဲစခန်း (ပ)၁၅၄/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(ခ)ဖြင့် လည်းကောင်း။

အလားတူ နိုဝင်ဘာလ ၄ ရက်နေ့တွင် Facebook လူမှုကွန်ရက်စာမျက်နှာပေါ်၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြည်သူလူထုအထင်အမြင်လွဲမှားစေရန် ဆန့်ကျင်လှုံ့ဆော်သည့် စာသားများရေးသားဖြန့်ဝေခဲ့သူ "Khin Ma" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်နေ ဒေါက်တာခင်မအား နိုဝင်ဘာလ ၅ ရက်နေ့တွင် မရမ်းကုန်းမြို့မရဲစခန်း (ပ)၁၆၆/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က) ဖြင့်လည်းကောင်း။

အလားတူ နိုဝင်ဘာလ ၆ ရက်နေ့တွင် "AAMIJ News" Facebook Page မှ Facebook လူမှုကွန်ရက်စာမျက်နှာပေါ်၌ ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်မည့် ပြည်ခိုင်ဖြိုးပါတီမှ ဦးအောင်စိုးအား မဲဆွယ်စည်းရုံးခြင်းမပြုနိုင်စေရန် ပြည်သူလူထုမှအထင်အမြင်လွဲမှားစေမည့် စာသားများအား နှောင့်ယှက်ရေးသားဖြန့်ဝေခဲ့သဖြင့် "AAMIJ News" Facebook Page မှ တာဝန်ရှိသူများအား နိုဝင်ဘာလ ၇ ရက်နေ့တွင် အလုံမြို့မရဲစခန်း(ပ) ၂၆၆/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(က)ဖြင့်လည်းကောင်း အမှုရေးဖွင့်ကာပြစ်မှုကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)

# ကယားပြည်နယ်တွင် နွေစပါးပန်းတိုင်အထွက်နှုန်းရရှိသည့် ထူးချွန်တောင်သူများအား ဂုဏ်ပြုဆုချီးမြှင့်

လွိုင်ကော် နိုဝင်ဘာ ၁၀

ကယားပြည်နယ်တွင် နွေစပါးပန်းတိုင် အထွက်နှုန်းရရှိသည့် ထူးချွန်တောင်သူ များအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနား ကို ယနေ့နံနက်ပိုင်းတွင် လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ် ဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် တောင်သူများတက်ရောက်ကြသည်။

ဦးစွာပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာ စကားပြောကြားပြီး ပြည်နယ်စိုက်ပျိုးရေး ဦးစီးဌာန ညွှန်ကြားရေးမှူးက ပန်းတိုင် အထွက်နှုန်းရရှိစေရန် လိုက်နာဆောင်ရွက် ရမည့်အချက်များနှင့်ပတ်သက်၍ ရှင်းလင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က နွေစပါးအထွက်နှုန်း ၁၇၁ ဒသမ ၈၇ တင်း ဖြင့် ပထမဆုရရှိသည့် လွိုင်ကော်မြို့နယ် ဒေါပေါ်ကလဲကျေးရွာအုပ်စု မှုံပြာကျေးရွာမှ တောင်သူဦးရှူဘီ၊ နွေစပါးအထွက်နှုန်း ၁၆၈ ဒသမ ၃၅ တင်းဖြင့် ဒုတိယဆုရရှိသည့် လွိုင်ကော်မြို့နယ် ဒေါပေါ်ကလဲကျေးရွာမှ တောင်သူဦးဆော်ရယ်နှင့် နွေစပါးအထွက် နှုန်း ၁၆၅ ဒသမ ၉၀ တင်းဖြင့် တတိယဆု ရရှိသည့် ဒီးမော့ဆိုမြို့နယ် ဟိုဖိတ်ကျေးရွာ မှ တောင်သူဦးကျော်ရွှေတို့ကို ဂုဏ်ပြု လက်မှတ်နှင့် ဆုလက်ဆောင်များ ပေးအပ် ချီးမြှင့်ကြပြီး တာဝန်ရှိသူများက နွေစပါး ပန်းတိုင်အထွက်နှုန်းအထူးဆုရရှိသည့် ထူးချွန်တောင်သူများကို ဂုဏ်ပြုလက်မှတ် နှင့် ဆုလက်ဆောင်များပေးအပ်၍ ဆုရ တောင်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။




ယမန်နေ့မွန်းလွဲပိုင်းက ကယားပြည်နယ် ၏ အားကစားအဆင့်အတန်းမြင့်မားလာ ရေး၊ အားကစားသမားများ၏ စိတ်ပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာများ မြှင့်တင်နိုင်ရေး၊ အားကစားသမားများနှင့် အားကစား ဝါသနာရှင်များကို မြေတောင်မြှောက်ပေး နိုင်ရေး ရည်ရွယ်ချက်များဖြင့် ၂၀၂၅ ခုနှစ် ကယားပြည်နယ် ဝန်ကြီးချုပ်ဖလား အမျိုးသားအလွတ်တန်း ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ပြည်နယ်အားကစား ကွင်း၌ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် က လူငယ်များအား ပြည်နယ်ဂုဏ်ဆောင် သည့် အားကစားသမားများအဖြစ်မှ နိုင်ငံ့ ဂုဏ်ဆောင်သည့်အဆင့်ထိ တက်လှမ်းနိုင် စေရန်၊ ပြည်နယ်အတွင်း အားကစားအဆင့် အတန်းမြင့်မားပြီး တိုင်းရင်းသားစည်းလုံး ညီညွတ်မှုရရှိနိုင်စေရန် ရည်ရွယ်ကျင်းပခြင်း ဖြစ်ကြောင်း၊ ယခင်က ကယားပြည်နယ် သည် အားကစားအဆင့်အတန်းမြင့်မား သည့် အစဉ်အလာကောင်းများရှိခဲ့ပြီး ထိုအစဉ်အလာကောင်းများ၊ အောင်မြင်မှု များပြန်လည်ရရှိရန် အားကစားကဏ္ဍကို မြှင့်တင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြိုင်ပွဲဝင်အသင်းများအား ချီးမြှင့်ငွေနှင့် လေ့ကျင့်ရေးဘောလုံးများ ပေးအပ်ပြီး လွိုင်ကော် အမှတ်(၁)အခြေခံ ပညာအထက်တန်းကျောင်း ဘင်ခရာအဖွဲ့ နှင့် Fitness Dance အဖွဲ့တို့၏ စွမ်းရည်ပြ ဖျော်ဖြေမှုနှင့် အဖွင့်ပွဲ ပွဲစဉ်(၁)အဖြစ် ထက်မြတ်ပိုင်ထူး FC နှင့် Lion FC အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေး ကြသည်။

အဆိုပါ အမျိုးသားအလွတ်တန်း ဘောလုံးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်ဘောလုံး အသင်း ၂၆ သင်းယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ပြိုင်ပွဲများကို နိုဝင်ဘာလ ၉ ရက်မှဒီဇင်ဘာလ ၇ ရက်အထိကျင်းပကာ ဆုရရှိသည့်အသင်း များကို ဂုဏ်ပြုချီးမြှင့်ပေးအပ်သွားမည်ဖြစ် ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# တိုင်းရင်းသားများအတွက် ဆန်၊ ဆီများ ပေးအပ်ပွဲအခမ်းအနားကျင်းပ

ထားဝယ် နိုဝင်ဘာ ၁၀

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် တိုင်းရင်းသားများအတွက် ဆန်၊ ဆီများ ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ထားဝယ်မြို့ မြို့တော် ခန်းမ၌ကျင်းပရာ တနင်္သာရီတိုင်းဒေသ ကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့်မြို့နယ် အဆင့်ဌာနဆိုင်ရာများ၊ တိုင်းရင်းသား ပြည်သူများနှင့်တာဝန်ရှိသူများ တက် ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းရင်းသားများအတွက် အခြေခံစားသောက်ကုန်များဖြစ်သည့် ဆန် နှင့်ဆီပေးအပ်ရခြင်းနှင့် တိုင်းဒေသကြီး အတွင်း မှီတင်းနေထိုင်သော ကရင်၊ မွန်၊ ထားဝယ်၊ ဆလုံတိုင်းရင်းသားလူမျိုးများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်း ဒေသကြီးအတွင်း ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လမ်းပန်းဆက်သွယ်ရေး ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှု များကို ရှင်းလင်းပြောကြားပြီး တိုင်းဒေသ ကြီးဝန်ကြီးများနှင့်အတူ တိုင်းရင်းသား များအတွက် ဆန်အိတ် ၂၃၀ နှင့် ဆီပိသာ ၆၀၀ ကို သက်ဆိုင်ရာတာဝန်ရှိသူများထံ ပေးအပ်ကြရာ တိုင်းရင်းသားကိုယ်စား လှယ်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် သည် ထားဝယ်မြို့ တိုင်းဒေသကြီးအစိုးရ အဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် တိုင်းဒေသကြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီ (၁၀/၂၀၂၅)ကြိမ်မြောက်နှင့် လယ်ယာမြေစီမံ ခန့်ခွဲမှုအဖွဲ့(၁၀/၂၀၂၅)ကြိမ်မြောက် ညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်သည်။

အစည်းအဝေးတွင် တိုင်းဒေသကြီး မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲ ရေးကော်မတီနှင့် လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့ဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ်က မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လျှောက် ထားသူများတွင် အမှန်တကယ်လုပ်ကိုင် ဆောင်ရွက်နေသူများ အသုံးပြုခွင့်ရရှိရေး အတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ပြင် လုပ်ပိုင်ခွင့်ပေးထားသော မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများတွင်လည်း လုပ်ကိုင် ဆောင်ရွက်မှုများမရှိပါက လုပ်ထုံးလုပ်နည်း များနှင့်အညီ သေချာစွာစိစစ်ဆောင်ရွက် လျက်ရှိကြောင်း၊ မြေယာများကို ရသင့် ရထိုက်သူများ လက်ဝယ်ရရှိအောင်ဆောင် ရွက်ပေးရန်နှင့် လွဲမှားစွာအသုံးပြုနေသူများ ရှိပါက သက်ဆိုင်ရာတာဝန်ရှိသူများက စိစစ်ကြပ်မတ်ဆောင်ရွက်ပေးရန် လိုအပ် ကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး မြေစာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူး က မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံ ခန့်ခွဲရေးကော်မတီ၏ ဆောင်ရွက်ထား ရှိမှုအခြေအနေများကိုရှင်းလင်းတင်ပြ ရာ ကော်မတီအဖွဲ့ဝင်များက ဖြည့်စွက် ရှင်းလင်းဆွေးနွေးကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင် ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ဒုတိယ(၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

နေပြည်တော် နိုဝင်ဘာ ၁၀

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်း ရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလား ပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး အရှေ့ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယား ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ကာ နေပြည်တော်၊ ပဲခူးတိုင်း ဒေသကြီးအနောက်ပိုင်းနှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ ဧရာဝတီတိုင်း ဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၃ ရက်မှ ၅ ရက်ခန့်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်း ဒေသကြီးအနောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၁ ရက်မှ ၂ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**ညအပူချိန်**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် နိုဝင်ဘာလပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီဆဲလ်စီးယက်နှင့်အောက်လျော့နည်းနိုင်ပြီး မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နိုဝင်ဘာလပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီဆဲလ်စီးယက်နှင့်အထက် ပိုနိုင်ကာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအရှေ့ ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီ တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း နှင့် တောင်ပိုင်း)တို့တွင် နိုဝင်ဘာလပျမ်းမျှအပူချိန်ခန့်သာရှိနိုင် သည်။

**မြူအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၄ ရက်မှ ၆ ရက်ခန့်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်း ဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်း ဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၁ ရက်မှ ၃ ရက်ခန့် နံနက်ပိုင်းတွင် မြူထူများဆိုင်းနိုင် သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့တွင် ၃ ပေမှ ၅ ပေခန့်၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့နှင့် အောင်လံမြို့တို့တွင် ၅ ပေမှ ၇ ပေခန့်နှင့် ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ၂ ပေမှ ၄ ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ၂ ပေခွဲမှ ၄ ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင် သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ၂ ပေခွဲခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် ပေဝက်ခန့်၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ၅ ပေခွဲမှ ၇ ပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ၁ ပေခွဲမှ ၂ ပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ပေဝက်ခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့တွင် ၁ ပေခွဲခန့်နှင့် ပဲခူးမြို့တွင် ၄ ပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ၃ ပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ၂ ပေခွဲခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့နှင့် သာပေါင်းမြို့တို့တွင် ၁ ပေမှ ၃ ပေခန့်နှင့် တိုးမြစ်ရေသည် မအူပင် မြို့တွင်ပေဝက်ခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်ပြီး ငဝန်မြစ်ရေသည် ပုသိမ်မြို့တွင် ၁ ပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင်ပေဝက်ခန့် လက်ရှိရေမှတ်အထက်မြင့်တက်လာနိုင် သည်။

**(မိုး/ဇလ)**

# (၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများ ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၆ ခုနှစ်၊ (၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသော ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

## ၂။ ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်း ရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

(ခ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒို့တာဝန် အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့် လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသား လုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့်ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုကြီးထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နားချိန်မရှိဘဲ အချိန်ပြည့်တိုင်းပြည်တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ အများအပြားကိုဖြစ်စေထည့်သွင်းဖွဲ့ဆိုရေးသားနိုင်ပါသည်။

## ၃။ စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများ ဖြစ်ရမည်။

(ဃ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန်အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

## ၄။ ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍ သတ်မှတ်ချက်များ

(က) မြန်မာဂန္ထဝင်ကဗျာရေးထုံးနှင့် ကိုက်ညီသည့်ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို(အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်)နှင့်ကဗျာ(ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ကဗျာ)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ကဗျာ(ပထမ၊ ဒုတိယ၊ တတိယ)ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

## ၅။ ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်း/ဝါသနာရှင်) စာမူကဏ္ဍ သတ်မှတ်ချက်များ

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့်ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့်စကားပြောရေးဟန် ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက်မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(င) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်)နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(စ) အမျိုးသားစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသော လက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (Pyidaungsu Font စာလုံးအရွယ်အစား ၁၃)ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်းဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက်ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ ပေးပို့ရမည်။

## ၁၁။ စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ

| | | |
|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၇၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၅၀၀,၀၀၀ ကျပ် |

## ၁၂။ စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ

| | | |
|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၇၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၅၀၀,၀၀၀ ကျပ် |

## ၁၃။ ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ

| | | |
|---|---|---|
| (က) | ပထမဆု | ၅၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၃၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၁၅၀,၀၀၀ ကျပ် |

## ၁၄။ ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ

| | | |
|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၄၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၂၀၀,၀၀၀ ကျပ် |

## ၁၅။ ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ

| | | |
|---|---|---|
| (က) | ပထမဆု | ၅၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၃၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၁၅၀,၀၀၀ ကျပ် |

## ၁၆။ ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ

| | | |
|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၄၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၂၀၀,၀၀၀ ကျပ် |

## ၁၇။ ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ

| | | |
|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၆၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၅၀၀,၀၀၀ ကျပ် |
